# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး ရလဒ်တည်း။ ရောင့်ရဲခြင်းသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၂၀၄)


၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၄ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၄၃)


## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံတွင် NCA စာချုပ် လက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာနိုင်ရေးဆွေးနွေး

စာမျက်နှာ - ၃



## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဘရာဇီးသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃

## ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးတာကို အတိုင်းထက်အလွန် ဝမ်းသာပီတိ ဖြစ်မိပါတယ်

စာမျက်နှာ - ၅

# ရာသီဥတုဆိုးရွားသည့်ကြားမှ ခေါင်လန်ဖူးဒေသသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရိက္ခာများပို့ဆောင်

နေပြည်တော် ဇွန် ၃

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးဒေသ၌ မေလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခေါင်လန်ဖူးမြို့နယ် ရှိန်းခေါင်ကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းကြောင်း၌ မြေပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါဒေသသို့ စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့နိုင်မှုမရှိခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် စားသောက်ရေး အခက်အခဲများဖြစ်ပေါ်လျက်ရှိရာ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရိက္ခာများ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ခေါင်လန်ဖူးဒေသရှိ ပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ဆန်အိတ် ၈၄၀ အား မြစ်ကြီးနားမြို့မှ တပ်မတော်လေယာဉ်များဖြင့် ပူတာအိုသို့ မေ ၂၇ နှင့် ၂၈ ရက်တို့တွင် ပထမအဆင့် သယ်ယူပို့ဆောင်ပေးခဲ့ပြီး ပူတာအိုမှ တစ်ဆင့် မဂွေဇရွာသို့ မေ ၃၀ ရက်တွင် တပ်မတော်မော်တော်ယာဉ်များဖြင့် ဆန်အိတ် ၂၅၀ အား ပို့ဆောင်ခဲ့ရာ ယင်းရွာသို့ ဇွန် ၂ ရက်တွင် ရောက်ရှိကာ ခေါင်လန်ဖူးဒေသသို့ အမြန်ဆုံး ဆက်လက်ပို့ဆောင်နိုင်ရန် စီစဉ်ခဲ့သော်လည်း ရက်သတ္တပတ်နှစ်ပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❖



ခေါင်လန်ဖူးဒေသသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် သယ်ဆောင်လာသော ရိက္ခာများကို သယ်ယူနေကြစဉ် (ဓာတ်ပုံ-မြဝတီ)



## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ဝန်ထမ်းများ၏အရည်အသွေးများ ပိုမိုမြင့်မားလာစေရေး ဆောင်ရွက်သွားမည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရက် ၁၀၀

တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့် စာ-၁၆၊ ၁၇




မြန်မာ့အလင်း

# လက်နက်ကိုင်ပဋိပက္ခလျှော့ချရေးနှင့် စစ်ဘေးရှောင်များ အရေး

ကမ္ဘာတစ်လွှား အတင်းအကျပ်နေရာရွှေ့ပြောင်းခြင်းခံရသူပေါင်း ၅၉ ဒသမ ၂ သန်းခန့်ရှိသည်ဟု ဆိုပါသည်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၏ ၂၀၁၄ အစီရင်ခံစာအရ တရားဝင်ဒုက္ခသည်များအဖြစ် သတ်မှတ်ခံရသူ၊ တိုင်းပြည်မှပြည်ပသို့ ထွက်ပြေးနေရသူပေါင်း ၁၉ ဒသမ ၅ သန်းရှိနေပါသည်။ ၂၀၁၃ ခုနှစ် အစောပိုင်းက ၁၆ ဒသမ ၄ သန်းသာရှိရာမှ မြင့်တက်လာခြင်းဖြစ်သည်။

နိုင်ငံတကာဥပဒေများအရ ဒုက္ခသည်၏ အဓိပ္ပာယ်မှာ သူ၏နိုင်ငံ(သို့) မွေးရပ်မြေများကိုအသားအရောင်၊ ကိုးကွယ်မှု၊ လူမျိုးနှင့် လူမှုအုပ်စုတစ်ခုအတွင်းပါဝင်မှုနှင့် နိုင်ငံရေးယုံကြည်ချက်များကြောင့် သတ်ဖြတ်ညှဉ်းပန်းခြင်းခံရမည်စိုး၍ စွန့်ခွာထွက်ပြေးလာရသူများဟု ဆိုလိုသည်။ ပြည်တွင်းပဋိပက္ခများ၊ သဘာဝဘေးဒဏ်များနှင့် အကြီးစားပရောဂျက်ကြီးများကြောင့် ပြည်တွင်းပြောင်းရွှေ့နေထိုင်ကြရသူ ဒုက္ခသည်များလည်းရှိသည်။ ထိုသို့ ပြည်တွင်းပြောင်းရွှေ့နေထိုင်ကြရသူ (IDP) စုစုပေါင်း ကမ္ဘာပေါ်တွင် ၃၈ ဒသမ ၂ သန်းခန့်ရှိနေပါသည်။ ထိုအထဲမှ ဆီးရီးယားတစ်နိုင်ငံတည်းတွင် IDP ပေါင်း ၇ ဒသမ ၆ သန်းရှိနေသည်။ ကမ္ဘာပေါ်ရှိ ဒုက္ခသည်လေးယောက်တွင် တစ်ယောက် မှာ ဆီးရီးယားမှဖြစ်နေသည်။ ၂၀၁၄ ခုနှစ်ကဲ့သို့ ပြည်တွင်းပဋိပက္ခနှင့် သတ်ဖြတ်မှုများ ပိုမိုဖြစ်ပွားသည့်နှစ်မျိုးတွင် နေ့စဉ် လူ ၄၂၅၀၀ ခန့်မှာ နေရပ်စွန့်ခွာ၍ အကာအကွယ်ရှိရာကို ရှာဖွေနေကြရသည်ဟု ဆိုပါသည်။

ယခုမြန်မာနိုင်ငံတွင်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရန်ကြိုးပမ်းနေသော အချိန်ကာလအတွင်း ပြည်တွင်းပဋိပက္ခများကြောင့် စစ်ဘေးရှောင်ဒုက္ခသည်များ တိုးပွားလျက်ရှိနေပါသည်။ လတ်တလော ပဋိပက္ခများကြောင့် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဒုက္ခသည်ထောင်ဂဏန်းအချို့ရှိပြီး ထိုအထဲတွင် ကျောင်းနေအရွယ် ကလေး ၃၆၀ကျော် ပါဝင်လျက်ရှိသည်။ ကချင်ပြည်နယ် ဆော့လော်မြို့နယ်အတွင်း ရေဘေးကြောင့် မြစ်ကြီးနားသို့ ပြောင်းရွှေ့လာရသူကျောင်းနေအရွယ် စုစုပေါင်း ၁၈၈ ဦးရှိသည်။ ရှမ်းပြည်နယ် မြောက်ပိုင်း SSPP/SSA နှင့် TNCA တအာင်းပလောင်တပ်ဖွဲ့တို့အကြား ပဋိပက္ခကြောင့် သီပေါမြို့နယ်အတွင်းကျောင်းသား ၈၇ ဦး၊ ကျောက်မဲမြို့နယ်အတွင်း ၄၀နှင့် နမ့်ခမ်းမြို့နယ်အတွင်း ၃၇ ဦးရှိနေသည်။ ရခိုင်ပြည်နယ်တွင်လည်း တပ်မတော်နှင့် AA အဖွဲ့တို့အကြား တိုက်ပွဲများကြောင့် ဘူးသီးတောင်၊ ရသေ့တောင်၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း မြို့နယ်များမှ စစ်ဘေးရှောင်ဒုက္ခသည် ၂၀၀၀ ခန့်ရှိနေပါသည်။ ထိုသို့စစ်ဘေးရှောင်လာသော ကလေးငယ်များ ကျောင်းနေနိုင်ရေး၊ ကျောင်းအပ်နိုင်ရေးအတွက် ၎င်းတို့ရောက်နေသည့်ဒေသနှင့် အနီးဆုံးကျောင်းများတွင် လက်ခံသွားရန် ပညာရေးဝန်ကြီးဌာနက စီစဉ်ထားသည့်အတွက် ဝမ်းမြောက်ရပါသည်။

ပြည်တွင်းပဋိပက္ခကြောင့် ထိခိုက်မှုမှာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘက်ပေါင်းစုံဖြစ်သည်။ ပြောရလျှင် ဘဝများစွာ ပျက်စီးသွားစေခြင်းဖြစ်သည်။ ဒုက္ခသည်များ ကူညီထောက်ပံ့ရေးအတွက် ကုန်ကျမှုများရှိမည်ဖြစ်သလို စစ်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများ၊ လူနေအိမ်များအတွက်လည်း ငွေကြေးသုံးစွဲကြရဦးမည်ဖြစ်ပေသည်။ ဘဝများစွာ ပျက်စီးစေသည်ဟုဆိုရာတွင် နှစ်ဖက်တပ်ဖွဲ့ဝင်များ ဘဝပျက်ရသလို ပြည်သူများစွာဘဝပျက်သည့်အပြင် တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်စေသည်အထိ ဖြစ်ရခြင်းဖြစ်ပေသည်။

ယခုအစိုးရက အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့များရော၊ မရေးထိုးရသေးသည့်အဖွဲ့များနှင့်ပါ တွေ့ဆုံ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှင်းပြလျက်ရှိသည်ကို တွေ့ရသည်။ လက်နက်ကိုင်တိုင်းရင်းသားများအားလုံးပါဝင်ပြီး နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ပြန်လည်သုံးသပ်သွားမည်ဟု သိရသည်။

ထိုသို့ ကောင်းမွန်သောအလားအလာများကို တွေ့မြင်နေရသလို တစ်ဖက်တွင်လည်း ပြည်တွင်းပဋိပက္ခကြောင့် ဒုက္ခရောက်ရသူဦးရေ လျော့ကျစေရန် လက်နက်ကိုင်ပဋိပက္ခများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြ ရန် ပြည်သူများက လိုလားလျက်ရှိကြသည်။ မလွဲသာ၍ ပဋိပက္ခဖြစ်လျှင်လည်း အတတ်နိုင်ဆုံး ပြည်သူကို ဝန်ထုပ်ဝန်ပိုးမပေးမိစေရန် လိုအပ်ပါကြောင်း တိုက်တွန်းရပါသည်။ ။



## KG တန်းသင်ရိုးသစ် အခက်အခဲမရှိ စတင်သင်ကြား

ရန်ကုန် ဇွန် ၃

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သင်ရိုးသစ်ဖြစ်သော KG တန်းအတွက် သင်ယူမှု နယ်ပယ်ခြောက်ခုနှင့် ဖွံ့ဖြိုးမှုငါးရပ်တို့ဖြင့် အခက်အခဲမရှိ စတင်သင်ကြားပေးနေပြီဖြစ်သည်။

မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အချို့တွင် ကျောင်းသားမိဘအချို့မှာ KG တန်းအပ်ရာ၌ မွေးစာရင်းမရှိသောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ကျောင်းအပ်နှံရာတွင် အဆင်မပြေမှုအချို့ ရှိနေသော်လည်း ကျောင်းသား လေးသောင်းကျော် အင်းစိန်မြို့နယ်၌ KG တန်းသင်ရိုးသစ်အတွက် အခက်အခဲမရှိ သင်ကြားနေပြီဖြစ်ကြောင်းသိရပြီး နှစ်နှစ်ပြည့်သော ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့ကိုလည်း ပုံနှိပ်စာအုပ်များ အခမဲ့ ယခုနှစ်တွင်ဖြန့်ချိပေးထားပြီးဖြစ်ကြောင်း သိရသည်။

(၁၆၄)

ထင်သာမြင်သာပြုပြင်စရာ

## မြစ်သားမြို့ စမုံမြစ်ရေလျှံကာ ရွာချောင်းထဲသို့ရေများဝင်၍ ဒေသခံများ စိုးရိမ်နေ

မြစ်သား ဇွန် ၃



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် အင်းရင်းကျေးရွာ အုပ်စုတွင် စမုံမြစ်ရေလျှံပြီး ကျေးရွာချောင်းထဲသို့ ဇွန် ၃ရက် နံနက် ၄နာရီခန့်က ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အင်းရင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက “ကျွန်တော်တို့ အင်းရင်းအုပ်စုက ဒီလိုမိုးရာသီဆို မနှစ်ကလွဲလို့ နှစ်တိုင်း စမုံမြစ်က ရေလျှံတယ်။ ရွာချောင်းထဲကို ဝင်ပြီး ရွာထဲကို ရေတက်တယ်။ ရွာပြင်ကစိုက်ခင်းတွေ ရေမြုပ်တယ်။ ပျက်စီးကုန်ပါတယ်။ အရင်နှစ်တွေမှာ ဆည်မြောင်းက အခုလိုရေလျှံတဲ့နေရာတွေကို မြေသားဖို့ပြီး ချောင်းတွေကို စက်တွေနဲ့ဖော်ပေးပါတယ်။ ဒါပေမယ့် ဒီလို အထက်မှာမိုးများရင် ဖို့ထားတဲ့မြေတွေ ဟာပြိုပြီး ရွာထဲကိုရေဝင်တာပါပဲ။ အခုတော့ ရွာထဲကိုရေမဝင်သေးပါဘူး။ ဒါပေမယ့် ရွာချောင်းပေါ်မှာဆောက်ထားတဲ့ တံတားနှစ်စင်းရဲ့ အတက်အဆင်း မြေသားတွေက အခုရေနဲ့တင် ကျံနေပါတယ်။ မိုးဆက်ရွာမယ်ဆိုရင်တော့ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားနိုင်ပါတယ်။ နှစ်တိုင်းလိုလိုဖြစ်နေတဲ့ ဒီရေလျှံတာကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်ပေးဖို့ လိုအပ်နေပါတယ်။ အဲ့ဒီလိုမှမဟုတ်ရင် မိုးရာသီရောက်တိုင်း ကျွန်တော်တို့ စိတ်မအေးရပါဘူး”ဟု ပြောသည်။

အဆိုပါ ရေလျှံလျက်ရှိသောနေရာနှင့် တံတားများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဆည်မြောင်းမှတာဝန် ရှိသူများက လာရောက်ကြည့်ရှုပြီး ရေဆက်မတက်နိုင်ရန်နှင့် တံတားများအချိန်မီ ထိန်းသိမ်းပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## တောင်သူများသို့ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရှာငံ ဇွန် ၃** - ရှာငံမြို့နယ်သည်စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောကြောင့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မျိုးသန့်နှင့် ဝန်ထမ်းများသည် ရှာငံဈေးလာ တောင်သူများအား ဇွန် ၃ ရက်က လက်ဖက်၊လိမ္မော်၊ ထောပတ်စိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကောင်းများ၊ ဟော်ဒိုနှင့် ထုံးကန့်ဆေးရည်ဖျော်စပ်သုံးနည်း နွားချေးမှသဘာဝမြေသြဇာနှင့် ရွက်ဖျန်းမြေသြဇာပြုလုပ် သုံးစွဲနည်း ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

ထွန်းထွန်းဝင်း(ရှာငံ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၃ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဘရာဇီးသံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E.Mr. Alcides G.R. Prates အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံတွင် NCA စာချုပ် လက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပါဝင်လာနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂) နှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation-DPN) တို့သည် ယနေ့ နံနက် ၁၀ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "ကျွန်တော်တို့အားလုံးဟာ တိုင်းပြည်တစ်ပြည်ထဲမှာနေကြတဲ့ ညီအစ်ကိုမောင်နှမတွေဖြစ်ပါတယ်။ အစိုးရသစ်တက်လာတဲ့အခါမှာ ကျွန်တော်တို့တွေက ဘာဖြစ်လို့ အစိုးရသစ်ကို ရွေးချယ်တင်မြှောက်သလဲ၊ အဓိကအခြေခံအကျဆုံးကတော့ တိုင်းပြည်တိုးတက်ရေးနဲ့ ပြည်သူလူထု လက်ခံယုံကြည်ရေး၊ စားဝတ်နေရေးကအစ ကျွန်တော်တို့ တည်ဆောက်နိုင်ဖို့ လိုပါတယ်။ ဒီလိုကိစ္စတွေကလည်း ငြိမ်းချမ်းရေးမရဘဲနဲ့ ကျွန်တော်တို့ ဘယ်လိုမှ မလုပ်နိုင်ပါဘူး။ တစ်ခါတစ်ရံမောင်နှမတွေကြားမှာ စကားမပြောတာတွေရှိမယ်၊ မခေါ်တာတွေရှိမယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ အပြန်အလှန် ယုံကြည်နားလည်မှုတွေ တည်ဆောက်ကြမယ်။ ယုံကြည်နားလည်မှုတွေ တည်ဆောက်ပြီးခဲ့ရင် တကယ့်ကို အားလုံးရဲ့ဆန္ဒနဲ့ပြည့်ဝတဲ့ ဖက်ဒရယ်ပြည်ထောင်စု၊ ငြိမ်းချမ်းသာယာဝပြောတဲ့ နိုင်ငံတော်တစ်ခုတည်ဆောက်ကြမယ်ဆိုပြီး ကျွန်တော်တို့ကို တာဝန်ပေးတာပါ။ ကျွန်တော်တို့ရဲ့ယုံကြည်မှုက ဘာလဲဆိုတော့ အတိတ်ကံပါ။ အတိတ်ကံမှာ ကျွန်တော်တို့က ဆုံစည်းဖို့ပါလာကြပါတယ်၊ တွေ့ဆုံဖို့ပါလာကြပါတယ်။ ဒီအချိန်မှာ ပွင့်ပွင့်လင်းလင်းနဲ့ အားမနာတမ်း ကျွန်တော်တို့ကို တင်ပြပါ၊ ကျွန်တော်တို့ကလည်း ပြန်ပြောပါမယ်"ဟု အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်များ ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့မှ ဗိုလ်ချုပ်ဂွမ်မော်က "ကျွန်တော်တို့ သိချင်တဲ့အချက်တွေ၊ မသိနိုင်သေးတဲ့အချက်တွေ ပြည့်ပြည့်စုံစုံသိရမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ အခုချိန်ထိ ကျွန်တော်တို့က အစည်းအဝေးမှတ်တမ်းတွေနဲ့ သတင်းမီဒီယာတွေကနေ သိရှိရတဲ့အချက်တွေကိုပဲ ကိုယ့်ဘာသာကိုယ် ဝေဖန်သုံးသပ်နေရတာတွေရှိပါတယ်။ ငြိမ်းချမ်းရေးညီလာခံနှင့် ၂၁ရာစု ပင်လုံဆိုတဲ့ခေါင်းစဉ်အပေါ်နဲ့ ရည်ရွယ်ချက်တွေကိုလည်း ကျွန်တော်တို့ သိရှိလိုပါတယ်။ ဒီကနေ့တွေ့ဆုံမှုဟာ ရှေ့အနာဂတ်အတွက် ကောင်းမွန်တဲ့အခြေခံတစ်ခုဖြစ်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ယနေ့အစည်းအဝေးတွင် NCA စာချုပ် လက်မှတ်မရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးညီလာခံတက်ရောက်နိုင်ရေးအတွက် မည်သည့်အခြေအနေတွင် တက်ရောက်ခွင့်ရမည်ဆိုသည့်အချက်ကို အစိုးရကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ယခင်က ချမှတ်ထားသည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် (Political Framework ) ကိုလည်း ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂) အတွင်းရေးမှူး ဦးလှမောင်ရွှေက "ကျွန်တော်တို့ ဒီနေ့ ၁၀ နာရီကနေ ၁၂ နာရီခွဲအထိ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့တွေပါဝင်တဲ့ (UNFC) နဲ့တွေ့ဆုံခဲ့ပါတယ်။ ပြုလုပ်ခဲ့တဲ့ဆွေးနွေးမှုကတော့ NCA လက်မှတ် မရေးထိုးရသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံမှာ ပါဝင်နိုင်ဖို့ လာရောက်ရှင်းပြတဲ့သဘောပါ။ သူတို့ဘက်ကလည်း ဘယ်လိုပါဝင်ကြရမှာလဲဆိုပြီး သိချင်ကြတယ်။ ကျွန်တော်တို့ဘက်ကလည်း တတ်နိုင်သလောက်ရှင်းပြ ဆွေးနွေးခဲ့ပါတယ်။ ဇွန် ၄ ရက်နေ့မှာ ကျွန်တော်တို့ ပြန်လည်ရောက်ရှိပါမယ်။ ညီလာခံ မကျင်းပမီ ကျွန်တော်တို့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ထပ်မံတွေ့ဆုံဖို့တွေ ရှိပါတယ်။ သူတို့အနေနဲ့ကတော့ လက်ရှိအစိုးရသစ်ဖြစ်တဲ့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နဲ့ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ လူထုက ရွေးချယ်တဲ့အစိုးရဖြစ်တယ်။ ယခုလို အစိုးရသစ်က ငြိမ်းချမ်းရေးအတွက် လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေဆီကို ယခုလိုစေလွှတ်တာကို ကြိုဆိုတယ်လို့ပြောပါတယ်" ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂)သည် NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းအဖြေရှာရန်၊ အဆိုပါအဖွဲ့အစည်းများ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံတွင် ပါဝင်နိုင်ရန်နှင့် အထွေထွေကိစ္စရပ်များ တာဝန်ယူဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ် မေ ၃၁ ရက်နေ့က ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂)သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ဇွန် ၂ ရက်နေ့က ရောက်ခဲ့ခြင်းဖြစ်ပြီး ယင်းနေ့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးပါတီ (RCSS/SSA) အဖွဲ့နှင့်လည်း သီးခြားတွေ့ဆုံခဲ့သည်။

**ရဲခေါင်ညွှန့်**

# စင်ကာပူဝန်ကြီးချုပ်နှင့်ဇနီး ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့၏ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးနှင့်ဇနီးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Pisanu Suvanajata အား ယနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ နော်ဝေနိုင်ငံသံအမတ်ကြီး H.E.Ms. Ann Ollestad အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

ထို့ကြောင့် ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများ လတ်တလောစားသောက်ရေး အဆင်ပြေစေရေးအတွက် တပ်မတော်က ရဟတ်ယာဉ်များဖြင့် ပူတာအိုမှ ခေါင်လန်ဖူးဒေသသို့ မေ ၃၁ ရက်တွင် သွားရောက်ပို့ဆောင်ရာ ရာသီဥတုဆိုးရွားမှုများ ကြုံတွေ့ရသဖြင့် အကြိမ်ကြိမ်အခါခါ ကြိုးစားပို့ဆောင်သော်လည်း ခေါင်လန်ဖူးဒေသသို့ မရောက်ရှိဘဲ ပူတာအိုသို့ ပြန်လည်ဆင်းသက်ခဲ့ရပြီး ဇွန် ၁ ရက်နှင့် ၂ ရက်တို့တွင်လည်း ရာသီဥတုအခြေအနေမှာ ကောင်းမွန်မှုမရှိခြင်းကြောင့် ခေတ္တစောင့်ဆိုင်းခဲ့ရသည်။ ဒေသခံပြည်သူများ၏ စားသောက်ရေးအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ခက်ခဲမှုကြုံနေခြင်းကြောင့် ယနေ့တွင် ရာသီဥတုဆိုးရွားလျက်ရှိသည့်ကြားမှ တပ်မတော် လေယာဉ်မှူးများက ရဟတ်ယာဉ်ဖြင့် ရဲဝံ့စွန့်စားစွာ မောင်းနှင်ပျံသန်းပြီး ခေါင်လန်ဖူးဒေသသို့ နှစ်ကြိမ်တိုင်တိုင် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ရာသီဥတုဆိုးရွားသည့်ကြားမှ ခေါင်လန်ဖူးဒေသသို့ ခက်ခဲစွာ ပို့ဆောင်နိုင်ခဲ့ခြင်းကြောင့် ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ် ၈၀၊ ကြက်သွန်နီ ၃၅ ပိဿာ၊ အာလူး ၃၅ ပိဿာ၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ ကြာဆံ ပိဿာ ၃၀၊ ကြက်ဥ အလုံး ၃၀၀ နှင့် ဆားပိဿာ ၅၀ တို့အား အရောက်ပေးပို့နိုင်ခဲ့ပြီး စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများအား ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

# ခေတ်ကာလနှင့် မလျော်ညီတော့သည့်ဥပဒေ၊ နည်းဥပဒေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၁/ ၂၀၁၀) အားရုပ်သိမ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀ ) ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

ပြည်ထောင်စုလွှတ်တော်က အသစ်ပြဋ္ဌာန်းခဲ့သည့် ယင်းဥပဒေတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များ၏ အရည်အချင်းများနှင့်ပတ်သက်၍ ပုဒ်မ ၁၆ (ဇ) ၌ "နိုင်ငံရေးပြစ်မှုဖြင့် သော်လည်းကောင်း၊ အကျင့်စာရိတ္တဆိုင်ရာပြစ်မှုဖြင့်သော်လည်းကောင်း တရားရုံး၏ ပြစ်ဒဏ်စီရင်ချက်ကျခံဖူးသူမဖြစ်စေရ" ဟု ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၆(ဇ)ပါ "နိုင်ငံရေးပြစ်မှုဖြင့်သော်လည်းကောင်း" ဟူသော စကားရပ်သည် ယနေ့ခေတ်အချိန်အခါနှင့် လိုက်လျောညီထွေမှုမရှိကြောင်း သဘောထားသုံးသပ်ရရှိခဲ့ပြီး ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြီးခဲ့သည့်ရွေးကောက်ပွဲအတွေ့အကြုံများအရလည်းကောင်း၊ မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ CSOs များ၏ အကြံပြုချက်များအရလည်းကောင်း ခေတ်ကာလနှင့်မလျော်ညီတော့သည့် ဥပဒေ၊ နည်းဥပဒေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**လှိုင်ကော် ဇွန် ၃**

မြန်မာ-ဂျပန်စင်တာနှင့် ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထူးဟောပြောပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲသို့ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်လေ့လာနိုင်ပြီး အဆိုပါဟောပြောပွဲနှင့် စပ်လျဉ်း၍အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဖုန်း ၀၈၃-၂၁၀၀၅နှင့် ၂၁၄၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မော်ကွန်းမှတ်တမ်းများသည် နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားများဖြစ်

**နေပြည်တော် ဇွန် ၃**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့ညနေပိုင်းက နေပြည်တော် ရာဇသင်္ဂဟလမ်း ကုမုဒြာကြာပန်းအဝိုင်းအနီးရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)သို့ ရောက်ရှိပြီး အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအတွင်း မော်ကွန်းပြခန်း၊ မော်ကွန်း/မှတ်တမ်း သိမ်းဆည်းခန်းများ၊ သုတေသီစာဖတ်ခန်း၊ ဝန်ထမ်းရုံးခန်းများနှင့် အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာန၏ သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက မော်ကွန်းမှတ်တမ်းများသည် နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားများဖြစ်သည့်အတွက် အရေးကြီးကြောင်း၊ သုတေသီများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများအတွက် မှီငြမ်းကိုးကားနိုင်မည့် အဖိုးတန်အထောက်အထားများကို ထိန်းသိမ်းထားသည့် ဌာနဖြစ်၍ နိုင်ငံတော်အတွက် အရေးပါသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ မော်ကွန်းမှတ်တမ်းများ ထိန်းသိမ်းသည့် နည်းပညာ၊ ကျွမ်းကျင်မှုများ ခါးဆက်မပြတ် လက်ဆင့်ကမ်းနိုင်ရန် ဦးစားပေးလေ့ကျင့်ပျိုးထောင်စေလိုကြောင်း၊ ဌာန၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်၍ အချိန်မီတင်ပြပေးစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် (နေပြည်တော်)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်းများတွင် တက်ရောက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြောင်းလဲနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပတ်ဝန်းကျင်နှင့်အညီ မိမိတို့၏လုပ်ငန်းများကို အရည်အချင်းပြည့်ဝစွာ စီမံခန့်ခွဲနိုင်ပြီး ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ကြိုးစားလေ့လာသင်ယူကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်နေမှုဆွေးနွေး

**နေပြည်တော် ဇွန် ၃**

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် Johns Hopkins University မှ Professor Dr. Karl Jackson ဦးဆောင် သောအဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်ထောင်စု ရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံခဲ့သည်။

ဆွေးနွေးစဉ် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်နေမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံက လေ့လာဆောင်ရွက်နေမှုများနှင့် နည်းပညာအကူအညီပေးရေးသင်တန်းများအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နုနုယဉ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါက်တာသီတာဦးနှင့် ဒေါက်တာသီသီမြင့်တို့လည်း တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

လှိုင်ယာဉ်ရောင်းဝယ်ရေး စခန်းရယ်၊ နောက် ကြားပေါက်စခန်းတွေအားလုံး ပေါင်းလိုက်ရင် ယာဉ်အစီးရေက ၆၀၀၀ နဲ့ ၇၀၀၀ ကြားမှာရှိတယ်။ ကျွန်တော်တို့က ယာဉ်အစီးရေ ၁၀၀ ကို တစ်ကေနှုန်း သတ်မှတ်ထားတယ်။ ယာဉ်အစီးရေ ၇၀၀၀ ဆိုတော့ ကေ ၇၀ လောက်လိုချင်တယ်။ အဓိကရပ်ကွက်နဲ့လည်း ဝေးရမယ်။ ကျွန်တော်တို့ ကားလောက အတွေ့အကြုံအရ ကားဆိုတာ မြို့ပြင်ထွက်ပြီးတော့ ထောက်ကြန့်လို နေရာမျိုး၊ ဒဂုံတက္ကသိုလ်လိုနေရာမျိုး နေရာကျယ်ကျယ်ပေါ့။ ကေ ၉၀ လောက်မှာ ရှော့ပင်းမောလ်တွေ၊ ဘဏ်တွေ၊ ကားအလှအပပစ္စည်းဆိုင်တွေကို တစ်နေရာတည်းစုပြီး လုပ်လိုက်မယ်ဆိုရင် ဒီနေရာဟာ အလွန်စည်သွားလိမ့်မယ်။ ရပ်ကွက်မှာရှိတဲ့ ဆင်းရဲနွမ်းပါးသူတွေအားလုံး အလုပ်တွေ ရကြလိမ့်မယ်။ ဒီမှာ ယာဉ်ပိတ်ဆို့မှုကြီး မရှိတော့ဘဲ ဟိုဘက်ကို ပြောင်းသွားလိမ့်မယ်။ ကျွန်တော်တို့တွက်တဲ့ပုံစံကို ဝန်ကြီးကို တင်ပြခဲ့ပါတယ်။ ဝန်ကြီးကတော့ အစိုးရနဲ့ပတ်သက်တဲ့ ဌာနဆိုင်ရာတွေနဲ့ ဆွေးနွေးဦးမယ်လို့ ပြောပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံများ၌ ယာဉ်အိုယာဉ်ဟောင်း ရောင်းဝယ်သောနေရာများ သတ်မှတ်ပေးထားကြောင်းနှင့် နိုင်ငံခြားမှ တင်သွင်းလာသော ယာဉ်များအား ဆိပ်ကမ်းနှင့် နီးအောင်မည်ကဲ့သို့ စီမံဆောင်ရွက်ထားပြီးရောင်းဝယ်နေကြကြောင်းကို တာဝန်ရှိသူများက လေ့လာပြီး စီမံဆောင်ရွက်ပေးစေလိုကြောင်း မော်တော်ယာဉ် အရောင်းအဝယ် ပြုလုပ်နေသူများက ပြောသည်။

လက်ရှိတွင် လှိုင်မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ် ဖွင့်လှစ်ပေးထားပြီး တစ်ပိုင်တစ်နိုင် ယာဉ်ရောင်းဝယ်လိုသူများ မည်သူမဆို အချိန်မရွေး ဝင်ရောက် အရောင်းအဝယ်ပြုနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ မော်တော်ယာဉ် အရောင်းအဝယ်ပြုလုပ်နေသူများကလည်း ယာဉ်များ နေ့စဉ် အဝင်၊ အထွက် ပြုလုပ်နေရသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေကြောင်း ပြောသည်။

# ရနောင်းလူသတ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ မေတ္တာရပ်ခံစာများပေးပို့

နေပြည်တော် ဇွန် ၃

**ထိုင်းနိုင်ငံ ရနောင်းမြို့၌ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်ကဖြစ်ပွားခဲ့သည့် လူသတ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားလေးဦးအား ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးထားသည့် ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ မေတ္တာရပ်ခံစာများ ပေးပို့ခဲ့ကြောင်း သိရသည်။**

ထိုင်းရဲတပ်ဖွဲ့က မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီးစစ်ဆေးရာတွင် နှိပ်စက်ညှဉ်းပန်းပြီး အတင်းအဓမ္မဝန်ခံခိုင်းကြောင်း၊ အခင်းဖြစ်ပွားသည့်နေ့တွင် ဖမ်းဆီးခံထားရသူတစ်ဦးဖြစ်သည့် မောင်မိုးဇင်အောင်သည် ငါးရွေးသော အလုပ်ရုံ၌ ရှိနေခဲ့ကြောင်း၊ အလုပ်ရုံ၌ တပ်ဆင်ထားသည့် စီစီတီဗွီမှတ်တမ်းများရှိပြီး ယင်းမှတ်တမ်းများကို ထိုင်းရဲတပ်ဖွဲ့က ယူဆောင်သွားပြီးနောက် စီစီတီဗွီမှတ်တမ်းတွင် မပါဝင်တော့ကြောင်း၊ ဖွင့်ကြည့်၍မရဟု ထိုင်းရဲတပ်ဖွဲ့က အကြောင်းပြန်ခဲ့ကြောင်း၊ သေဆုံးသူနှင့် ဖမ်းဆီးထားသူများ၏ DNA စစ်ဆေးမှုများနှင့်ပတ်သက်၍လည်း မေးခွန်းထုတ်စရာများ ဖြစ်နေကြောင်း၊ ၎င်းတို့သည် အမှန်တကယ် လူသတ်မှုကျူးလွန်ပါက မြန်မာနိုင်ငံအတွင်းသို့ အလွယ်တကူ ထွက်ပြေးတိမ်းရှောင်နိုင်သော်လည်း ပတ်သက်ခြင်းမရှိသည့်အတွက် ဆက်လက်အလုပ်လုပ်ကိုင်နေကြရာမှ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း စသည့် သတင်းများကို ကြားသိရသည်။

သို့အတွက် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ ဖမ်းဆီးထားသူများအား ထိုင်းနိုင်ငံတရားဥပဒေနှင့်အညီ စစ်ဆေးစီရင်နိုင်ရေး၊ နှိပ်စက်ညှဉ်းပန်းမှု မပြုရေး၊ ၎င်းတို့၏ မိဘများ၊ ရှေ့နေများနှင့် တွေ့ဆုံခွင့်ပြုရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးအတွက် ဆက်လက် ကူညီဆောင်ရွက်ပေးပါရန် ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်တွင် မေတ္တာရပ်ခံစာတစ်စောင်အား အီးမေးလ်ဖြင့် ပေးပို့ခဲ့ကြောင်း၊ အလားတူ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် မေတ္တာရပ်ခံစာတစ်စောင်အား ထပ်မံပေးပို့ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၄.၆.၂၀၁၆ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ - **ပြည်သူ့အတွက်ပထမ ရက် ၁၀၀ ပြည်ထောင်စုရာထူးဝန်အဖွဲ့**
- ၁၁း၁၅ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး (နဂါးမောက်သီးနှင့် မြင်းခွာရွက်)
- ၁၂း၅၀ - တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၄း၃၅ -အနုပညာသတင်းအစီအစဉ်

**ညပိုင်း**

- ၁၅း၃၅ - သဘာဝနှင့်ကိုက်ညီအောင် နေထိုင်ခြင်း
- ၁၅း၄၅ -Euro-2016 Group-B
- ၁၆း၄၅ - နိုင်ငံတကာခြေစမ်းပွဲဘောလုံး ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အမျိုးသမီးလက်ရွေးစင်) (မြန်မာ့လက်ရွေးစင်အသင်းနှင့် ကိုရီးယားလက်ရွေးစင်အသင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀း၃၅ - **ပြည်သူ့အတွက်ပထမရက် ၁၀၀** စာရင်းစစ်ချုပ်ရုံး
- ၂၀း၅၀ - **ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ**
  - -ဂီတတံခါးလေးဖွင့်ပါဦး
  - -ဂီတသမား၊ ဂီတစကား

**မှတ်ချက် ။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# မြန်မာအလုပ်သမားများ ကျန်းမာရေးစာအုပ်၊ အလုပ်သမားစာအုပ်နှင့် နေထိုင်ခွင့်စာအုပ်များ ပြုလုပ်ရန် တရုတ်နိုင်ငံ ရွှေလီမြို့၌ ကြေညာ

**မူဆယ် ဇွန် ၃**

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သွားရောက်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းမြန်မာအလုပ်သမားများ တရုတ်နိုင်ငံ၌ နေထိုင်လုပ်ကိုင်နိုင်ရန် အခက်အခဲများဖြစ်ပေါ်နေကြောင်း ရွှေ့ပြောင်းမြန်မာအလုပ်သမား အသိုင်းအဝိုင်းမှ သိရသည်။

တရုတ်နိုင်ငံ ရွှေလီနှင့် အနီးတစ်ဝိုက်၌ နေထိုင်ကြသော မြန်မာနိုင်ငံသားများသည် ယခင်ကဲ့သို့ စာအုပ်အနီ ပြည်ဝင်ပြည်ထွက်စာအုပ် (Border Pass)၊ တပါတ်ကတ် (Temporary Border Pass) များဖြင့် နေထိုင်၍ မရတော့ကြောင်း၊ တရုတ်နိုင်ငံရှိ နိုင်ငံခြားသားများ ကူညီရေးရုံးမှ နေထိုင်ခွင့်စာအုပ်၊ ကျန်းမာရေး စစ်ဆေးပြီးကြောင်း စာအုပ်၊ အလုပ်သမားစာအုပ်များကို ထုတ်ပေးကြောင်း၊ ယင်းစာအုပ်များရှိမှ နေထိုင်အလုပ်လုပ်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း ရွှေလီမြို့၌ အလုပ်လုပ်ကိုင်နေသော ကိုအောင်လွင်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ ရွှေလီ၊ ကျယ်ခေါင်ရှိ ရဲစခန်းများက မြန်မာနိုင်ငံလုပ်ငန်းရှင်များနှင့် တရုတ်နိုင်ငံလုပ်ငန်းရှင်များဆီသို့လည်း အလုပ်သမားစာအုပ်၊ နေထိုင်ခွင့်စာအုပ် (ကျမ်ကျူကြိမ်) များပြုလုပ်ရန် စာများပေးပို့ထားကြောင်း သိရသည်။

မြန်မာနိုင်ငံသားများ ကိုင်ဆောင်ထားသည့် မှတ်ပုံတင်မူရင်းကို တရုတ်ဘာသာပြန်ဌာန၌ တရုတ်ဘာသာပြန်ထားသော စာတစ်စောင်၊ ပြည်ဝင်ပြည်ထွက်စာအုပ်၌ (Border Pass) သို့မဟုတ် (Temporary Border Pass) ကတ်မူရင်းကို တရုတ်ဘာသာပြန်ဌာန၌ တရုတ်ဘာသာပြန်ထားသော စာတစ်စောင်၊ တရုတ်နိုင်ငံက ထုတ်ပေးသော တရုတ်နိုင်ငံထဲ၌ အလုပ်လုပ်ကိုင်သော လုပ်ငန်းလိုင်စင်မူရင်း/မိတ္တူ၊ တရုတ်နိုင်ငံထဲ၌ နေထိုင်သော အိမ်ရှင်က ထောက်ခံချက်ပေးသော ထောက်ခံစာတစ်စောင် စသည့်အချက်အလက်များပြည့်စုံမှသာ မြန်မာနိုင်ငံသားများကို တရုတ်နိုင်ငံအတွင်း နေထိုင်ခွင့်စာအုပ်ကို ပြုလုပ်ပေးမည်ဖြစ်ပြီး ပြုလုပ်သော မြန်မာနိုင်ငံသားများက တရုတ်ငွေ ယွမ် ၂၄၀ ပေးဆောင်ရမည် ဖြစ်ကြောင်း၊ ယင်းအချက်အလက်များပြည့်စုံပါက တရုတ်နိုင်ငံရှိ နိုင်ငံခြားသားများ ကူညီရေးရုံ မှ တစ်နှစ်သက်တမ်းရှိ ကျန်းမာရေးစာအုပ်၊ တစ်နှစ်သက်တမ်းရှိ အလုပ်သမားစာအုပ်၊ ခြောက်လသက်တမ်းရှိ နေထိုင်ခွင့်စာအုပ်များကို ထုတ်ပေးမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် မပြည့်စုံပါက ထုတ်ပေးမည်မဟုတ်ကြောင်းနှင့် ယင်းနေထိုင်ခွင့်စာအုပ် မပြုလုပ်သော မြန်မာနိုင်ငံသားများကို ဒဏ်ငွေနှင့် ထောင်ဒဏ်ပါ ကျခံရမည်ဟု တရုတ်နိုင်ငံက စာများ ထုတ်ဝေဖြန့်ချိထားကြောင်း ကျယ်ခေါင်ရှိ ထိပ်တန်းအောင် ကုန်စည်ပို့ဆောင်ရေးကုန်ဂိုဒေါင်မှ ဦးအောင်နိုင်က ပြောကြားသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် နေထိုင်ခွင့်စာအုပ်ပြုလုပ်ရန် အခက်အခဲများစွာရှိနေပြီး နေထိုင်ခွင့်စာအုပ်မရှိဘဲ နေထိုင်အလုပ်လုပ်ကိုင်ပါက ဒဏ်ငွေမှာ တစ်ဦးလျှင် တရုတ်ငွေ ယွမ် ၅၀၀ မှ ၂၀၀၀ အထိ သတ်မှတ်ထားပြီး ထောင်ဒဏ်ကိုလည်း နှစ်လနှင့် နှစ်လအထက် သတ်မှတ်ထားကြောင်း သိရသည်။

**ပြည့်စုံ (မူဆယ်)**

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးတာကို အတိုင်းထက်အလွန် ဝမ်းသာပီတိဖြစ်မိပါတယ်

**ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားမှုနှင့် လက်ရှိဆောင်ရွက်ပေးနေမှုတို့ကို ဒေသခံပြည်သူများအား တွေ့ဆုံမေးမြန်းထားသည်-**

**ဦးတင်ရွှေ**
**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေပုံမြို့နယ်**

မြေပုံမြို့ကတော့ ရပ်ကွက်က ၁၄ ခု၊ ကျေးရွာအုပ်စု ၅၁ အုပ်စုနဲ့ ကျေးရွာပေါင်း ၁၅၅ ရွာနဲ့ ဖွဲ့စည်းထားပါတယ်။ မြေပုံမှာ IDP စခန်း ပထမတော့ နှစ်ခုရှိပါတယ်။ တိုင်းရင်းသား IDP ကတော့ ပြန်လည်နေရာချထားပြီး ဖြစ်ပါတယ်။ သူကတော့ အိမ်ထောင်စု ၄၀ ရှိတယ်။ ဒီနေ့ခရီးစဉ်မှာတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အသက်မွေးဝမ်းကျောင်းအတွက် သုံးသိန်းစီထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ ဘင်္ဂါလီ IDP တွေကတော့ ဒီမှာအိမ်ထောင်စုပေါင်း ၆၄၂ စုရှိတယ်။ လူဦးရေကတော့ ၂၉၁၆ ယောက်၊ သူတို့ကိုတော့ WFP က ဆန်၊ ဆီ၊ ပဲ၊ အာဟာရမှုန့်တွေ ထောက်ပံ့ပေးတယ်။ ပြီးတော့ ICRC က လောင်စာတောင့်တွေပေးတယ်။ စားဝတ်နေရေးအတွက် စီစဉ်ပေးထားတယ်။ ဒီမှာလုပ်ရမယ့်အပိုင်းတွေကတော့ မိုးတွင်းကာလမှာ နေနိုင်ဖို့အတွက် အစိုးရအဖွဲ့က သစ်တွေ၊ ဝါးတွေ၊ အခင်းတွေအကုန်လဲပြီးပြီ။ INGO ဖြစ်တဲ့ UNHCR အဖွဲ့ကတော့ အမိုးနဲ့ အောက်ကဖောင်ဒေးရှင်းတိုင်တွေ လုပ်ပြီးတဲ့အတွက် နေထိုင်ရေးအတွက်ကတော့ ပူစရာမလိုတဲ့အနေအထားပါ။ ကျန်းမာရေးစောင့်ရှောက်မှုကတော့ အလှည့်ကျပေါ့။ NGO အဖွဲ့တွေလည်းရှိပါတယ်။ မြို့နယ်က တာဝန်ကျတဲ့ အဖွဲ့တွေကလည်း အပတ်စဉ်လာရောက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးပါတယ်။ အရေးပေါ်ဆိုရင်လည်း စစ်တွေကို အမြန်ယာဉ်တွေနဲ့ ပို့ဆောင်ကုသပေးလျက်ရှိပါတယ်။ စိစစ်ရေးကတ်အနေနဲ့ကတော့ ပထမအကြိမ် စစ်ဆေးပြီးတော့ နိုင်ငံသားတွေထုတ်ပေးထားတာရှိတယ်။ မြို့နယ်စိစစ်ရေးအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရနဲ့ ဗဟိုကစိစစ်ပြီးတော့ အကျုံးဝင်သူတွေကိုတော့ အားလုံးထုတ်ပေးထားပြီးဖြစ်ပါတယ်။ ပညာရေးမှာ မူလတန်းကနေ အလယ်တန်းအထိ ကျောင်းဆောင်(၂) ဆောင်ရှိတယ်။ ဒေသခံဆရာတွေနဲ့ IDP ကဆရာတွေ ပူးပေါင်းပြီးတော့ သင်ကြားနေပါတယ်။


ဦးတင်ရွှေ


ဦးကျော်သိန်း


ဦးမောင်သာစိန်


ဦးမောင်မောင်စိန်


ဦးကျော်လု

**ဦးကျော်သိန်း**
**IDP စခန်း၊ မြေပုံမြို့နယ်**

အစိုးရအဖွဲ့က လိုအပ်တာအားလုံးကူညီတယ်။ စားမှုကတော့ WFP က ဆန်၊ ဆီ၊ ဆား၊ ပဲတော့ ထောက်ပံ့တယ်။ ရေကလုံလောက်ပါတယ်။ ဒီမှာ ကျောင်းသား ကျောင်းသူ အားလုံးပေါင်း ၁၂၀၀ ကျော်ရှိပါတယ်။ အဲဒီမှာ မူလတန်းက အလယ်တန်းအထိ၊ ရှစ်တန်းအထိ သင်ပေးပါတယ်။

**ဦးမောင်သာစိန်၊ မြို့မိမြို့ဖ၊ စစ်တွေမြို့**

အခုလို နိုင်ငံတော်အဆင့် ပြည်ထောင်စုဝန်ကြီးတွေ လာရောက်ပြီးတော့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးတာကို အတိုင်းထက်အလွန် ဝမ်းသာပီတိဖြစ်မိပါတယ်။ စစ်တွေမြို့ပေါ်မှာ တိုးတက်ရာ တိုးတက်ကြောင်းတွေကိုလည်း ကျွန်တော်တို့က တင်ပြထားပါတယ်။

**ဦးမောင်မောင်စိန်**
**သဲချောင်း IDP စခန်း**

ကျွန်တော်တို့စခန်းမှာ ဆိုရင် အိမ်ထောင်စု ၃၀၇၉ စုရှိပါတယ်။ လူဦးရေက ၁၆၇၆၈ ဦး ရှိပါတယ်။ ဒီမှာရှိတဲ့ ရခိုင်အမျိုးသားတွေနဲ့ ကျွန်တော်တို့ မရမာကြီး အမျိုးသားတွေက မြို့ပေါ်က ပစ္စည်းတွေ လာချပေးပါတယ်။ လာချပေးပြီးတော့ ရောင်းဝယ်ဖောက်ကားတာက ရခိုင်တွေလည်းရှိပါတယ်။ မရမာကြီးတွေလည်းရှိပါတယ်။ ဒေသခံတွေလည်းရှိပါတယ်။ ရောင်းဝယ်ဖောက်ကားတာ အကုန်လုံး စည်စည်ကားကားရှိပါတယ်။

**ဦးကျော်လု၊ ဒေသခံပြည်သူ**

NGO အဖွဲ့တွေကလည်း အစိုးရရဲ့ လမ်းညွှန်မှုတွေအရ လိုအပ်တာတွေ တော်တော်များများ ထောက်ပံ့ပေးခဲ့တာတွေ့ရပါတယ်။ ကျွန်တော်တို့အများကြီး ဝမ်းသာပါတယ်။

**သတင်းအဖွဲ့**

## မိုးရာသီစိုက်စရိတ် ထုတ်ချေးရာတွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်စရိတ်ချေးငွေပေးဆပ်ရန် ကျန်ရှိနေသော တောင်သူများရှိနေ



**နေပြည်တော် ဇွန် ၃**

မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို စိုက်ပျိုးချိန်အကိုက် တောင်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိစေရေး ဆောင်ရွက်လျက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပျဉ်းမနားဘဏ်ခွဲမှ တာဝန်ယူထုတ်ချေးပေးရသည့် ပျဉ်းမနားမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့တွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့် တောင်သူများရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ပျဉ်းမနားမြို့နယ်တွင် ငွေကျပ် ၁၃၁၅၉၀၀၀၀၀ ကိုထုတ်ချေးပေးခဲ့ရာ ယခုနှစ် ဇွန် ၂ ရက်အထိ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ ပေးဆပ်ရန်ကျန်ငွေ ၁၆၅၄၉၀၀၀၀ ဖြစ်ကြောင်း၊ ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ ၄၉၄၄၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ရာ ယခုနှစ် ဇွန် ၂ ရက်အထိ ကျေးရွာအုပ်စု ငါးအုပ်စုမှ ပေးဆပ်ရန် ကျန်ငွေ ၇၃၉၅၀၀၀၀ ဖြစ်ကြောင်းနှင့် ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေ ၁၀၉၃၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ရာ ယခုနှစ် ဇွန် ၂ ရက်အထိ ကျေးရွာအုပ်စုနှစ်အုပ်စုမှ ပေးဆပ်ရန်ကျန်ငွေ ၄၉၈၀၀၀၀ ဖြစ်ကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပျဉ်းမနားဘဏ်ခွဲမှ မြို့နယ်ဘဏ်မန်နေဂျာတာဝန်ခံ ကြီးကြပ်ရေးမှူး ဦးစိုးနိုင်က "ကျွန်တော်တို့အနေနဲ့ ချေးငွေစာချုပ်တွေကို ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌနဲ့ အတွင်းရေးမှုးတွေကို ကြိုတင်စာရင်းပြုစုနိုင်ရေးအတွက် ထုတ်ပေးထားပြီးဖြစ်ပါတယ်၊ ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးအဖွဲ့ကနေ ချေးငွေအကျေပေးဆပ်ပြီးသူတွေစာရင်းကို စိစစ်ပြုစုပြီး ချေးငွေတွေ လာရောက် ထုတ်ယူနိုင်ပါတယ်၊ ကျွန်တော်တို့ ပျဉ်းမနားဘဏ်ခွဲအနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေကို အခုလက်ရှိ ဇွန် ၂ ရက်အထိ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုငါးအုပ်စုမှ လူဦးရေ ၂၇၄ ဦး၊ ၈၃၃ ဧကအတွက် တစ်ဧက ငွေကျပ်တစ်သိန်းခွဲနှုန်းနဲ့ ငွေကျပ် ၁၂၄၉၅၀၀၀၀၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု တစ်အုပ်စုမှ လူဦးရေ ၁၅၇ ဦး၊ ၆၃၃ ဧကအတွက် တစ်ဧက ငွေကျပ်တစ်သိန်းခွဲနှုန်းနဲ့ ငွေကျပ် ၉၄၉၅၀၀၀၀ နဲ့ ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတစ်အုပ်စုမှ လူဦးရေ ၆၆ ဦး၊ ၂၂၇ ကေအတွက် တစ်ဧက ငွေကျပ်တစ်သိန်းခွဲနှုန်းနဲ့ ငွေကျပ် ၃၄၀၅၀၀၀၀ ကို ထုတ်ပေးနိုင်ပြီးဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ဇော်မင်းလွင် (ရွှေကုက္ကို)**

## ဂန့်ဂေါမြို့နယ်တွင် ကျေးရွာ ၆၅ အုပ်စုမှ တောင်သူများသို့ မိုးရာသီ သီးနှံထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေ ၂ ဒသမ ၆ ဘီလီယံကျော် ထုတ်ချေးပေးသွားမည်

**ဂန့်ဂေါ ဇွန် ၃**

ဂန့်ဂေါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ၂၀၁၆ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို ရပ်ကွက်/ကျေးရွာများရှိ တောင်သူများထံ မေ ၁၉ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ ဇွန် ၂ ရက်အထိ ကျေးရွာအုပ်စု ၂၈ အုပ်စုရှိ တောင်သူ ၁၆၁၀ ထံ စပါး ၄၆၅၄ ဧက၊ နှမ်း ၃၉၇၆ ဧကတို့အတွက် ငွေကျပ် သိန်း ၇၇၇၆ ဒသမ ၂၀ ကို ထုတ်ချေးပေးပြီးဖြစ်သည်။

ထိုသို့ ထုတ်ချေးပေးလျက်ရှိရာ ယခုနှစ်တွင် ကျေးရွာ ၆၅ အုပ်စုမှ တောင်သူများသို့ မိုးရာသီ သီးနှံထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေကျပ်သိန်းပေါင်း ၂၆၂၈၀ (ကျပ် ၂ ဒသမ ၆ ဘီလီယံကျော်)ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော် ဘဏ်ချေးငွေ ၁၅ သိန်းရပါတယ်၊ သီးနှံမျိုးစေ့၊ မြေဩဇာ စတာတွေ ရှိပြီးဖြစ်နေတော့ ရရှိတဲ့ချေးငွေကို လက်တွန်းထွန်စက်ဝယ်ဖို့ ဆုံးဖြတ်ထားပါတယ်၊ အတိုးနှုန်းသက်သက်သာသာနဲ့ရတော့ စိုက်ပျိုးရေးလုပ်ငန်းအတွက် အင်မတန်အဆင်ပြေပါတယ်၊ လုပ်ငန်းတိုးတက်ဖို့အတွက် အထောက်အကူဖြစ်စေပါတယ်"ဟု ချေးငွေရရှိသည့် တောင်သူတစ်ဦးက ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

## ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ယာဉ်မတော်တဆထိခိုက်မှု ၁၅၄၀၆ မှုဖြစ်ပွား မော်တော်ဆိုင်ကယ်မတော်တဆဖြစ်ပွားမှု ၈၈၀၆ မှု ရှိခဲ့

**နေပြည်တော် ဇွန် ၃**

"နေပြည်တော်ဟာ ဝန်ထမ်းအများစုနေထိုင်တဲ့မြို့ဖြစ်ပါတယ်။ အများအားဖြင့် ဖယ်ရီကားကို အသုံးပြုကြပါတယ်။ တချို့က မော်တော်ဆိုင်ကယ်ကို အသုံးပြုကြတယ်။ ဒါကြောင့် ဖယ်ရီယာဉ်မောင်းတွေလိုက်နာရမယ့် စည်းကမ်းချက်တွေ၊ ဆိုင်ကယ်စီးသူတွေ လိုက်နာရမယ့်စည်းကမ်းတွေ၊ ယာဉ်တိုက်မှုအမှားအမှန်ကိစ္စရပ်တွေကို အဓိကရှင်းလင်းသွားမှာဖြစ်ပါတယ်"ဟု အမှတ် (၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး စိုးမြင့်ဦးက ပြောသည်။

ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲမကျင်းပမီ ထိုသို့ပြောကြားခြင်း ဖြစ်သည်။

"၂၀၁၆ ခုနှစ် မေလ ၁၇ ရက်ကတည်းက တစ်ရက်ကို ဝန်ကြီးဌာန သုံးခုကနေ လေးခုအထိ ဟောပြောခဲ့ပါတယ်။ ဒီနေ့အတွက် သာသနာရေးနဲ့ယဉ်ကျေးမှုဝန်ကြီးဌာနမှာလည်း ဟောပြောရှင်းလင်းခဲ့ပါတယ်။ ဒီနေ့အထိ ဝန်ကြီးဌာနပေါင်း ၁၆ ခုကို ရှင်းလင်းဟောပြောခဲ့ပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေမှာရှိတဲ့ ရုံးသူရုံးသားတွေ ယာဉ်စည်းကမ်း လမ်းစည်းကမ်း သိရှိလိုက်နာပြီး ယာဉ်အန္တရာယ်ဖြစ်ပွားမှုတွေ လျှော့ချနိုင်ဖို့ ရှင်းလင်းဟောပြောရတာဖြစ်ပါတယ်။ ယာဉ်အန္တရာယ်ဖြစ်ပွားမှုရာခိုင်နှုန်း အများစုဟာ ယာဉ်မောင်းသူတွေပေါ့ဆမှုကြောင့် ဖြစ်တယ်ဆိုတာ မှတ်တမ်းတွေအရ သိရတယ်။ အရှိန်ပြင်းပြင်းမောင်းနှင်တာ၊ ကျွမ်းကျင်မှုမရှိဘဲ မောင်းနှင်တာ၊ အရက်သေစာသောက်စားမောင်းနှင်တာ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေကို ချိုးဖောက်မောင်းနှင်တာတွေကြောင့် ဖြစ်ပွားရတာတွေ များတာပါ။ မော်တော်ဆိုင်ကယ်စီးတာပဲဖြစ်ဖြစ်၊ မော်တော်ယာဉ်မောင်းတာပဲဖြစ်ဖြစ်၊ အနှေးယာဉ်နဲ့ ခြေကျင်လျှောက်တာပဲဖြစ်ဖြစ် ယာဉ်စည်းကမ်းလမ်းစည်းကမ်းကိုလိုက်နာမှသာ ယာဉ်အန္တရာယ်ကင်းဝေးမှာ ဖြစ်ပါတယ်"ဟု ၎င်းက ထပ်မံပြောကြားသည်။

ဟောပြောပွဲတွင် အဆိုပါယာဉ်ထိန်းတပ်ဖွဲ့စုမှူးက ယာဉ်မတော်တဆဖြစ်ပွားမှုနှိုင်းယှဉ်ချက်များ၊ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်များ၊ ယာဉ်မတော်တဆဖြစ်ပွားရသည့်အကြောင်းရင်းများ၊ ယာဉ်မတော်တဆဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်မောင်းသူများသတိပြုလိုက်နာရမည့်အချက်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စည်းကမ်းပျက်ယာဉ်များကို စစ်ဆေးအရေးယူဆောင်ရွက်မှုများ၊ မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့် အချက်များ၊ စက်ဘီးနှင့် အနှေးယာဉ်များ လိုက်နာရမည့်အချက်များ၊ ခြေကျင်လျှောက်သူများ(သို့မဟုတ်) လမ်းအသုံးပြုသူများလိုက်နာရမည့် စည်းကမ်းများ၊ လမ်းညွှန်အမှတ်အသားနှင့် သတိပေးလမ်းညွှန်ချက်များကို လိုက်နာအသုံးပြုနိုင်ရေးဆိုင်ရာများကို ပါဝါပွိုင့်ဖြင့်ရှင်းလင်းဟောပြောပြီး တက်ရောက်လာသည့်ဝန်ထမ်းများ၏ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ယာဉ်မတော်တဆထိခိုက်ဖြစ်ပွားမှု ၁၅၄၀၆ မှုရှိပြီး ထိခိုက်ဒဏ်ရာရသူ ၂၅၆၁၄ ဦးနှင့် သေဆုံးသူ ၄၂၃၃ ဦးရှိခဲ့သည်။ ယင်းဖြစ်ပွားခဲ့မှုများမှ မော်တော်ဆိုင်ကယ်မတော်တဆဖြစ်ပွားမှု ၈၈၀၆ မှု ရှိခဲ့ပြီး ဖြစ်ပွားမှု၏ ၅၇ ဒသမ ၁၆ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**မောင်ဇော်(ကလေး)**

# ကျွန်မတို့ခေတ်က ပညာရေးစနစ်

**ခင်စောတင့်**

ကျွန်မတို့ခေတ်အကြောင်း ပြောရလျှင် ကျောင်းနေအရွယ် ရောက်ကြသောအခါ ဒုတိယ ကမ္ဘာစစ်ကြီးနှင့် ရင်ဆိုင်တိုးရပါသည်။ ကျောင်းနေ နောက်ကျခဲ့ရသည်။ စစ်ကြီးပြီးသွားသောအခါ ကျွန်မတို့က အသက်ကိုးနှစ်၊ ၁၀ နှစ် အရွယ်တွေ ဖြစ်နေကြသည်။ ထိုစဉ်က သူငယ်တန်းသုံးတန်းရှိပါသည်။ Lower, Middle နှင့် Upper KG ဖြစ်သည်။ ကျွန်မတို့က ပထမတန်းမှ စတင်တက်ကြရသည်။

ထိုစဉ်က ခရစ်ယာန်သာသနာပြုကျောင်းများ ရှိပါသည်။ St.Paul's မက်သဒစ်၊ St.John's၊ St.Mary's စသည်ဖြင့် အမျိုးသားကျောင်းများဖြစ်သော မြို့မ အထက်တန်းကျောင်း၊ မြို့မ မိန်းကလေးကျောင်း၊ အစိုးရကျောင်းများလည်း ရှိသည်။ ယောက်ျားလေးအထက်တန်းကျောင်း (ယခု လသာ ၁၊ မိန်းကလေးကျောင်း ကမာရွတ် ၁ တို့အပြင် ပရိုက်ဗိတ်ကျောင်းများ၊ မြင့်မေတ္တာ၊ ဒေါ်သာထက်၊ ဆရာဒေါ်ဆင်လှကျောင်းများလည်း ရှိပါသည်။

ကျွန်မတို့က စိန့်ဂျွန်းကွန်ဗင့် ယခု လသာ ၂ မှာ နေကြသည်။ ခရစ်ယာန်မယ်သီလရှင်များ အုပ်ချုပ်ပြီး စည်းကမ်းကြီးပါသည်။ မြန်မာစာမှလွဲပြီး ဘာသာရပ်အားလုံး အင်္ဂလိပ်လိုသင်ကြရသည်။ မာသာကြီးများက သင်ကြားသည်။ မြန်မာစာကိုမူ မြန်မာလူမျိုး ဆရာ ခန့်ထားသည်။ ကျူရှင်ယူစရာ မလိုပါ။ ကျောင်းမှ သင်လိုက်သည်ကို မှန်မှန် ကျက်ရုံနှင့် အောင်ပါသည်။ ကျွန်မတို့ခေတ်က အဋ္ဌမတန်း အောင်ပြီးလျှင် ၁၀ တန်း ဖြေ၍ရပါသည်။ ကျောင်းပျော်ကြသည်။ နှစ်စဉ် အားကစားပြိုင်ပွဲများ၊ Concert ခေါ် ကပွဲများ၊ Fun Fair ပျော်ပွဲရွှင်ပွဲများနှင့် ကျောင်းပိတ်ခါနီးလျှင် အင်းလျားကန်သို့ ပျော်ပွဲစားထွက်ကြရသည်။ အင်္ဂလိပ်လိုပဲ ပြောရသည်။ မြန်မာစကား ပြောနေသည်ကို တွေ့ပါက စုဘူးထဲသို့ ငါးပြားထည့်ရသည်ကို သတိရမိသည်။ မာသာကြီးများ၏ ကျေးဇူးကြောင့် အင်္ဂလိပ်စာတော်ခဲ့ကြသည်။ မြန်မာစာလည်း မညံ့ခဲ့ကြပါ။ စာသင်ကောင်းသော ဆရာ ဆရာမများ ခန့်ထားပေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၁၉၅၆ ခုနှစ်မှာ ၁၀ တန်းစာမေးပွဲ အောင်ကြသည်။ ကျွန်မတို့ အသက်တွေ ၁၈၊ ၁၉ ဖြစ်နေပါပြီ။ ပညာရေးမှာ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ရှိသည်။ ရသည့်အမှတ်ကိုမကြည့်ပါ။ ဝိဇ္ဇာဘာသာနှစ်သက်ပါက ထီးတန်းကောလိပ်တွင် ဥပစာတန်း (က)နှင့် (ခ) နှစ်နှစ်တက်ကြရသည်။ ကြိုက်နှစ်သက်သည့် ဘာသာတွဲကို ယူနိုင်သည်။ ကျွန်မတို့ သူငယ်ချင်းအုပ်စုက သမိုင်း၊ မနုဿဗေဒ၊ အင်္ဂလိပ်စာ၊ မြန်မာစာတွဲ ယူကြသည်။ ကျောင်းဖွင့်စမှာ ကြိုက်နှစ်သက်သည့် အတန်းကို တက်ကြည့်နိုင်သည်။ နှစ်သက်သည့် ဘာသာတွဲကို ပြောင်းယူနိုင်သည်။ စာသင်ကောင်းသည့် ဆရာတွေ အတန်းကို စုပြုံတက်ကြသည်။

သိပ္ပံဘာသာ သင်ယူလိုပါက ရန်ကင်း ကောလိပ်သို့ တက်ကြရသည်။ ဥပစာတန်း (က)နှင့် (ခ) အောင်ပြီးလျှင် ဆေးကျောင်း တက်နိုင်သည်။ အင်ဂျင်နီယာကောလိပ် တက်နိုင်သည်။ စာမလိုက်နိုင်က သို့မဟုတ် ဝါသနာမပါပါက ဝိဇ္ဇာလိုင်းသို့ ပြန်ပြောင်းနိုင်ပါသည်။ ဆေးကျောင်းမှာ မလိုက်နိုင်လျှင် သိပ္ပံဘာသာတွဲသို့ ပြန်ပြောင်းနိုင်သည်။ B.Sc ဘွဲ့ရပါမည်။

သုံးခါကျစနစ်ဖြစ်သည်။ သုံးခါ စာမေးပွဲကျပါက ကျောင်းထွက်ရပါသည်။ စာမေးပွဲက မတ်လမှာ တစ်ကြိမ်၊ ဇွန်လမှာ တစ်ကြိမ် ကျင်းပပေးပါသည်။ အခွင့်အရေးများ အများကြီးပေးထားသော စနစ်ဖြစ်ပါသည်။ သို့သော်လည်း သုံးခါကျ၍ ကျောင်းထွက်သွားရသူတွေလည်းရှိခဲ့ပါသည်။ အင်ဂျင်နီယာ စာမေးပွဲကျလျှင် မန္တလေးမှာ B.Sc တက်နိုင်ကြောင်း ကြားဖူးပါသည်။ B.Sc အောင်ပြီးမှ ဝါသနာပါရာ B.A ပြန်ဖြေ၍လည်း ရပါသည်။ နောက်ပိုင်းမှာ ခွင့်မပြုတော့ပါ။ ထို့အတူ ကျွန်မတို့ခေတ်က အင်္ဂလိပ်အနုစာပေနှင့် မြန်မာအနုစာပေ (Double Literature) ယူခွင့်ရှိခဲ့သော်လည်း နောက်ပိုင်းမှာ ခွင့်မပြုတော့ပါ။ စာတွေကများပြီး ခက်ခဲပါသည်။ ဘွဲ့တစ်ခုရရန် အတန်းမှန်မှန်တက်ပြီး စာကြိုးစားရပါသည်။ မလွယ်ကူလှပါ။

**ကျွန်မတို့က စိန့်ဂျွန်းကွန်ဗင့် ယခု လသာ ၂ မှာ နေကြသည်။ ခရစ်ယာန်မယ်သီလရှင်များအုပ်ချုပ်ပြီး စည်းကမ်းကြီးပါသည်။ မြန်မာစာမှလွဲပြီး ဘာသာရပ်အားလုံး အင်္ဂလိပ် လိုသင်ကြရသည်။ မာသာကြီးများက သင်ကြားသည်။ မြန်မာစာကိုမူ မြန်မာလူမျိုး ဆရာခန့်ထားသည်။ ကျူရှင်ယူစရာ မလိုပါ။ ကျောင်းမှ သင်လိုက်သည်ကို မှန်မှန်ကျက်ရုံနှင့် အောင်ပါသည်။ ကျွန်မတို့ခေတ်က အဋ္ဌမတန်းအောင်ပြီးလျှင် ၁၀ တန်း ဖြေ၍ရပါသည်။**

ကျွန်မတို့ ထီးတန်းကောလိပ်မှ ဥပစာ (က)နှင့် (ခ) တန်း အောင်ပြီးသောအခါ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ပြီး ဝိဇ္ဇာ (က)နှင့် (ခ) တန်းမှာ ပညာသင်ပြီး ဘွဲ့ရရန် ကြိုးစားကြရသည်။ ကြိုက်နှစ်သက်ရာ ဘာသာတွဲများ ယူနိုင်ပါသည်။ ကျွန်မက အင်္ဂလိပ်အနုစာပေ၊ မြန်မာအနုစာပေနှင့် မနုဿဗေဒဘာသာတွဲကို ယူပါသည်။ ရိုးရိုးမြန်မာစာနှင့် အင်္ဂလိပ်စာကိုမူ လူတိုင်းယူရပါသည်။ စာသင်ကောင်းသော ဝါရင့် ဆရာ ဆရာမများနှင့် ကြုံရပါသည်။ သို့သော် စာများက ခက်လှသဖြင့် အတော်ရုန်းကန် ကြိုးစားခဲ့ရပါသည်။ ဘာသာတွဲများ မတူသဖြင့် သူငယ်ချင်းများနှင့်လည်း ကွဲကုန်ပါသည်။ ထိုဘာသာတွဲကို ယူခဲ့သောကြောင့် ဘာသာပြန်သည်ကို ဝါသနာပါခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကြီးကို ကျေးဇူးတင်ပါသည်။ ဘွဲ့တစ်ခု ရရန် မလွယ်ကူခဲ့ကြောင်း ယခုခေတ် လူငယ်များကို သိစေချင်ပါသည်။

B.A ဝိဇ္ဇာဘွဲ့ B.Sc သိပ္ပံဘွဲ့ရပြီးသောအခါမှာ တက္ကသိုလ်တွင် နည်းပြ၊ သရုပ်ပြလုပ်ချင်သူများက M.A နှင့် M.Sc ဆက်တက်ကြပါသည်။ ကျောင်းဆရာဖြစ်လိုသူများက ပညာရေးတက္ကသိုလ်တွင် D.T တစ်နှစ်တက်က ဒီပလိုမာ ရသဖြင့် ဆက်ပြီး တက်ကြပါသည်။ နောင်တစ်နှစ် B.ED ဆက်တက်ပါက B.ED ဘွဲ့ရပြီး ဆရာမ လျှောက်၍ ရသွားပါတော့သည်။ ကျွန်မ၏ သူငယ်ချင်းအများစုက B.ED ဘွဲ့ရပြီး အထက်တန်းဆရာမတွေဖြစ်သွားကြသည်။ ကျွန်မကတော့ အင်္ဂလိပ်စာဌာနတွင် နည်းပြ ဝင်လုပ်ကိုင်ခဲ့ပါသည်။

ထိုအချိန်က ကျောင်းသားသမဂ္ဂ ရှိသည်။ ရွေးကောက်ပွဲများ နှစ်စဉ် ကျင်းပသည်။ နိုင်ငံရေး လုပ်ခွင့်ရှိသည်။ အသင်းအဖွဲ့ အသီးသီး မဲဆွယ်ကြ၊ ကြော်ငြာကြ၊ မဲထည့်ကြနှင့် ပျော်စရာကောင်းလှသည်။ ကျောင်းသားခေါင်းဆောင်များကို လေးစားကြသည်။

ထို့အပြင် အဆောင်တိုင်းတွင် သဟာယနှင့် စာဖတ်အသင်းများရှိကြသည်။ ညစာစားပွဲများ၊ အငြိမ့်များ မပြတ်ပါ။ ဘာသာရပ်အလိုက် အသင်းများရှိသဖြင့် ပျော်ပွဲစား ထွက်ကြပါသည်။ အင်းလျား၊ ရတနာ၊ မာလာ စသော အမျိုးသမီးအဆောင်များနှင့် အမျိုးသား အဆောင်များတွင် ပွဲများနှင့် စည်ကားနေလေ့ ရှိသည်။ အင်ဂျင်နီယာ ကျောင်းသားများက ပြည်ကျောင်းဆောင်နှင့် တကောင်း ကျောင်းဆောင်များတွင် နေကြပြီး ဆေးကျောင်းသားများက လမ်းမတော်ကျောင်းဆောင်များတွင် နေရပါသည်။

ရန်ကုန်တက္ကသိုလ်ကြီးသည် ဘွဲ့နှင်းသဘင် ခန်းမ၊ ဓမ္မာရုံ၊ အားကစားရုံ၊ စာကြည့်တိုက်၊ ဆေးရုံ၊ စာတိုက်၊ စာအုပ်ဆိုင်၊ အပန်းဖြေရိပ်သာ၊ စားသောက်ဆိုင်များနှင့် တက္ကသိုလ်၏ ဂုဏ်အင်္ဂါနှင့် ညီညွတ်ပြည့်စုံခဲ့ပါသောကြောင့် ကျောင်းသူ ကျောင်းသားများ စိတ်ချမ်းသာစွာဖြင့် ပညာသင်ကြားခဲ့ကြရပါကြောင်း ရေးသားလိုက်ပါသည်။ ယခင် ပညာရေးစနစ်မှ ကောင်းနိုးရာရာများကို ယူပြီး ကောင်းမွန်သော ပညာရေးစနစ် ပေါ်ထွန်းလာမည်ဟု မျှော်လင့်ပါသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက်မွေးနေ့အကြို အထိမ်းအမှတ်ဓာတ်ပုံပြပွဲကျင်းပ

**မန္တလေး ဇွန် ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက်မွေးနေ့အကြို အထိမ်းအမှတ်ဓာတ်ပုံပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးရှိ Thiri Art Gallery၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး ဒေါက်တာယုယုမေတို့ တက်ရောက် အားပေးချီးမြှင့်ခဲ့ကြသည်။




အဆိုပါဓာတ်ပုံပြပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာရဲလွင်၊ ဦးမျိုးသစ်နှင့် ဦးစိုင်းကျော်ဇော၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအောင်ဝင်း၊ လျှပ်တစ်ပြက်ဂျာနယ် သတင်းထောက်ချုပ် စောဖိုးခွားနှင့် မန္တလေးမြို့အခြေစိုက် သတင်းဂျာနယ်များမှ မီဒီယာများ၊ ဓာတ်ပုံဝါသနာရှင်ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ခင်းကျင်းပြသထားရှိသော ဓာတ်ပုံများကို ကြည့်၍ ခံစားမှုဖြစ်ပေါ်လာပြီး လူထုခေါင်းဆောင် ပြည်သူလူထုအကျိုးပြုပုဂ္ဂိုလ်၏ နိုင်ငံရေးဘဝသမိုင်းမှတ်တမ်းများဖြစ်သဖြင့် ပီတိ၊ ဝမ်းသာမှု၊ ဂုဏ်ယူမှုများဖြစ်ပေါ်စေ၍ သမိုင်းဝင်ဓာတ်ပုံပြပွဲဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မီဒီယာများ၊ ဓာတ်ပုံဝါသနာရှင် ပြည်သူများနှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားရှိသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်နိုင်ရေးကာလ မြန်မာနိုင်ငံတစ်ဝန်း မိုင်ပေါင်း ၇၀၀၀ ကျော် စည်းရုံးရေးခရီးစဉ် သမိုင်းဝင် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ခင်းကျင်းပြသသော သမိုင်းဝင်လှုပ်ရှားမှုဓာတ်ပုံပြပွဲတွင် ဓာတ်ပုံပညာရှင် စောဖိုးခွားမှ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ သမိုင်းဝင် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံ ၇၁ ပုံ စိတ်ဝင်စားဖွယ်ပြသထားရှိပြီး ပြပွဲကို ဇွန် ၃ ရက်မှ ၅ ရက်အထိ ပြသသွားမည်ဖြစ်သည်။ အဆိုပါပြပွဲမှ ရရှိသောအကျိုးအမြတ်အားလုံးကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ရေရှားပါးသောဒေသများသို့ စက်ရေတွင်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး(မန္တလေး)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇွန် ၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်မှ ဦးငြိမ်းချမ်းဝေ ဦးဆောင်သည့် ကျောင်းသား ကျောင်းသူ ၃၀၉ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးအေးနိုင်(ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်)၏ မိသားစုဝင်တစ်ဦး၊ ဦးအောင်မြင့်(သာယာဝတီမဲဆန္ဒနယ်)၏ မိတ်ဆွေနှစ်ဦး၊ ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)၏ မိတ်ဆွေ ၁၀ ဦး၊ ဦးချင်းဖေလင်း(မံစီမဲဆန္ဒနယ်)၏ မိသားစုဝင်နှစ်ဦး၊ ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲ ဆန္ဒနယ်)၏ မိတ်ဆွေတစ်ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ မိတ်ဆွေခြောက်ဦး စုစုပေါင်း ၃၃၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၃၉)ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

**(သတင်းစဉ်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**ဓနုဖြူ ဇွန် ၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲမှုလျှော့ချရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ ဓနုဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရက် ၁၀၀ စီမံချက်အရ ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာအုပ်စုတွင် ဇွန် ၁ ရက်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို နည်းပညာအထက်တန်းကျောင်း(မအူပင်)နှင့် ပူးပေါင်း၍ စတင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါ သင်တန်းကို ဇွန် ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လိုင်စင်မဲ့ဆိုင်ကယ်များ လိုင်စင်ရရှိအောင်ဆောင်ရွက်ပါက တရားဝင်တင်သွင်းလာသူများနစ်နာမှုရှိခြင်း၊ တရားဥပဒေချိုးဖောက်ကျူးလွန်နေမှုကို အားပေးအားမြှောက်ပြုရာရောက်စေမည်ဖြစ်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်ခြင်းအပါအဝင် ဆိုးကျိုးများဖြစ်နိုင်

**နေပြည်တော် ဇွန် ၃**

ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနှင့် ဗိုလ်အောင်ကျော်တံတားအကြား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သော မြေရိယာ ဧက ၂၀ ခန့်ကို အသုံးပြု၍ ကောင်းမြန်မာအောင် သဘော်ာကုမ္ပဏီက MIC ခွင့်ပြုချက်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေခြင်းအား ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင်ကမ်းနားတစ်လျှောက် သောင်ထွန်းမှုဖြစ်ပေါ်လာနိုင်ခြင်း၊ သဘော်ာရေလမ်းကြောင်းပိတ်ဆို့စေခြင်း၊ ဗိုလ်တထောင် သမိုင်းဝင် စေတီတော်၏ အဆောက်အအုံများ စိုးရိမ်ဖွယ်ဖြစ်ခြင်း၊ ဘုရားဝတ်ပြုသူတို့အား ဆူညံသံများဖြစ်စေခြင်း၊ ရန်ကုန် ကမ်းနားလမ်းတစ်လျှောက် Container ကားများ ပိတ်ဆို့နိုင်စေခြင်း စသည်တို့ကြောင့် အဆိုပါစီမံကိန်းအား ရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်၌ လက်ခံဆွေးနွေးသွားမည်ဖြစ်သည်။

ယင်းအဆိုကို ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီး ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေက အဆိုပါဆောက်လုပ်ရေးလုပ်ငန်းသည် ဗိုလ်တထောင်စေတီနှင့် နီးကပ်စွာတည်ရှိနေပြီး တုန်ခါမှုများကြောင့် စေတီတော်ကြီး၏ ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်လာနိုင်ကြောင်း၊ ယင်းစီမံကိန်းဆောင်ရွက်မှုများကြောင့် ဆက်စပ်ကမ်းနားတစ်လျှောက် သောင်ထွန်းမှုများပိုမိုများပြားနိုင်ကြောင်း၊ ဆိပ်ခံတံတားကို ရေစူးရရန် မြစ်အတွင်းသို့ တိုးချဲ့တည်ဆောက်ပါက သဘော်ာကြီးများအတွက် ရေလမ်းကြောင်းကျဉ်းမြောင်းမှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အနည်ကျမှုပိုမိုများပြားလာနိုင်ပြီး နိုင်ငံတော်မှ သောင်တူးစရိတ် နှစ်စဉ် ပိုမိုကုန်ကျမည်ဖြစ်ကြောင်း၊ ယခု မြစ်အတွင်း တည်ဆောက်လုပ်ကိုင်နေသော အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၂၅ ခုအတွက် လုပ်ကိုင်ဆောင်ရွက်နေမှုကို များစွာထိခိုက်နိုင်ပြီး နိုင်ငံအတွက် ဆိုးကျိုးများဖြစ်ပေါ်လာနိုင်ကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ဇွန် ၇ ရက်နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းရန် ကြေညာထားသည်။

ယနေ့အစည်းအဝေးတွင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို အခွန်ပေးဆောင်စေပြီး လိုင်စင်ထုတ်ပေးရန်နှင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်နေသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြည်တွင်းသို့ နည်းလမ်းအမျိုးမျိုးဖြင့် တရားမဝင်ရောက်ရှိနေသော မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား ကိုးကြိမ်မှတ်ပုံတင်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံချက်ကာလအတွင်း တရားဝင် မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး သတ်မှတ်ကာလကျော်လွန်ပါက နိုင်ငံပိုင်အဖြစ် သိမ်းဆည်း၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ကို နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ပြီးဖြစ်ပါကြောင်း။

လိုင်စင်မဲ့ဆိုင်ကယ်များ လိုင်စင်ရရှိအောင်ဆောင်ရွက်ပါက တရားဝင်တင်သွင်းလာသူများ နစ်နာမှုရှိခြင်း၊ ပြဿနာများ ထိခိုက်လာနိုင်သဖြင့် ကန့်ကွက်မှုများရှိနေခြင်း၊ တရားဥပဒေချိုးဖောက်ကျူးလွန်နေမှုကို အားပေးအားမြှောက်ပြုရာရောက်စေမည် ဖြစ်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်ခြင်း အပါအဝင် ဆိုးကျိုးများဖြစ်နိုင်ပါကြောင်း၊ တရားမဝင် ထပ်မံဝင်ရောက်လာသော လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များကို ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၏ ကြံခင်း-ပခုက္ကူ မီးရထားလမ်း ဖောက်လုပ်ခဲ့ရာ၌ လက်လွတ်ဆုံးရှုံးခဲ့ရသော ကံမမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးပေးလျော်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရာတွင် သိမ်းဆည်းခဲ့သည့် ခန့်မှန်းမြေဧကမှာ ဧက ၄၀၀၀ ခန့်ဖြစ်ပါကြောင်း၊ သိမ်းဆည်းမြေများအနက် မြေဧက ၁၀၁၈ ဒသမ ၁၁ ဧကကို လျော်ကြေးပေးချေထားပြီးဖြစ်ပါကြောင်း၊ ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော သိမ်းဆည်းမြေများ လျော်ကြေးပေးချေနိုင်ရန်အတွက် တောင်သူစာရင်းတိကျစေရေးနှင့် သိမ်းဆည်းမြေများကို တိုင်းတာခြင်း၊ မြေလျော်ကြေးတန်ဖိုးကို ကာလပေါက်ဈေးတွက်ချက်အတည်ပြုခြင်း၊ မြေယာလျော်ကြေး တန်ဖိုးစာရင်းရရှိပါက နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ဘဏ္ဍာငွေလျာထား တောင်းခံခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းများပြီးစီးပါက မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှ လျော်ကြေးတန်ဖိုးများ အတည်ပြုချက်ရရှိပါက ဘဏ္ဍာငွေထည့်သွင်း လျာထားတောင်းခံသွားမည်ဖြစ်ပြီး ရရှိပါက လျော်ကြေးငွေများ ပေးချေခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကပိုင်ဆိုင်သော မြေရေိယာ ဧက ၂၀ ခန့်ကို အသုံးပြု၍ ကောင်းမြန်မာအောင် သဘော်ာကုမ္ပဏီက MIC ခွင့်ပြုချက်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေခြင်းအား ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင်ကမ်းနားတစ်လျှောက် သောင်ထွန်းမှုဖြစ်ပေါ်လာနိုင်ခြင်း၊ သဘော်ာရေလမ်းကြောင်းပိတ်ဆို့စေခြင်း၊ ဗိုလ်တထောင်သမိုင်းဝင်စေတီတော်၏ အဆောက်အအုံများ စိုးရိမ်ဖွယ်ဖြစ်ခြင်း၊ ဘုရားဝတ်ပြုသူတို့အား ဆူညံသံများဖြစ်စေခြင်း၊ ရန်ကုန်ကမ်းနားလမ်းတစ်လျှောက် Container ကားများ ပိတ်ဆို့နိုင်စေခြင်း စသည်တို့ကြောင့် အဆိုပါစီမံကိန်းအား ရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်၌ လက်ခံဆွေးနွေးသွားမည်**

**(သတင်းစဉ်)**

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကန့်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်များရှိသော်လည်း ပြင်ဆင်ချက်များအတိုင်း အတည်ပြုခဲ့

**နေပြည်တော် ဇွန် ၃**

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် တစ်ပိုဒ်ချင်းစီအလိုက် အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းရာ ကန့်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိသော်လည်း ပြင်ဆင်ချက်များအတိုင်း အတည်ပြုခဲ့သည်။



ဦးဇော်မင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက မေ ၂၀ နှင့် ၂၄ ရက်၌ ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အကြံပြုဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာခဲ့ပြီး ယနေ့အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ပြန်လည်ဖတ်ကြားတင်ပြသည်။

ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုပြုချက်များနှင့် ပြင်ဆင်ဖြည့်စွက်ချက်များ အပါအဝင် အချက်ပေါင်း ၂၄ ချက်ရှိသည့်အနက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတင်ပြသည့် အချက်သုံးချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း၊ ကျန်အချက်များသည် မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း လိုအပ်သည်များကို ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပြီးဖြစ်၍ လွှတ်တော်မှ အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ပါရှိသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်များအတိုင်း တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ဆန္ဒကို ရယူအတည်ပြုသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ သဘောဆန္ဒကွဲပြားသည့် မူလဥပဒေပြဋ္ဌာန်းချက်ပါ အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်းကို ပယ်ဖျက်ရန် အဆိုပြုပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒရယူရာ ထောက်ခံမဲ ၁၄၀၊ ကန့်ကွက်မဲ ၆၅ မဲနှင့် ကြားနေမဲ တစ်မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ပယ်ဖျက်ရန် အဆိုပြုပြဋ္ဌာန်းချက်ကို အတည်ပြုကြောင်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အလားတူ ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်း တိုင်ကြားခြင်းကိစ္စနှင့်စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရဟူသော စကားရပ်အစား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည် အဆိုပြုပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒရယူရာ ထောက်ခံမဲ ၁၄၂ မဲနှင့် ကန့်ကွက်မဲ ၆၇ မဲ ရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ပယ်ဖျက်ရန် အဆိုပြုပြဋ္ဌာန်းချက်ကို အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့ပြင် ဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားရမည်ဆိုသည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်ဆိုသည့် အဆိုပြုပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒရယူရာ ထောက်ခံမဲ ၁၃၈ မဲ၊ ကန့်ကွက်မဲ ၆၈ မဲနှင့် ကြားနေ နှစ်မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ပယ်ဖျက်ရန် အဆိုပြုပြဋ္ဌာန်းချက်ကို အတည်ပြုကြောင်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ ဆန္ဒကိုရယူ အတည်ပြုရာ၌ ကန့်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ် အချို့ရှိသော်လည်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်း တစ်ရပ်လုံးကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုပြီးဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြား၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**လွှတ်တော်ကိုယ်စားလှယ်များ သဘောဆန္ဒကွဲပြားသည့် မူလဥပဒေပြဋ္ဌာန်းချက်ပါ အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ် ညဥ့်နေလာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်းကို ပယ်ဖျက်ရန်အဆိုပြု ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒရယူရာ ထောက်ခံမဲ ၁၄၀၊ ကန့်ကွက်မဲ ၆၅ မဲနှင့် ကြားနေမဲ တစ်မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ပယ်ဖျက်ရန်အဆိုပြုပြဋ္ဌာန်းချက်ကို အတည်ပြု**

**(သတင်းစဉ်)**

# ကင်းတားရေလှောင်တမံ ရေရှည်တည်တံ့နိုင်ရေး သဘာဝသစ်တောများအား အဓိကထိန်းသိမ်းကာကွယ်ပေးရန်လိုအပ်

**မလှိုင် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သား မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ကူမဲမြို့ အရှေ့ဘက် ၂၀ မိုင်အကွာ ပန်းလောင်မြစ်ပေါ်၌ တည်ဆောက်ထားသည့် ကင်းတားရေလှောင်တမံသည် မြစ်သားမြို့နယ်ရှိ တောင်သူလယ်သမားများ အဓိကအားကိုးအားထားနေရသည့် ဆည်တမံတစ်ခုအဖြစ် ရေရှည်တည်တံ့ရေးအတွက် လိုအပ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများကပါ ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်လျက်ရှိသည်။

ယခုအခါ ကင်းတားရေလှောင်တမံဘက်စုံစီမံကိန်းများနှင့် ပတ်သက်ပြီး ကင်းတားရေလှောင်တမံစီမံကိန်းကို မပျက်ဆောင်ရွက်ပေးနေသလိုစိုက်ပျိုးရေပေးဝေရန်၊ ရေလွှမ်းမိုးမှုကို ကာကွယ်နိုင်ရန်၊ ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ကင်းတားရေလှောင်တမံ၏ အောက်ဘက် ရှစ်မိုင်အကွာရှိ ကင်းတားရေလွှဲဆည်မှ လက်ဝဲ/လက်ယာနှင့် ပန်းလောင်ရေသောက်စနစ်ရှိ စိုက်ပျိုးမြေဧကများကိုစိုက်ပျိုးရေပေးဝေရန် နိုင်ငံတော်ကတည်ဆောက်ခဲ့သလို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးစပါး ၁၀၀၀၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅၂ ဒသမ ၅၈ သန်း ထုတ်လွှတ်နိုင်ခဲ့ကြောင်း ကင်းတားရေလှောင်တမံမှ သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့ မြစ်သားမြို့နယ်မှာ မြို့ပေါ်(၆)ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၂ အုပ်စု၊ လူဦးရေတစ်သိန်းရှစ်သောင်းကျော် ရှိပါတယ်။ အယ်နီညိုရာသီဥတုကာလတွေမှာ ဒေသခံပြည်သူတွေကို သောက်သုံးရေ၊ စိုက်ပျိုးရေအခက်အခဲမဖြစ်အောင် ဆည်ရေနဲ့ ဆောင်ရွက်ပေးထားပါတယ်"ဟု မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးက ပြောသည်။


ရာသီဥတုရွေ့လျားပြောင်းလဲခြင်း၊ သစ်တောပြုန်းတီးခြင်း၊ မိုးခေါင်ခြင်းနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ရေအသုံးပြုမှု ပိုမိုများပြားလာခြင်း စသည်တို့ကြောင့် ကင်းတားရေလှောင်ပမာဏ လျော့နည်းလာသည်။

ယခုအချိန်တွင် သစ်တောများပြုန်းတီးလာသလို ကင်းတားတမံရေဝပ်ဧရိယာမှ တရားမဝင်သစ်ဆွဲစက်လှေများ သစ်ခုတ်သယ်ယူသူများကို ဟန့်တားဖမ်းဆီးပေးရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၈ ရက်စွဲဖြင့် မြစ်သားမြို့နယ် ရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနများကို တင်ပြခဲ့သော်လည်း သစ်ဆွဲစက်လှေများက လုပ်မြဲတိုင်းလုပ်ကိုင်နေဆဲဖြစ်ပြီး ဧပြီလအတွင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည့် အစည်းအဝေးတစ်ခုတွင်လည်း ကင်းတားရေလှောင်တမံ အနီးရှိ သစ်တောများပြုန်းတီးခြင်းနှင့်ပတ်သက်၍ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုလည်း တင်ပြခဲ့ကြောင်း၊ အဓိကအနေဖြင့် တရားမဝင်သစ်ကားတွေ သွားလာနေသည့် ကင်းတားတမံသွား (၂၀)မိုင် လမ်းပိုင်းမှာ တာဝန်ရှိသူသက်ဆိုင်ရာဌာနများတွင် တာဝန်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးက ပြောသည်။

ပန်းလောင်မြစ်ပေါ်ရှိ ကင်းတားဆည်၊ နက်လွှဲဆည်၊ ကျီးမဲဆည်နှင့် ထုံးကြီးဆည်တို့ကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး လယ်ယာမြေများ ရေလွှမ်းမိုးမှုမှကာကွယ်နိုင်ရန် တစ်နှစ်ပတ်လုံး ရေလိုအပ်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် နှစ်စဉ်လျှပ်စစ်ဓာတ်အားယူနစ်သန်းပေါင်း ၁၆၅ သန်းထုတ်လုပ်ရန် ရည်ရွယ်ချက်များစွာနှင့် ကင်းတားရေလှောင်တမံကို သက်ဆိုင်ရာတာဝန်ရှိသူများက ၁၉၈၁-၁၉၈၂ ခုနှစ်ခန့်တွင်တည်ဆောက်ခဲ့ရာ ၁၉၈၉-၁၉၉၀ ခုနှစ်ခန့်က ပြီးစီးခဲ့သည်။

ရေလှောင်တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ပြီး တမံအမြင့် ၂၃၆ ပေ၊ တမံအလျား ၂၀၃၄ ပေ၊ ရေထုတ်ပြွန်အမျိုးအစားကွန်ကရစ်ဥမင်၊ ရေထုတ်ပြွန်အရွယ်အစား ၂၄ ဒသမ ၆ ပေ၊ ရေထုတ်ပြွန်အလျား ၁၅၂၅ ပေ၊ ရေပိုလွှဲအမျိုးအစား ရေတံခါးတပ် ကွန်ကရစ်ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၁၃၆၁ ဒသမ ၇၀ ဖြစ်ကြောင်း အဆိုပါဆည်မှ တာဝန်ရှိသူထံက သိရသည်။

ထို့အတူ ကင်းတားတမံဘက်စုံစီမံကိန်းကို နိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဂျာမနီနိုင်ငံ လာမေယာအင်တာနေရှင်နယ်ကုမ္ပဏီက တည်ဆောက်ပေးပြီး ၁၉၈၉-၁၉၉၀ ခုနှစ်တွင် စီမံကိန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့သည်ဟု သိရသည်။



ကင်းတားရေလှောင်တမံမှာ မေ ၇ ရက်အထိ ခန့်မှန်းရေလှောင်ပမာဏဟာ ဧကပေ ၁၆၉၂၅၀ ရှိကာ ရေလှောင်တမံရေသောက်ဧရိယာဧက(စိစစ်) ၁၄၁၀၅၀ ရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ် နွေသီးနှံလျာထားဧက မြစ်သားမြို့နယ် တွင် ၃၄၈၁ ဧက၊ ဝမ်းတွင်းမြို့နယ်တွင် ၁၁၁၃၉ ဧကရှိပြီး မိုးစပါး အတွက် ကင်းတားတမံတွင် မိုးစပါးပျိုးထောင်ရေ ၅၇၈၀၇ ဧကပေ ကျန်ရှိကြောင်း ခန့်မှန်းတွက်ချက်မှုအရ သိရသည်။ ၁၀ နှစ်တာ ပျမ်းမျှဝင်ရေ တွက်ချက်မှုအရ မေ၊ ဇွန်၊ ဇူလိုင်လ များအတွင်း ရေဝင်မှုအနေအထားအရ ပျမ်းမျှဧက ပေ ၁၆၃၀၀၀ ရေဝင်ရောက်လာပါက မိုးစပါးဧက ၃၀၀၀၀ ကျော် လျာထား စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ငယ်ငယ်တုန်းကဆိုရင် ကင်းတားတမံအနီးက တောတောင်တွေဟာ စိမ်းစိမ်းစိုစိုနဲ့ သဘာဝအလှတရားတွေနဲ့ အမြဲလှပနေတဲ့ တောတောင်တွေပါ။ ဒီတောတောင်တွေပေါ်မှာဆိုရင် သဘာဝအလျောက်ထွက်ရှိနေတဲ့ စိမ့်စမ်းရေထွက်တွေ၊ သစ်ပင်မျိုးစုံတွေဟာ အလွန်ပေါများလွန်းလို့ ကမ္ဘာလှည့်ခရီးသွားတွေဟာ မပြတ်လာရောက်လေ့လာကြပါတယ်။အခုတော့ တရားမဝင်သစ်ဆွဲလှေတွေ အနယ်နယ်အရပ်ရပ်ကရွှေ့ပြောင်းနေထိုင်သူတွေဟာ သစ်ခုတ်မီးသွေးဖုတ်ပြီး သစ်ပွဲစား တွေဆီပြန်လည်ရောင်းဝယ်မှုတွေ တွေ့လာရပါတယ်။ ဒီလို လုပ်ကိုင်နေတာကြောင့် သစ်တောတွေပြုန်းတီးပြီး ရာသီဥတုတွေ ဖောက်ပြန်လာပါတယ်။ အခု အယ်နီညို ရာသီဥတုကာလမှာလည်း သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် ဘယ်သူကမှလာရောက်ပြီး ကူညီလှူဒါန်းထားတာ မရှိသေးပါဘူး။ ကျွန်တော်တို့ ကံဆည်ကျေးရွာက ပြည်သူတွေဟာ ပန်းလောင်မြစ်ထဲကရေကို အင်ဂျင်စက်တွေနဲ့ မောင်းတင်ပြီး စိုက်ပျိုးကြရပါတယ်။ ဒီလိုသာ သစ်တောတွေ ဆက်လက်ပြုန်းတီးနေမယ်ဆိုရင် ကျွန်တော်တို့ကျေးရွာနေပြည်သူတွေအဖို့ ကိုယ့်ရပ်ရွာကိုစွန့်လွှတ်ပြီး တစ်နယ်တစ်ကျေးကို ဝမ်းစာအတွက် အလုပ်ထွက်လုပ်ရမယ့် အခြေအနေရှိလာပါတယ်။ သစ်တောပြုန်းတီးတဲ့အတွက် မိုးခေါင်ပြီး ဆည်အတွင်း ရေဝင်ရောက်မှုနည်းပါးလာရင် ဒေသခံတောင်သူတွေမှာ ဝမ်းစာအတွက် အခက်အခဲဖြစ်ပေါ်မှာပါ"ဟု ကင်းတားတမံအနီးရှိ ကံဆည်ကျေးရွာမှ အသက် ၅၀ အရွယ်ရှိ တောင်သူတစ်ဦးထံက သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးရွာသွန်းမှုများသဖြင့် ဒေသဖွံ့ဖြိုးရေးဆည်ငယ်တစ်ခု ကျိုးပေါက်

**ကျောက်ပန်းတောင်း ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မေ ၃၁ ရက် ညနေ ၅ နာရီမှစတင်၍ မိုးများ ရွာသွန်းခဲ့ပြီး ဇွန် ၂ ရက်အထိ ရွာသွန်းလျက်ရှိရာ ညောင်တိုကျေးရွာအုပ်စု စမ်းကန်းကျေးရွာ၏အရှေ့ဘက်၊ စမ်းကုန်းကျေးရွာနှင့်အတာရွာမကြားရှိ ဒေသဖွံ့ဖြိုးရေးဆည်ငယ်တစ်ခု ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီက ကျိုးပေါက်သွားကြောင်း သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးဆည်သည် တမံအလျားပေ ၄၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၈ ပေရှိ၍ မေ ၃၁ ရက်က စတင်ရွာသွန်းခဲ့သောမိုးကြောင့် ရေဝင်ရောက်မှုများခဲ့ပြီး ဆည်အနီးရှိ လယ်မြေများတွင်လည်း ရေနစ်မြုပ်မှုများရှိခဲ့သဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများပျက်စီးမှုမရှိစေရေးအတွက် ရေဝင်ရောက်လယ်မြေများမှ ရေများ အမြန်ဆုံး စုပ်ထုတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မိုးက မေ ၃၁ ရက် ညနေပိုင်းရွာတဲ့မိုးနဲ့တင် ဆည်ရေက ပြည့်လုပြည့်ခင်ဖြစ်နေတာပါ။ နွေနှမ်းစိုက်ထားတဲ့လယ်တွေထဲမှာလည်း ရေတွေဝင်နေလို့ သီးနှံတွေ မပျက်စီးအောင် ရေတွေ အမြန်စုပ်ထုတ်ပစ်ဖို့ ပြောထားသေးပါတယ်။ ဒါပေမယ့် မိုးက သဲသဲမဲမဲ ထပ်ရွာလိုက်တော့ ဆည်ရေပိုလွှဲကမနိုင်ဘဲ ကျိုးပေါက်သွားတဲ့သဘောပါ။ သီးနှံပျက်စီးမှုစာရင်း အတိအကျကိုတော့ ကျွန်မတို့ကွင်းဆင်းပြီး ကောက်ရမှာပါ" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆည်ကျိုးပေါက်မှုမှာ ရေပိုလွှဲမှ လွှဲထွက်ပေါက်မနိုင်ဘဲ အလျား ၁၀ ပေ၊ အနက် ၁၈ ပေခန့် ကျိုးပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ဆည်ရေ အနည်းငယ်သာကျန်ရှိတော့ကြောင်း သိရသည်။ ယင်းဆည်ကျိုးပေါက်မှုကြောင့် စမ်းကုန်းကျေးရွာကွင်း အတွင်းရှိ နွေသီးနှံ၊ နွေနှမ်းခန့်မှန်း စိုက်ဧက ၆၀ ခန့် ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်းသိရပြီး အဆိုပါဆည်ကျိုးပေါက်မှုကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက အမြန်ဆုံးပြုပြင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် သီးနှံပျက်စီးမှုအခြေအနေအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့က ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဆည်ကျိုးပေါက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



# သောက်သုံးရေဖူလုံစေရေး နှစ် ၃၀ ခန့်က တူးဖော်ခဲ့သည့် စက်ရေတွင်း ပြန်လည်တူးဖော်ပေး

**ကျောက်ဆည် ဇွန် ၃**

ကျောက်ဆည်မြို့နယ် ညောင်ရွှေကျေးရွာ၌ လွန်ခဲ့သည့် နှစ် ၃၀ ခန့်ကတူးဖော်ခဲ့ပြီး ယခုအခါ သုံးမရတော့သော လေးလက်မစက်ရေတွင်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် ငွေကျပ် ၁ ဒသမ ၃ သန်း အကုန်အကျခံကာ ပြန်လည်ပြင်ဆင်ပေးခဲ့သောကြောင့် ကျေးရွာအတွက် ရေချိုရေကောင်းများ ပြန်လည် ရရှိခဲ့သောကြောင့် သောက်သုံးရေအဆင်ပြေခဲ့ကြောင်း သိရသည်။

ညောင်ရွှေကျေးရွာရှိ အဆိုပါ လေးလက်မစက်ရေတွင်းကို လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က ကျေး/ရေမှ တူးဖော်ပေးခဲ့ခြင်းဖြစ်ကာ သုံးနှစ်ခန့်သာအသုံးပြုခဲ့ရပြီး အသုံးပြု၍ မရတော့သည်မှာ ၂၇ နှစ်ခန့် ရှိပြီဖြစ်သည်။ ရက် ၁၀၀ စီမံချက်အဖြစ် အဆိုပါစက်ရေတွင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တွင်းဆေး၊ တွင်းမှုတ်ခြင်း၊ အင်ဂျင်ကွန်ပရက်ဆာပြင်ဆင်ပေးခြင်း၊ ရေကန်ရေစက်ရုံ ပြင်ဆင်ပေးခြင်းများဆောင်ရွက်ပေးသဖြင့် ရေချိုရေကောင်းများ ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

"ညောင်ရွှေရွာက လက်တူးတွင်း၊ အဝီစိတွင်းနဲ့ စက်ရေတွင်းကရေကိုပဲ သောက်သုံးရေအဖြစ် အဓိကထားသုံးရတာ၊ အခြားရွာတွေလိုမြောင်းရေကို သုံးရေအဖြစ် အသုံးပြုဖို့ အခက်အခဲရှိတယ်၊ ရွာက မြောင်းအဆုံးလောက်မှာရှိတာ၊ ဒီတွင်းကလည်း နဂိုကရှိပြီးသား၊ ဒါပေမယ့် သုံးမရတာကြာပြီ၊ အခု ကျွန်တော်တို့ဌာနရဲ့ဘဏ္ဍာငွေနဲ့ ပြန်ဖော်ပေးခဲ့တာပါ၊ တစ်နာရီကိုရေထွက်နှုန်းက ဂါလန် ၁၈၀၀ နှုန်းထွက်ရှိတာကြောင့် ရွာအတွက် ဖူလုံတယ်လို့ ဆိုနိုင်ပါတယ်၊ အရင်ကသုံးမရတော့ အခုရေတွင်းက ရေချိုရေကောင်း ပြန်ရတဲ့အတွက် ရွာသူရွာသားတွေလည်း အဆင်ပြေပြီး ပျော်နေတာပေါ့" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်၏ ပြောပြချက်အရ သိရသည်။

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်ရေပေးရေးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ၂၅ ခုကို ကျေးရွာပေါင်း ၂၅ ရွာ၌ ကုန်ကျငွေကျပ် ၄၁ ဒသမ ၄၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဇွန် ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

(မိုး/ဇလ)



## ကျောက်မဲ၌ လျှပ်စစ်မီးကြိုးများ လဲလှယ်ဆောင်ရွက်

**ကျောက်မဲ ဇွန် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက် နယ်မြေ(၅) ရွှေဖီဦး လမ်း အလကခွဲရှေ့ရှိ ထရန်စဖော်မာမှ သွယ်တန်းထားသော လျှပ်စစ်မီးကြိုး များသည် မကြာခဏအောက်သို့ ပြုတ်ကျနေခြင်းကြောင့် ရပ်ကွက်အတွင်းမှ ပြည်သူ များ၊ ကျောင်းသား ကျောင်းသူများ လျှပ်စစ်အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်အရ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသောင်းလွင်နှင့်အဖွဲ့သည် ဇွန် ၂ ရက်တွင် ပြုတ်ကျနေသောကြိုးများနေရာတွင် 400 V 3 phase 4 wire ၁၄၈၂ ပေအား အစားထိုးလဲလှယ် ဆောင်ရွက်ပေးခဲ့ပါ သည်။

အဆိုပါနေရာနှင့် ဆက်စပ်ကြိုးများ စုစုပေါင်းအရှည်ပေ ၁၈၁၀အတွက် ရန်ပုံ ငွေကျပ် ၃၄၃၉၀၀၀ အကုန်အကျခံကာ အသစ်လဲလှယ်ဆောင်ရွက်ပေးခဲ့သည့် အတွက် ယခုအခါ လမ်းသွားလမ်းလာ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## စည်းကမ်းမဲ့ ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**မအူပင် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် ယာဉ်အန္တရာယ်လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် စည်းကမ်းလိုက်နာနိုင်ရေးအတွက် စည်းကမ်းမဲ့ဆိုင်ကယ် မောင်းသူများကို ဇွန် ၂ ရက် နံနက်ပိုင်းက ကမ်းနားလမ်း တိုးရွှေဝါခန်းမရှေ့၌ ခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့အမှတ် (၈၂) ယာဉ်ထိမ်းရဲတပ်ဖွဲ့စု မအူပင်ဒုရဲမှူး ကျော်စိုးမိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ် ဖွဲ့၊ မြို့မစခန်းမှူး သိန်းနိုင်အေးနှင့် တပ်ဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြား မှုဦးစီးဌာန တာဝန်ရှိသူများစုပေါင်း၍ ဖမ်းဆီးစစ်ဆေး အမှုတွဲတည်ဆောက်ကာ တရားရုံးတွင် ပြစ်ဒဏ်ခံယူရန် ဆောင်ရွက်ပြီး ယာဉ်မောင်းသူများသိစေရန် တားမြစ် ချက်နှင့် ပြစ်ဒဏ်များ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။

**(ခရိုင် ပြန်/ဆက်)**

## အကျဉ်းထောင်စစ်ဆေး

**လွိုင်ကော် ဇွန် ၃**

ကယားပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်သည် လွိုင်ကော်ခရိုင် တရားသူကြီး ဒေါ်တင်တင်မာနှင့်အတူ ဇွန် ၂ ရက် နံနက် ၁၀ နာရီက လွိုင်ကော်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အကျဉ်းသား၊ အချုပ်သားများကို တွေ့ဆုံမေးမြန်း၍ဥပဒေပါအခွင့်အရေးများရရှိမှု၊ လွတ်လပ်စွာ ကိုးကွယ်ရမှု၊ ကျန်းမာညီညွတ်စွာ နေထိုင်စားသောက်ရမှုများကို ကြည့်ရှုစစ်ဆေး ခဲ့သည်။ ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လစ်လပ်နေသော ဆရာဝန်ရရှိရေး အဆင့် သတ်မှတ်ထားသော ဖွဲ့စည်းပုံနှင့်အညီ အဆောက်အအုံဖြစ်ရေးတို့ကို တင်ပြ ဆောင်ရွက်သင့်ကြောင်း အကြံပြုပြီး အကျဉ်းသား အကျဉ်းသူများဖတ်ရှုလေ့လာရန် စာအုပ်၊ စာတမ်း၊ ဂျာနယ်များလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## တိုင်းလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**ရန်ကုန် ဇွန် ၃**

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းတွင် ဇွန် ၂ ရက် ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးနှင့် မြို့နယ်တွင်းရှိ ဌာနဆိုင်ရာတာဝန်ခံများ၊ တာမွေကြီး(ခ)ရပ်ကွက် မဲဆန္ဒနယ် ရှိပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားလှယ် တာမွေမြို့နယ် မဲဆန္ဒနယ်(၁) မှလူမှုရေးနှင့်စီမံခန့်ခွဲရေးကော်မတီဝင် ဦးလှသိန်းက လွှတ်တော်အတွေ့အကြုံများ ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မဲဆန္ဒနယ်(၂)မှ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးသိန်းမြင့်က ဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ တက်ရောက်လာသူများက သိလိုသည့်မေးခွန်းများကို မေးမြန်းရာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအနေဖြင့် တိုင်းလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ခံများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ဇွန် ၃ ရက်တွင် ဗျိုင်းရေအိုးစင် ရွာမကွက်သစ်နှင့် ဇွန် ၄ ရက်တွင် မေတ္တာညွှန့်ရပ်ကွက်ရှိ ဒေသခံ ပြည်သူများနှင့် ဆက်လက်တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**လှလှ**

## ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ရှင်းလင်းပွဲ ဖြူးမြို့၌ ကျင်းပ

**ဖြူး ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပ သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝန်ဆောင်မှု ကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိ ပညာပေးတွေ့ဆုံဆွေးနွေးပွဲ အခမ်း အနားကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက ဖြူးမြို့စည်ပင်သာယာခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်း က ရဲလုပ်ငန်းများဆိုင်ရာ တရားဥပဒေ စိုးမိုးရေး၊ မှုခင်းလျှော့နည်းကျဆင်းရေး၊ ရဲတပ်ဖွဲ့နှင့်ပြည်သူများ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို အမှာစကားပြောကြားကာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က ထပ်ဆင့် အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ် ဖွဲ့မှူး ရဲမှူးသိန်းထွန်းက ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်များအား ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ဖြူးမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်း များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ တပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်/ ကျေး အုပ်ချုပ်ရေးမှူး၊ ဖြူးမြို့နယ် အတွင်းရှိ သတင်းစာတိုက်များနှင့် ဂျာနယ်တိုက်များမှ မီဒီယာသမားများ တက်ရောက်ကြခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

## နမ့်စန်တွင် တောင်သူများကို မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး



**နမ့်စန်(တ) ဇွန် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင် ခရိုင် နမ့်စန်မြို့နယ်ရှိ တောင်သူများ အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ(လွိုင်လင်)မှ စပါးတစ်ဧက ငွေကျပ်၁၅၀၀၀၀နှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လာရောက် ထုတ်ချေးပေးလျက်ရှိ ကြောင်း သိရသည်။

စိုက်ပျိုးစရိတ် ချေးငွေများကို နမ့်စန်မြို့နယ်ရှိ တောင်သူများအတွက် ကျပ်သိန်း ၈၆၅၀ ထုတ်ပေးရန်လျာထား ပြီး ဇွန် ၁ ရက်မှ ဇွန် ၃ ရက်အထိ ခိုအွတ် ကျေးရွာအုပ်စုနှင့် နမ့်လစ်ကျေးရွာ အုပ်စုတို့ကို ငွေကျပ် ၂၅၀၁ သိန်း ထုတ်ချေးပေးနိုင်ခဲ့ကာ ကျန်ရှိသော ကျေးရွာအုပ်စုများမှ တောင်သူများကို လည်း အချိန်မီဆက်လက်ထုတ်ချေး ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မှ မန်နေဂျာ ဦးကြည်စိုးထံမှ သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## ကျွန်းစု၌ တိုးချဲ့ရေပေးဝေနိုင်မည့် သွယ်တန်းပိုက်လုံး ၂၀၀၀ ကျော် ရောက်ရှိ

**ကျွန်းစု ဇွန် ၃**

ကျွန်းစုမြို့နယ်၌ JICA(ODA Loan) ချေးငွေဖြင့် ကျွန်းစုမြို့ပေါ်ရပ်ကွက်များ ကို တိုးချဲ့ရေပေးဝေရေးလုပ်ငန်းအတွက် သွယ်တန်းရန် ပိုက်လုံး ၂၀၀၀ ကျော် ကျွန်းစုမြို့ ဆိပ်ကမ်းတံတားတွင် ဇွန် ၃ ရက် နံနက် ၁၀ နာရီက ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်း မောင်နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းညွှန့်၊ အထောက်အကူပြု ကော်မတီအဖွဲ့ဝင် များက စစ်ဆေးခဲ့ကြကြောင်း သိရ သည်။



အဆိုပါ ရေပေးဝေရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် JICA (ODA Loan ) ချေးငွေဖြင့် Oriental Consaltant ကုမ္ပဏီ၏ ဂျပန် ပညာရှင်များပါဝင်သောအဖွဲ့မှ ဦးစီး၍ ကတ္တလူကျေးရွာ၊ နဝရတ်ရေအိုင်မှ ကျွန်းစုမြို့ သို့ ခုနစ်မိုင်ခန့်အကွာအဝေး ရှိ ပေ ၃၀၀၀၀ ကျော်မှ သွယ်တန်း မည်ဖြစ်ရာ အလျား ၁၉ပေရှိ ငါးလက်မ ပိုက် ၁၀၈၃ လုံး၊ ခြောက်လက်မပိုက် ၉၄၉ လုံးနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိနေပြီဖြစ်၍ ၎င်းပိုက်လုံးများ အရည်အသွေးပြည့်မီခြင်း ရှိ မရှိ ပိုက်လုံး အစများကို ဖြတ် တောက်ကာ Oriental Consaltant ကုမ္ပဏီ၏ ဂျပန် ပညာရှင်များ ပါဝင်သောအဖွဲ့အား ပေးပို့ပြီး အဆိုပါပညာရှင်များလက်ခံမှ အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသိန်းညွှန့်က ပြောကြား သည်။

**ရန်နိုင်(ကျွန်းစု)**

## ညောင်ဦးမြို့နယ်တွင် မိုးဦးသီးနှံများ စတင်စိုက်ပျိုး



**ညောင်ဦး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ်တွင် မြစ်ရေတင်စိုက်ပျိုးသော တောင်သူများထက် မိုးမျှော်မိုးကောင်း ကြိုက်တောင်သူက ပို၍များသည်။ မေ ၃၁ရက်မွန်းလွဲ ၂ နာရီတွင် နေရာအနှံ့ အပြားမိုးရွာသွန်းခဲ့သည်။ တောင်သူများ သီးနှံစိုက်ပျိုးရန် အသင့်ပြင်ထားသော မြေများလည်း မျိုးစေ့ပေါက်ရန် နူးနူး နပ်နပ်ရှိခဲ့သည်။ ထို့ကြောင့် တောင်သူ များ ပဲအမျိုးမျိုးတို့ကို မိုးဦးသီးနှံအဖြစ် စိုက်ပျိုးနေကြပြီဖြစ်သည်။

"အခုရက်တွေမှာ မိုးမရွာတော့ နှမ်းမစိုက်ကြတော့ဘူး။ နှမ်းအစား ပဲတီ စိမ်းကို စိုက်ကြတယ်။ အခုခေတ်တော့ မြေပဲကြီးမြေပဲလေးနဲ့ ပဲတီစိမ်း ဒီသုံးမျိုး ကိုပဲ အဓိကထားစိုက်ပျိုးကြပါတယ်" ဟု ကံသာယာရွာ ပဲအမျိုးစိုက် တောင်သူ ဦးကျင်ငွေက ပြောသည်။

"ဒီမြို့နယ်ကတော့ ခြောက်လပဲ ခေါ်မြေပဲကြီးကိုပဲ အစိုက်များကြတယ်။ မြေပဲကြီးက မိုးခေါင်ခံတယ်။ စိုက်ပြီးလို့ အပင်ပေါက်မယ်။ ဝါဆိုဝါခေါင်မိုးနဲ့ဥပြီး တောင်သူတွေရတာပါပဲ ဘဲနောင်အခါ ပေါ်လာရင် မြေပဲဆံဈေးကောင်းဖို့လိုပါ တယ်။ မြေပဲဆီ ဈေးကောင်းရင် မြေပဲ ဆန်ဈေးလည်း ကောင်းတာပါပဲ" ဟု ရွာသာတောင်သူကတစ်ဦးထံမှ သိရ သည်။

**ကျော်ဌေး(ညောင်ဦး)**

# ဂျပန်၌ စွန့်ပစ်ခံခဲ့ရသော ကလေးငယ် အသက်ရှင်လျက်ပြန်လည်တွေ့ရှိ



**တိုကျို ဇွန် ၃**

ခပ်ဆိုးဆိုးဂျပန်ကလေးငယ်တစ်ဦးကို ၎င်း၏မိဘများက တောနက်ထဲ၌ စွန့်ပစ်ထားခဲ့ရာ သောကြာနေ့က ထိခိုက်ဒဏ်ရာရမှုမရှိဘဲ အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ ကလေးငယ်ပျောက်ဆုံးမှုအတွက် တစ်ပတ်နီးပါးကြာ ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သော စနေနေ့က အသက်ခုနစ်နှစ်အရွယ် ယာမာတို တာနိုအိုကာသည် ကားများကို ကျောက်ခဲများဖြင့် ပစ်ပေါက်နေမှုကြောင့် မိဘများက ၎င်းကို လမ်းဘေး၌ စွန့်ပစ်ခဲ့ရာ ဂျပန်စစ်အခြေ စိုက်စခန်း အနီးဝန်းကျင် ၄ ကီလိုမီတာခန့်အကွာ အဆောက်အအုံတစ်ခု၌ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

"ဒီနေ့မနက် ကျွန်တော်တို့စစ်သားတစ်ဦးက အဆောက်အအုံ တံခါးကို ဖွင့်လိုက်တဲ့အခါမှာ သူ့ကို တွေ့ရတာပဲ" ဟု ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့မှ အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားခဲ့သည်။

ကလေးငယ်မှာ ယာမာတိုဖြစ်ကြောင်း ပြောဆိုခဲ့ပြီး ဆာလောင်နေသည့်အတွက် အဆိုပါ စစ်သားက ပေါင်မုန့်နှင့် ရေအနည်းငယ် တိုက်ကျွေးခဲ့ရကြောင်း သိရသည်။

ယာမာတိုကို ကျန်းမာရေးစစ်ဆေးရန် ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ခန္ဓာကိုယ် အပူချိန် လျော့နည်းနေသည်မှလွဲ၍ ကျန်းမာရေးကောင်းမွန်ကြောင်း ဆရာဝန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကလေးငယ်၏ဖခင် တာကာယုကိ တာနိုအိုကာက ကယ်ဆယ်ရှာဖွေရေးသမားများကို ၎င်းတို့၏ ကြိုးစားအားထုတ်မှုအတွက် ကျေးဇူးတင်ကြောင်း၊ ဒုက္ခပေးသလို ဖြစ်ရသည့်အတွက် တောင်းပန်ကြောင်း မျက်ရည်များဖြင့် ပြောသည်။ "တကယ်တော့ ကျွန်တော်တို့ရဲ့ လုပ်ရပ်က တော်တော်လွန်ပါတယ်"ဟု တာနိုအိုကာက အသံတုန်လျက် ပြောဆိုသည်။ "အခု ကျွန်တော်တို့က သူ့ကို အရင်ထက်ပိုချစ်ပြီး ပိုဂရုစိုက်ပါ့မယ်"ဟု သူက ဆိုသည်။

**(ရိုက်တာ)**



# နယူးဇီလန်၌အိမ်ရာမဲ့ဦးရေပို၍များလာ

**ဝယ်လင်တန် ဇွန် ၃**

နယူးဇီလန်နိုင်ငံ၌ အိမ်ရာမဲ့ဦးရေပို၍ များပြားလာကြောင်း သောကြာနေ့က တရားဝင်ကိန်းဂဏန်းအချက်အလက်များ ထုတ်ပြန်ခဲ့ပြီး ယင်းအချက်အလက်များက တိုင်းပြည်၏ အိမ်ရာပိုင်ဆိုင်မှုပြဿနာမှာ ပို၍ဆိုးရွားလျက်ရှိကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။

၂၀၁၃ ခုနှစ်က နောက်ဆုံးကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ နယူးဇီလန်နိုင်ငံသား ၁၀၀ လျှင် တစ်ဦးမှာ အိမ်ရာမဲ့ဖြစ်ပြီး ၂၀၀၆ ခုနှစ်၌ လူ ၁၂၀ လျှင် တစ်ဦး၊ ၂၀၀၁ ခုနှစ်၌ လူ ၁၃၀ လျှင် တစ်ဦးဖြစ်ကြကြောင်း Otago တက္ကသိုလ်မှ သုတေသီများက ပြောသည်။

လူဦးရေအချိုးအစားနှင့် အရေအတွက်အရ နယူးဇီလန်၌ အိမ်ရာမဲ့ပြဿနာမှာ ပို၍ကြီး ထွားလာကြောင်း၊ သုတေသီဒေါက်တာ ကိတ်အာမောက ပြောသည်။ အကယ်၍ လူ ၁၀၀ သည် အိမ်ရာမဲ့များဖြစ်ကြလျှင် လူ ၇၀ မှာ မိသားစု(သို့မဟုတ်)သူငယ်ချင်းများနှင့်အတူ အိမ်၌ စုပြုံ၍နေကြပြီး ၂၀ မှာ မိုတယ်များ၊ အဆောင်များ၌နေကြကြောင်း အခြား ၁၀ ဦးမှာ ကားများနှင့် လမ်းမများပေါ်တွင် အိပ်စက်ရကြောင်း ၎င်းက ဆက်ပြောသည်။

အစိုးရအနေဖြင့် အရည်အသွေးကောင်းပြီး ဈေးနှုန်းနိမ့်သည့် အိမ်များဆောက်လုပ်မည့် ဘက်စုံကောင်းမွန်သော အိမ်ရာစီမံကိန်းဆောင်ရွက်ရန်လိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

လူတိုင်း အိမ်ရာရရှိရေးသည် နိုင်ငံသားတိုင်းကောင်းမွန်သော ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာကို ရရှိနိုင်ပြီး နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုကို အထောက်အကူပြုနိုင်ကြောင်း အစိုးရအနေဖြင့် အချိန်မီဖြေရှင်းမပေးပါက အိမ်ရာမဲ့ပြဿနာ ပို၍ဆိုးရွားလာနိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**(ဆင်ဟွာ)**

# ရေနံထုတ်လုပ်မှုကန့်သတ်ချက်အပေါ် အိုပက် သဘောတူညီမှု မရရှိသေး

**ဗီယင်နာ ဇွန် ၃**

ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့အစည်း (အိုပက်)အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ရေနံစိမ်း တင်ပို့မှုအပေါ် ရည်မှန်းချက်များချမှတ်ဆောင်ရွက်ရန် သဘောမတူခဲ့ကြောင်း ဇွန် ၃ ရက်က အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အိုပက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် မေ ၃၀ ရက်က ဗီယင်နာတွင် တွေ့ဆုံခဲ့ကြပြီး ကမ္ဘာ့စီးပွားရေးအလားအလာနှင့် ရေနံစိမ်းတင်ပို့မှုများကို ဆွေးနွေးခဲ့ကြသည်။

ရေနံတင်ပို့ရာတွင် စုပေါင်းထုတ်လုပ်မှုများကို ကန့်သတ်မှုများနှင့် တင်ပို့မည်လား၊ ဈေးနှုန်းများတစ်သမတ် တည်းထားမလား၊ သို့မဟုတ် ရေနံတိုးမြှင့်ထုတ်လုပ်ခြင်းအပေါ် ကန့်သတ်မှုများပြုလုပ်မည်လားစသည့် အကြောင်းအရာများအပေါ် ယေဘုယျသဘောတူညီမှုများရရှိရန် အလေးထားဆွေးနွေးခဲ့ကြသည်။

ဧပြီလကကျင်းပသည့် အဖွဲ့ဝင်မဟုတ်သောနိုင်ငံများပါဝင်သည့် အဓိကရေနံထုတ်လုပ်သူများ အစည်းအဝေးနှင့် လွန်ခဲ့သောနှစ် ဒီဇင်ဘာတွင် ကျင်းပသော အိုပက်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးတွင်လည်း ဖော်ပြပါကိစ္စရပ်များအပေါ် သဘောတူညီမှု မရရှိခဲ့ပေ။

မေ ၃၀ ရက်အစည်းအဝေးတွင် စုပေါင်းထုတ်လုပ်မှုများကို ကန့်သတ်မှုနှင့် တင်ပို့မည့်ဆွေးနွေးမှုကို အီရန်နိုင်ငံက ကန့်ကွက်ခဲ့သည်။ အီရန်သည် ၎င်းနိုင်ငံအပေါ် ပိတ်ဆို့မှုများဖယ်ရှားလိုက်ပြီးနောက် ရေနံထုတ်လုပ်မှုများကို တိုးမြှင့်ထုတ်လုပ်ခဲ့သည်။

အီရန်သည် ရေနံတင်ပို့ရာတွင် အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီက ၎င်းတို့ နိုင်ငံအလိုက်သီးခြား ရည်မှန်းချက်များ ချမှတ်လုပ်ဆောင်ရန် အလေးအနက်ပြောကြားခဲ့သည်။ ယခုအစည်းအဝေးတွင်လည်း စုပေါင်းထုတ်လုပ်မှုများကို ကန့်သတ်မှုနှင့် တင်ပို့မည့်ဆွေးနွေးမှုအပေါ် သဘောတူညီမှုမရရှိခဲ့ပေ။

**(အင်န်အိတ်ချ်ကေ)**

# နိုင်ဂျာမြစ်ဝကျွန်းပေါ်၌ အကြမ်းဖက်သမားများ တိုက်ခိုက်၍ သမ္မတ ခရီးစဉ်ဖျက်သိမ်း

**အဘူဂျာ ဇွန် ၃**

စစ်သွေးကြွများသည် နိုင်ဂျာမြစ်ဝကျွန်းပေါ်၌ ကြာသပတေးနေ့က အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။



၎င်းတို့၏ရည်ရွယ်ချက်မှာ နိုင်ဂျီးရီးယား၏ ရေနံထုတ်လုပ်ရေးလုပ်ငန်းကို ရပ်တန့်ရန်ဖြစ်ပြီး သမ္မတအနေဖြင့်လည်း ၎င်းတို့ဒေသသို့ သွားရောက်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့သည်။

ဝါရီဒေသ၌ နိုင်ငံပိုင်ရေနံကုမ္ပဏီ အင်န်အင်န်ပီစီပိုင်ရေယာဉ်ကို ချောင်းမြောင်းတိုက်ခိုက်ခံရကာ စစ်သွေးကြွများက လူခြောက်ဦးကိုသတ်ဖြတ်ခဲ့သည်ဟု နိုင်ဂျီးရီးယား တပ်ဖွဲ့က ပြောသည်။

အီတလီနိုင်ငံမှ (ENI) ရေနံထုတ်လုပ်ရေးကုမ္ပဏီပိုင် ရေနံပိုက်လိုင်းနှစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း Niger Delta Avengers အုပ်စုကပြောသည်။

ထို့ပြင် ဖေဖော်ဝါရီလအတွင်းကတိုက်ခိုက်ခံရ၍ ပြန်လည်ပြုပြင်ထားရသော ဖော်ကာဒို ရေနံပိုက်လိုင်းကိုလည်း သောကြာနေ့ကထပ်မံ၍တိုက်ခိုက်ခဲ့ကြကြောင်း အဆိုပါအုပ်စုက ပြောသည်။

သောကြာနေ့နံနက် ၃ နာရီက Niger Delta Avengers အုပ်စုက ဖော်ကာဒို ရေနံပိုက်လိုင်းကို ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့ ဖောက်ခွဲရခြင်းမှာ ဖေဖော်ဝါရီလအတွင်းက ရေနံပိုက်လိုင်းဖောက်ခွဲခဲ့ပြီးနောက် ထပ်မံ၍ ပြုပြင်ခြင်းမလုပ်ရန် ကုမ္ပဏီကိုတားမြစ်ခဲ့သော်လည်း လိုက်နာခြင်းမရှိ၍ ဖောက်ခွဲရခြင်းဖြစ်ကြောင်း ၎င်းအုပ်စုက ပြောသည်။

**(ရိုက်တာ)**

# ဗင်နီဇွဲလားပြည်သူများ အစားအစာအလိုရှိကြောင်းသမ္မတအိမ်တော်အနီး၌ ဆန္ဒပြ

**ကရာကတ် ဇွန် ၃**

ကရာကတ်ရှိ သမ္မတအိမ်တော်အနီး၌ အစားအစာအလိုရှိကြောင်း အော်ဟစ်ဆန္ဒပြတောင်းဆိုနေသူများကို ဗင်နီဇွဲလားလုံခြုံရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများဖြင့် ကြာသပတေးနေ့က ဖြိုခွင်းခဲ့ရကြောင်း သိရသည်။

ဒေါသထွက်နေသော ဗင်နီဇွဲလားနိုင်ငံသားများသည် ကရာကတ်မြို့လယ်ကောင်ရှိ မိရာဖလော်ရာ နန်းတော်ဆီသို့ ဦးတည်ချီတက်လာရာ အဓိကလမ်းမကြီးကို ပိတ်ဆို့တားဆီးနေသော အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ရသည်။

လူဦးရေ သန်း ၃၀ ခန့်ရှိသော ဗင်နီဇွဲလားနိုင်ငံ၌ အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရစဉ် သမ္မတ နီကိုးလပ်စ်မာဒူရိုသည် လူထုအုံကြွမှုများနှင့်လည်း ရင်ဆိုင်နေရသည်။

ဆန္ဒပြသူများသည် အနီးရှိ ဈေးဆိုင်များမှ စားစရာပစ္စည်းများကို ကားများဖြင့် လုယက်သယ်ယူနေကြကြောင်း မျက်မြင်သက်သေများက ပြောသည်။ "ဒီနေရာကို မနက် ၈ နာရီကတည်းက ရောက်နေတာ စူပါမားကတ်မှာရော ဆိုင်ထဲမှာပါ ဘာမှစားစရာမရှိတော့ဘူး"ဟု ဆန္ဒပြမှုကို ထောက်ခံသော အမျိုးသမီးတစ်ဦးက ပြောသည်။

သူတို့သည် ဆာလောင်မွတ်သိပ်နေကြပြီး အစိုးရကလည်း နိုင်ငံရေးသမား အတိုက်အခံများကို တိုင်းပြည်အတွင်း၌ ဆူပူအောင်ပြုလုပ်မှုဖြင့် ပြစ်တင်ပြောဆိုခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကမူ အခြေအနေကို ထိန်းထားနိုင်ကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**



# အာရှ-ပစိဖိတ်မူဝါဒအပေါ် ကိုယ်တိုင်မေးခွန်းထုတ်ရမယ့်ဝါရှင်တန်

**သက်မွန်ဦး**

အိမ်ဖြူတော်ကနေ မကြာမီထွက်ခွာမသွားခင် အာရှဒေသကို နောက်ဆုံးခရီးအဖြစ် ရောက်လာခဲ့တဲ့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားအနေနဲ့ ဒေသတွင်း ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုကို စွမ်းဆောင်မပေးနိုင်တဲ့ ၎င်းရဲ့ မူဝါဒတွေကို ပြန်လည်သုံးသပ်သင့်ပါတယ်လို့ ဆင်ဟွာသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

သမ္မတဟာ ဗီယက်နမ်နဲ့ ဂျပန်နိုင်ငံကို သီတင်းတစ်ပတ်ကြာမျှ လာရောက် လည်ပတ်ခဲ့ပါတယ်။ ယခင်က ခါးသီးတဲ့ အတွေ့အကြုံတွေရှိခဲ့ဖူးတဲ့ ဗီယက်နမ်နိုင်ငံနဲ့ ယခုအခါ ဝါရှင်တန်ဟာ ဆက်ဆံရေးအရှိန်မြှင့်တင် လျက်ရှိပြီး အစဉ်အလာအားဖြင့် မဟာမိတ်ဖြစ်ခဲ့တဲ့ ဂျပန်နိုင်ငံအနေနဲ့လည်း အာရှ-ပစိဖိတ် ချိန်ခွင်လျှာ ပြန်လည်ညီမျှစေဖို့ ရည်ရွယ်ချက်ကို ခိုင်မာအောင် ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု (TPP) အတွက် အုတ်မြစ်ချခဲ့တဲ့ အမေရိကန်၊ ဗီယက်နမ်နဲ့ ဂျပန်နိုင်ငံ အပါအဝင် အခြားပစိဖိတ်နိုင်ငံ ၁၁ နိုင်ငံတို့ကြားရှိ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိုလည်း အရှိန်မြှင့်တင်စေခဲ့တယ်။ ဗီယက်နမ်ကို အိုဘားမား သွားရောက်ခြင်းဟာ တောင်တရုတ်ပင်လယ် အရေးဆွေးနွေးလိုတဲ့အတွက်လည်း ဖြစ်ပါတယ်။

ကမ္ဘာ့အရေးအပါဆုံး ကုန်သွယ်ရေး ရေလမ်းကြောင်း တစ်ခုဖြစ်တဲ့ တောင်တရုတ် ပင်လယ်နဲ့ဆက်စပ်တဲ့ အရေး ကိစ္စတွေဟာ တရုတ်နိုင်ငံနဲ့ အခြား အာရှနိုင်ငံအချို့ကြား မှာရှိတဲ့ ရေပိုင်နက် အငြင်းပွားမှုဆိုင်ရာ ပြဿနာတွေပဲဖြစ်ပါတယ်။ တောင်တရုတ်ပင်လယ်ရဲ့ ဂိုဏ်းဂဏကွဲလွဲတဲ့ အပြုအမူတွေအပေါ် စေ့စပ်ညှိနှိုင်း အဖြေရှာမှုတွေ ပြုလုပ်သင့်ပါတယ်။ ဒါပေမယ့်လည်း ဝါရှင်တန် ဘက်က ရေကြောင်းလွတ်လပ်စွာ သွားလာခွင့်လို့ဆိုတဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့အတွက် ဒေသတွင်းကို စစ်လေယာဉ်နဲ့သင်္ဘောတွေ ပို့လွှတ်ခဲ့ပြီး စစ်ရေးပူးတွဲ လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တဲ့အတွက် မကြာသေးမီကာလအတွင်း တောင်တရုတ်ပင်လယ်ပြင်မှာ တင်းမာမှုတွေ ဆက်လက်ဖြစ်ပေါ်ခဲ့ပါတယ်။



အမေရိကန်ရဲ့ အပြုအမူဟာ အချို့နိုင်ငံတွေရဲ့ တောင်တရုတ်ပင်လယ်ပြင်နဲ့ ကမ်းရိုးတန်းဒေသတွေမှာ တရားမဝင် ကိုယ်ကျိုးစီးပွားရှာနေတယ်ဆိုတဲ့ ကိစ္စကို ဆက်လက် ခွင့်ပြုပေးနေသလို ဖြစ်နေပြီး သူတို့ရဲ့ထင်ယောင် ထင်မှား အပြုအမူတွေကို ပိုမိုခိုင်မာ သယောင် အားဖြည့်ပေးနေသလိုပါပဲ။ သာဓကတစ်ခုအနေနဲ့ သမ္မတဘန်နီနိုအကွီနိုဦးဆောင်တဲ့ ဖိလစ်ပိုင် အစိုးရဟာ နိုင်ငံတကာအသိုင်းအဝိုင်းက ဝေဖန်မှုတွေရှိနေပေမယ့်လည်း ၂၀၁၃ ခုနှစ်က တရုတ်နိုင်ငံနဲ့ဆန့်ကျင်ပြီး ရေပိုင်နက် အငြင်းပွားမှု တစ်ဖက်သတ်အပြုအမူတွေ စတင်ပြုလုပ်ခဲ့ပါတယ်။

အိုဘားမားရဲ့ ဗီယက်နမ် ခရီးစဉ်ဟာ ၂၀၁၄ ခုနှစ်က ကန့်သတ်ခဲ့တဲ့ ဗီယက်နမ်နိုင်ငံအပေါ် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်ထားမှုကို ဖယ်ရှားလိုတဲ့အတွက်လည်း ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံဟာ အမေရိကန်အပါအဝင် အခြားနိုင်ငံများနဲ့ ဆက်ဆံရေး တိုးတက်လာမှုကိုတော့ ကြိုဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးစ တတိယနိုင်ငံတစ်ခုအပေါ် မဟာဗျူဟာ အကျိုးစီးပွားအတွက် အမေရိကန်အနေနဲ့ ပြန်ပေါင်းထုတ်မှုကို ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် အသုံးချတာတော့ မဖြစ်သင့်ပါဘူး။

အခြားတစ်ဖက်ကလည်း အိုဘားမားဟာ သူ့ရဲ့ အာရှခရီးစဉ် အတွင်းမှာ ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရေးကို ကြိုးစားအားထုတ်ခဲ့တာ တွေ့ရပါတယ်။ ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု (TPP) ဟာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးရဲ့ ၄၀ ရာခိုင်နှုန်း နီးပါး လွှမ်းခြုံထားပြီး အာရှ-ပစိဖိတ်ဒေသမှာ လွတ်လပ်တဲ့ ကုန်သွယ်ရေးဇုန်တစ်ခုတည်ထောင်ဖို့ လမ်းကြောင်းတွေထဲက တစ်ခုလည်းဖြစ်ပါတယ်။

ဒီအချက်က အိုဘားမားအုပ်ချုပ်ရေးကာလအတွင်း ဒေသတွင်းကို လျင်လျင်မြန်မြန် ထိုးဖောက်ဝင်ရောက်ဖို့ အမေရိကန်ရဲ့ စီမံခန့်ခွဲပုံ အောင်မြင်မှုတွေထဲက တစ်ခုလည်းဖြစ်ပါတယ်။ ဒါပေမယ့် အာရှဒေသမှာ ဝါရှင်တန်က စည်း မျဉ်းစည်းကမ်းတွေ သတ်မှတ်တာဟာ နိုင်ငံရေးအသုံးချခံပစ္စည်းအနေနဲ့တော့ ဖြစ်မလာသင့်ပါဘူး။ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းတွေကို နိုင်ငံတစ်ခုတည်းကနေ ဆုံးဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တရုတ်နိုင်ငံ ဒါမှမဟုတ် အမေရိကန်နိုင်ငံ တစ်ခုတည်းသာမကဘဲ နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့ပဲ ပူးပေါင်းတည်ထောင်လုပ်ကိုင်သင့်ပါတယ်။

အဏုမြူဗုံးဒဏ်သင့်ခဲ့ရတဲ့ ဂျပန်မြို့တော်ဟီရိုရှီးမားကို အိုဘားမားသွားရောက်ခြင်းကလည်း နျူကလီးယားကင်းမဲ့တဲ့ ကမ္ဘာတစ်ခုကို တည်ဆောက်ဖို့ သူ့ရဲ့ ကြိုးပမ်းအားထုတ်မှုကို ပြသလိုတဲ့အတွက်ပဲ ဖြစ်ပါတယ်။ သူ့ရဲ့ နိုင်ငံခြားရေးမူဝါဒရေးရာတွေထဲမှာ အရေးအကြီးဆုံးအချက် တစ်ချက်လို့လည်း ပြောလို့ရပါတယ်။

တချို့ ဥပဒေရေးရာတွေဟာ အနည်းဆုံးတော့ ကာလတိုအတွင်းမှာ အကောင်းဘက် ဦးတည်တယ်လို့ ထင်ကောင်း ထင်ရပေမယ့် တခြားခါးသီးစရာ အဖြစ်အပျက်တွေလည်း များစွာ ဖြစ်ပေါ်နိုင်ပါတယ်။ ဥပဒေဆိုင်ရာကိစ္စရပ်တွေ မှန်မမှန် ဆိုတာ သမိုင်းနဲ့ချိန်ထိုး စမ်းသပ်ပြီးမှ သိရတာမျိုးပါ။ ဒီသမိုင်းဖြစ်ရပ်တွေဟာ ကမ္ဘာကြီးနဲ့ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေတဲ့အပြင် သီးသန့်မဆန်ဘဲ ပူးပေါင်းဆောင်ရွက်ဖြေရှင်းမှုမျိုးတွေဟာလည်း နောင်တစ်ချိန်မှာ သေတမ်းစာလို ကျန်ရစ်မယ့် အရာတွေပဲ ဖြစ်ပါတယ်။

**(ကိုးကား-ဆင်ဟွာ)**

**တချို့ဥပဒေရေးရာတွေဟာ အနည်းဆုံးတော့ ကာလတိုအတွင်းမှာ အကောင်းဘက် ဦးတည်တယ်လို့ ထင်ကောင်း ထင်ရပေမယ့် တခြားခါးသီးစရာ အဖြစ်အပျက်တွေလည်း များစွာဖြစ်ပေါ် နိုင်ပါတယ်။ ဥပဒေဆိုင်ရာကိစ္စရပ်တွေ မှန်မမှန်ဆိုတာ သမိုင်းနဲ့ချိန်ထိုး စမ်းသပ်ပြီးမှ သိရတာမျိုးပါ။**

# အမေရိကန်၌ ဆီးရီးယားဒုက္ခသည် ၄၇၀၀ ကို နေရာချထားပေးရန်လက်ခံကြောင်း ပြည်တွင်း လုံခြုံရေးအကြီးအကဲဆို



**ဝါရှင်တန် ဇွန် ၃**

အမေရိကန်သည် ဆီးရီးယားဒုက္ခသည် ၄၇၀၀ ကို နိုင်ငံအတွင်း၌ နေရာချပေးရန် လက်ခံခဲ့ပြီး ထပ်မံ ၍ စောင့်စားနေသော လူဦးရေ ၇၉၀၀ ကို လုံခြုံရေးအရ ပြန်လည်စစ်ဆေးနေကြောင်း အမေရိကန် ပြည်တွင်းလုံခြုံရေးဝန်ကြီး ဂျက်ဂျွန်ဆင်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ပြည်တွင်းလုံခြုံရေးဌာန၌ ပြုလုပ်သော လုံခြုံရေးအသိပညာပေးဆွေးနွေးပွဲ၌ ဂျွန်ဆင်က ၂၀၁၆ ခုနှစ်ဘဏ္ဍာနှစ်ကုန်ပိုင်းတွင် နိုင်ငံတွင်းသို့ ဆီးရီးယားဒုက္ခသည် တစ်သောင်းဝင်ရောက်ခွင့်ပြုရေး အိုဘားမား၏ စီမံခန့်ခွဲမှု အပေါ် ဝေဖန်သူများကို ဆန့်ကျင်၍ ကာကွယ်ပြောဆိုခဲ့သည်။

**(ရိုက်တာ)**

# သစ္စာစီမံချက်ဖြင့် ဗန်းမောက်မြို့နယ်တွင် ရွှေ့ပြောင်းနေထိုင်သည့် အိမ်ထောင်စုစာရင်းမရှိသူများကို အသစ်ပြုလုပ်ပေး

**ဗန်းမောက် ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု သရက်ကုန်းကူးဆိပ်ရွှေမော် မဟာဗောဓိမ္မာရုံတွင် ဇွန်၂ ရက် နံနက် ၉ နာရီက ရက် ၁၀၀ သစ္စာ စီမံချက်အဖြစ် မြို့နယ်ဒေသများမှ ရွှေ့ပြောင်းနေထိုင်ကြသူများ၏ အိမ်ထောင်စုလူဦးရေစာရင်းများကို စနစ်တကျ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အိမ်ထောင်စုစာရင်းများ ထုတ်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုဦးစီးမှူး ဦးညီညီလွင် ခေါင်းဆောင်သောအဖွဲ့နှင့် မံအင်မင်းကုန်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်နှင့် အထောက်အကူပြု အဖွဲ့များ၊ ရာအိမ်မှူးများပူးပေါင်းကာ အိမ်ထောင်စု ၂၄၃ စု တို့ကို ကောက်ခံကူညီ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **(ယာပုံ)**

"အခု ကူးဆိပ်သရက်ကုန်း ရွှေမော်ကို ပြောင်းရွှေ့နေထိုင်ကြတဲ့ အိမ်ထောင်စုက ၂၄၃ စု၊ လူဦးရေက ၉၁၃ ယောက် ရှိပါတယ်၊ အများစုက တစ်နိုင်တစ်ပိုင် ရွှေတူးဖော်လုပ်ကိုင်ကြပြီး တချို့ကတော့ ဈေးရောင်းဈေးဝယ်တွေပါ။ ဒီကနေ့ပြီးရင် နောင်ရော ရွှေမော်မှာ ဆက်လက်ပြုလုပ်ပေးသွားမှာပါ" ဟု ဒုဦးစီးမှူး ဦးညီညီလွင်က ပြောသည်။

ဗန်းမောက်မြို့နယ်အတွင်းရှိ ရွှေမော်ဒေသများတွင် အကြောင်းအမျိုးမျိုးကြောင့် စီးပွားရှာဖွေသူများသည် အိမ်ထောင်စုစာရင်း အတည်တကျမရှိကြသည့်အတွက် သက်ဆိုင်ရာမြို့နယ်များမှ အိမ်ထောင်စုစာရင်းမှ ထွက်ခြင်း ထုတ်ယူခြင်းတို့ကို စနစ်တကျပြုလုပ်နိုင်ရန်အတွက် ရက် ၁၀၀ စီမံချက်အရ စာရင်းကောက်ယူပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**



# မြိတ်မြို့ ဆိပ်ငယ်ဗောတံတားအနီး ဖယ်ရီစက်လှေနှင့် သမ္ဗန်စက်လှေတို့ တိုက်မိ၊ သမ္ဗန်စက်လှေနစ်မြုပ်ပြီး လူတစ်ဦးပျောက်ဆုံး

**မြိတ် ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ဗောတံတားအနီးရေပြင်တွင် ဇွန် ၁ ရက် ည ၁၀ နာရီခွဲခန့်က အလုပ်သမားကြို/ပို့သည့် ဖယ်ရီစက်လှေနှင့် သမ္ဗန်စက်လှေတို့ တိုက်မိရာမှ သမ္ဗန်စက်လှေနစ်မြုပ်ကာ သမ္ဗန်စက်လှေမောင်း ရေထဲပြုတ်ကျသွားပြီး ယနေ့အချိန်ထိ ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း သိရသည်။

ကျွန်းစုမြို့နယ် ဆင်မယဉ်သာရွာနေ ပဲ့နင်း ဦးမောင်လွင်(၄၂ နှစ်) မောင်းနှင်ပြီး အလုပ်သမား ၃၀ ခန့် တင်ဆောင်၍ ပထော်ကမ်းဘက်မှ ဆိပ်ငယ်ဗော တံတားသို့ ထွက်ခွာလာသည့် ပြည့်ဖြိုးထွန်းကုမ္ပဏီအအေးခန်းစက်ရုံမှ အလုပ်သမား ကြို/ပို့ ဖယ်ရီစက်လှေသည် ဆိပ်ငယ်ဗောတံတားသို့မရောက်မီ ကိုက် ၁၀၀ ခန့်အကွာ ပြည့်ဖြိုးထွန်းကြို/ပို့ ဖယ်ရီစက်လှေ အမြဲတမ်းရပ်နေကျနေရာတွင် ဇွန် ၁ ရက် ည ၁၀ နာရီခွဲခန့်က သမ္ဗန်စက်လှေ ၁၀ စင်းခန့် ပိတ်ပြီးရပ်နေကြသဖြင့် ဖယ်ရီစက်လှေ ပဲ့နင်းဖြစ်သူ ဦးမောင်လွင်က ဖယ်ရှားပေးရန် ဟွန်းသံအကြိမ်ကြိမ်တီး၍ သတိပေးခဲ့ရာ ထိုသမ္ဗန်စက်လှေ ၁၀ စင်းခန့်မှာ စက်နိုး၍ အသီးသီးဖယ်ရှားပေးခဲ့ရာ ဖယ်ရီစက်လှေ လှေဦးထိပ်နားရှိ ဇော်ထွန်း(၃၅ နှစ်)သမ္ဗန်မောင်း ၂ လမ်း ဆင်မယဉ်သာရွာ ကျွန်းစုမြို့နယ်နေသူ မောင်းနှင်သည့် သမ္ဗန်စက်လှေမှာ ဝင်ရိုးအောက်ချကာ နောက်ပြန်ဆုတ်၍ထွက်ခွာစဉ် ဖယ်ရီစက်လှေ၏ ယာဘက်လှေ ဦးထိပ်နံဘေးအား ဝင်တိုက်မိသဖြင့် သမ္ဗန်စက်လှေမှာ နစ်မြုပ်သွားကာ သမ္ဗန်စက်လှေမောင်းသူ ဇော်ထွန်းမှာ ရေထဲသို့ ပြုတ်ကျသွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် စက်လှေနစ်မြုပ်၍ ရေထဲသို့ပြုတ်ကျသွားသည့် သမ္ဗန်စက်လှေမောင်းသူ ဇော်ထွန်းနှင့် သမ္ဗန်စက်လှေတို့ကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရေယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဇော်ထွန်းအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ဂျပန်နိုင်ငံမှပေးပို့လာသော မြင်းကျားသုံးကောင်ရောက်ရှိ

**နေပြည်တော် ဇွန် ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Sapporo Zoo တို့၏ တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်အရ ဂျပန်နိုင်ငံ Sapporo Zoo က ပေးပို့လာသော အာဖရိကမှ တင်သွင်းသည့် မြင်းကျားအထီး နှစ်ကောင်၊ အမ တစ်ကောင်သည် **(ဓါတ်ပုံ)** မေ ၃၁ ရက် ည ၇ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် လေယာဉ်ခရီးစဉ်အမှတ် TG 305 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။



အဆိုပါ မြင်းကျားသုံးကောင်ကို တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးဆောင်၍ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ သယ်ဆောင်လာပြီး ယာယီခြံလှောင်အိမ်အတွင်း ထည့်သွင်းပြသလျက်ရှိကြောင်းနှင့် မြင်းကျားများ ကျန်းမာလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖွဲ့ မြဝတီမြို့ရောက်ရှိ

**မြဝတီ ဇွန် ၃**

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေး ကားမောင်းခရီးစဉ်အဖြစ် Bright View Travels & Tours Co,Ltd နှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ အာသံပြည်နယ်အခြေစိုက် North East Federation on International Trade WEFIT ၏ အစီအစဉ်အဖြစ် အိန္ဒိယနိုင်ငံသားဧည့်သည် ၃၁ ဦးတို့သည် မော်တော်ယာဉ်ကိုးစီးဖြင့် ဇွန် ၃ ရက်က ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် မြဝတီမြို့ အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ဝင်ရောက်ကာ မြဝတီမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ချစ်ကြည်ရေး ကားမောင်းခရီးစဉ်အဖွဲ့သည် မေ ၂၄ ရက်က တမူးမြို့သို့ ရောက်ရှိပြီး တမူး-မုံရွာ-မန္တလေး-တောင်ကြီး-ကျိုင်းတုံနှင့် တာချီလိတ်မြို့များတွင် သွားရောက်လည်ပတ်ခဲ့သည်။ ထို့နောက် မေ ၂၇ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာကာ ဇွန် ၂ ရက်အထိ ထိုင်းနိုင်ငံအတွင်းလည်ပတ်ခဲ့ပြီး ဇွန် ၃ ရက် နံနက် ၉ နာရီက မြဝတီမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ချစ်ကြည်ရေး ကားမောင်း ခရီးစဉ်အဖွဲ့သည် မြဝတီမြို့မှ ရန်ကုန်-နေပြည်တော်-ပုဂံ-မုံရွာ-တမူး ခရီးစဉ်အတိုင်း သွားရောက်လည်ပတ်မည်ဖြစ်ပြီး ဇွန် ၈ ရက်တွင် တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**ပြင်ဆင်ဖတ်ရှုပါရန်**

ဇွန် ၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ ပါ ယာယီ မီးပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးပန်ကြား သတင်းမှ တတိယပိုဒ်တွင် ဇွန် ၆ ရက် **အစား** ဇွန် ၅ ရက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(မြန်မာ့အလင်း)


**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့ အထက (ဝေါ)တက္ကသိုလ်ဝင်တန်းမှ မောင်ထူးထူး၏ဖခင် အမည်မှန်မှာ ဦးခင်မောင်အေး ၇/ဝမန(နိုင်) ၀၁၂၀၉၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

အထက(၄)စမ်းချောင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဖွဲ့သူရိန်အောင်၏ ဖခင်အမည်မှန်မှာ ဦးလတ်ကိုကိုဝင်း ၁၂/မဂဒ(နိုင်)၀၉၀၉၂၃ ဖြစ်ပါသည်။

**ဝန်ထမ်းအလိုရှိသည်**

Aluminium ,Composite, U.PVC လုပ်ငန်းများနှင့် ပတ်သက်၍ ကျွမ်းကျင်သော ဝန်ထမ်းများအလိုရှိသည်။ လစာကောင်းကောင်းပေးမည်။ နေစရာစီစဉ်ပေးမည်။ လျှောက်ထားလိုသူများသည် CV Form နှင့်တကွ လာရောက်လျှောက်ထားနိုင်သည်။

**ဆက်သွယ်ရန်လိပ်စာ-** အမှတ် ၂၄၂၊ ကမာကြည်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊

**ဆက်သွယ်ရန်ဖုန်း** - ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာ သုံးခန်းတွဲ သုံးထပ်၊ ပေ (၆၀×၃၀) (RC)အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဆောက်လုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၆ရက်
(ခ) **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** - ၁၉-၆-၂၀၁၆ရက်
(ဂ) **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - စီမံဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
(ဃ) **တင်ဒါပုံစံ ဖွင့်မည့်ရက်** - ၂၁-၆-၂၀၁၆ရက် မွန်းတည့် ၁၂ နာရီ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ) ဖြင့် ၆-၆-၂၀၁၆ရက်မှ စတင်၍ ရုံးချိန်အတွင်း တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ စီမံဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၃-၂၈၆၇၆၊ ၀၆၃-၂၈၇၀၀တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**စီးပွားရေးလုပ်လိုသူများအတွက် အထူးအခွင့်အရေး**

လေးလမ်းသွားလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်ပါ၊ မျက်နှာ၁၀ ပေ ၁၁၀၊ Sqft 6324၊ ပါမစ်မြေ၊ စက်မှုဇုန် ဒဂုံတက္ကသိုလ်၊ တက္ကသိုလ်ရိပ်မွန်အနီး၊ မင်းရဲကျော်စွာလမ်းနှင့် ကျန်စစ်သားလမ်းဆုံလမ်းထောင့်၊ မျက်နှာစာရှေ့တွင် ကားရပ်နားရန် ၁၀ ပေ ကျန်ရှိပြီး၊ စားသောက်ဆိုင်ဖွင့်လိုသူများ၊ အထပ်မြင့်ဆောက်လိုသူများအတွက် စီးပွားရေးလုပ်ရန်အချက်အချာကျနေရာကောင်း။ ၄င်းမြေကွက်အနီးတွင် ဘဏ်များမရှိသောကြောင့် ဘဏ်ဖွင့်လိုသူများအတွက် အထူးအခွင့်အရေး။

**ကျပ်သိန်း(၃၀၀၀)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁**

**အမည်ပြောင်း**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာအုပ်စုနေ ဦးအောင်ငွေ ၁/မညန(နိုင်) ၀၈၂၉၂၂၏ သမီးများဖြစ်သော အထက(မော်ဟန်)သတ္တမတန်း(က)မှ မနန်းဟွမ်ဖွေးအား နန်းခိုင်ရွှေရည်လင်းဟုလည်းကောင်း၊ အထက(မော်ဟန်) ပဉ္စမတန်း(ဂ)မှ မနန်းဖွေးလောင်အား မနန်းဆုရတီထက်ဟု ပြောင်းလဲခေါ်ပါရန်။

**နန်းခိုင်ရွှေရည်လင်း၊ မနန်းဆုရတီထက်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/ 1152 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖခင်အမည်မှန်**

သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း၊ န၀မတန်း(ကုမုဒြာ)ဆောင်မှ မယွန်းနဒီထက်၏ဖခင်အမည်မှန်မှာ ဦးလှမျိုး ၁၂/ပဘတ(နိုင်)၀၂၈၆၀၂ ဖြစ်ပါကြောင်း။

# မိုးကုတ်မြို့၌ ကျင်းအမိုးမှ ကျောက်တုံးပြုတ်ကျ၍ ကျင်းသားသုံးဦး သေဆုံး

**မိုးကုတ် ဇွန် ၃**

မိုးကုတ်မြို့ လျှန်ရှန်းကျောက်မျက်တူးဖော်ရေးကုမ္ပဏီ ကျောက်ဆောင်ကျေးရွာမှ ကျင်းသားသုံးဦးသည် ဇွန် ၁ ရက်က ကျင်းလမ်းကြောင်း ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကျင်းအမိုးပေါ်ရှိ ကျန်ဖတ်ကျောက်တုံးပြုတ်ကျရာမှ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လျှန်ရှန်းကျောက်မျက်တူးဖော်ရေးကုမ္ပဏီမှ လုပ်သားများဖြစ်သော အောင်မျိုးသူ (၁၆)နှစ်၊ မျိုးလွင်(၁၆ နှစ်)နှင့် ရဲဝင်းကို (၂၀ နှစ်) တို့သည် လျှန်ရှန်းကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ မြေအောက်ပေ ၃၅၀ ခန့်ရှိ တွင်းအမှတ်(၇)၌ တွင်းလမ်းကြောင်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ် ၎င်းတို့ အလုပ်လုပ်သည့်နေရာမှ ၁၅ ပေခန့်အမြင့်တွင်ရှိသည့် လမ်းကြောင်းအမိုးပေါ်မှ လေးပေပတ်လည်ခန့် ကျန်ဖတ်ကျောက်တုံးပြုတ်ကျကာ ၎င်းတို့ သုံးဦးအား ထိမှန်ခဲ့ရာ ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြပြီး မိုးကုတ်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ကြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် ဒုရဲအုပ်နေလွင်ဌေးက သတင်းပေးတိုင်တန်းသဖြင့် မိုးကုတ်မြို့ မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

# ကွင်းဆက်ဖော်ထုတ်ရာမှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း ခုနစ်သောင်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃**

မူးယစ်တပ်ဖွဲ့စု(၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက်က ပြင်ဖြူနယ်မြေရဲစခန်း မယ(ပ)၉/၂၀၁၆၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၁ အမှုမှ ပြစ်မှုကျူးလွန်သူ မောန်တက်ဟူဆောင်းအား စစ်ဆေးဖော်ထုတ်ချက်အရ မောင်တောမြို့နယ် လသာ(အောက်)ကျေးရွာနေ ဇာဖာဟူစိန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅၁၂၀ သိမ်းဆည်းရမိသည်။

အလားတူ ဇွန် ၁ ရက်က ဘော်ဒေကျေးရွာ အုပ်ချုပ်ရေးအထောက်အကူပြုအဖွဲ့သည် မိုးမိတ်မြို့နယ် ဘော်ဒေကျေးရွာ ဘော်ဒေ-စစ်တုံအခင်းသွားတောလမ်း၌ တွေ့ရှိသူ ဆန်းဝင်းနှင့် မအေးတို့အား ရှာဖွေရာ ဆန်းဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကို သိမ်းဆည်းရမိပြီး မိုးမိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက မိုးမိတ်မြို့နယ် ဘော်ဒေကျေးရွာရှိ ၎င်းတို့နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၇၂၀၀ ကို လည်းကောင်း၊ ထို့အတူ ဇွန် ၃ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ကားလမ်းမပေါ်၌ တင်ဝေထူး မောင်းနှင်ပြီး မအေးအေးခိုင် လိုက်ပါလာသော ယာဉ်အမှတ် YGN-9H/---- တိုယိုတာ ကရောင်း မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ဇာဖာဟူစိန်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

# တာချီလိတ်၌ တစ်ရက်တည်း သေနတ်ပစ်ခတ်မှု နှစ်ကြိမ်ဖြစ်၊ တစ်ဦးသေဆုံး

**တာချီလိတ် ဇွန် ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်၌ တစ်ရက်တည်း သေနတ်ပစ်ခတ်မှု နှစ်ကြိမ် ဖြစ်ပွားခဲ့သည့်အတွက် တစ်ဦး ဒဏ်ရာရရှိကာ တစ်ဦးသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဇွန်၂ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ မယ်ခေါင် ရပ်ကွက် ၉ လမ်း၌ အားဂါနှင့် လော်ယာတို့ ဆိုင်ကယ်ပေါင်သည့်ကိစ္စဖြင့် စကားများရာမှ အားဂါက ခြောက်လုံးပြူးသေနတ်ဖြင့် တစ်ချက်ပစ်လိုက်ရာ လော်ယာနှင့်အတူပါလာသည့် သက်ဟိန်းစိုးအား ထိမှန်ခဲ့ပြီး အားဂါမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

သေနတ်ပစ်ခတ်ခံရမှုကြောင့် သက်ဟိန်းစိုးတွင် ဒဏ်ရာများ ရရှိကာ တာချီလိတ်ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူလျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်သွားသည့် အားဂါကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ထားသည်။

ဇွန် ၂ ရက် ညနေ ၅ နာရီခွဲခန့်ကလည်း တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဝမ်ကောင်း(၁)ကျေးရွာနေ ဦးအားဂျာအား ယောက်ဖတော်စပ်သူ အားဂေ့က တူမီးသေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာများ ပြင်းထန်စွာရရှိပြီး တာချီလိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့သည်။

ယောက်ဖဖြစ်သူအား တူမီးသေနတ်ဖြင့်ပစ်ခတ်ကာ ထွက်ပြေးတိမ်းရှောင်နေသည့် အားဂေ့အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်၍ အမြန်ဆုံးဖမ်းဆီးရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းကဲ့သို့ တစ်ရက်တာအတွင်း သေနတ်ပစ်ခတ်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး တရားမဝင် လက်နက်ပုန်းကိုင်ဆောင်နေသူများကြောင့် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်နေရကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ဒက္ခိဏသီရိမြို့နယ် ရတီလမ်းနှင့် ရွှေနှင်းဆီလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်

**နေပြည်တော် ဇွန် ၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက် ရတီလမ်းနှင့်ရွှေနှင်းဆီလမ်းဆုံ၌ ယနေ့နံနက် ၉ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ယာဉ်မောင်းနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ရတီလမ်းအတိုင်း တောင်မှ မြောက်သို့ ဒက္ခိဏသီရိရပ်ကွက်နေသူ ယာဉ်မောင်း ဦးကျော်စွာမြင့် (၄၁ နှစ်) မောင်းနှင်လာသော 7H/---- တိုယိုတာယာဉ်နှင့် ရွှေနှင်းဆီလမ်းအတိုင်း အရှေ့မှ အနောက်သို့ ယာဉ်မောင်း ဦးဝင်းထိန် (၆၆ နှစ်)ဒက္ခိဏသီရိရပ်ကွက်နေသူမောင်းနှင်လာသည့် 3F/ ---- ဟွန်ဒါဖစ်ယာဉ်တို့သည် အရှိန်ပြင်းစွာမောင်းနှင်လာမှုကြောင့် လမ်းဆုံ၌ ယာဉ်တိုက်မှု ဖြစ်ပွားရာ **(အောက်ပုံ)** ယာဉ်မောင်း ဦးကျော်စွာမြင့်တွင် ဒဏ်ရာ(မစိုးရိမ်ရ)၊ ယာဉ်မောင်း ဦးဝင်းထိန်တွင် (မစိုးရိမ်ရ)ဒဏ်ရာများရရှိရာ နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေပြီး ဒက္ခိဏသီရိမြို့မရဲစခန်းက ယာဉ်မောင်း နှစ်ဦးအား အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါက်ခေါင်းမြို့ အထက အိုးဘိုကုန်း အဌမတန်းမှ မနန်းရွှေရည်၏ဖခင် ဦးချိုဦးနှင့် ဦးအောင်ချိုဦး ၇/ပခတ(နိုင်)၀၃၅၇၉၇သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

အမက (၆)အင်းစိန် တတိယတန်း(A)အောင်မှ နော်ထီးမူးဖော၏ ဖခင်အမည်မှန်မှာ စောဒန်နရေးလ ၁၄/ပသရ(နိုင်)၀၀၉၅၂၂ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၂)အဌမတန်းမှ မောင်အောင်ကျော်ဇံ၏ ဖခင်အမည်မှန်မှာ ဦးစောအောင် ၉/ပမန(နိုင်)၁၄၂၅၅၉ဖြစ်ပါကြောင်း။ **ဦးစောအောင် ၉/ပမန(နိုင်)၁၄၂၅၅၉**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၉၅၂၈၅ Honda Dream 125 မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဒေါ်မီမီကျော် ၇/ပတန(နိုင်)၁၀၉၃၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၈ယ/၅၂၈၆၁ Suzuki Smash 1/2 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာဌေး ၇/ပတန(နိုင်)၀၆၈၈၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)**

**ဥက္ကလာဂေါက်ကွင်း၌တစ်ချက်တည်းကျင်းဝင်**

ရန်ကုန်မြို့၊ ဥက္ကလာဂေါက်ကွင်း၌ ၂-၆-၂၀၁၆ရက်တွင် လာရောက်ကစားကြ သည့် ကစားသမားများအနက်မှ ဦးပေါက်သည် ကစားဖော် ဦးဆန်းလွင်၊ ဦးကျော်စွာတို့နှင့်အတူ ညနေ ၅း၃၅ နာရီတွင် ကျင်းအမှတ် (၁၅)၌ အကွာ အဝေး(၁၇၉)ကိုက်အကွာမှ Callway N0.2 ဘောလုံးကို Power Vilt IRON N0.5ဖြင့်ရိုက်၍ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ယခု Hole In One ရရှိခြင်းသည် တောင်ဥက္ကလာဂေါက်ကွင်းသစ် စတင် ဖွင့်လှစ်ချိန်မှစ၍ တတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ရရှိစဉ်က Belta ကားအသစ် တစ်စီးချီးမြှင့်ပေးအပ်ခဲ့ပြီး ဆက်လက်၍ KENBO 110 ဆိုင်ကယ်အသစ်တစ်စီးစီ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ဦးပေါက်သည် မေလအတွင်း (၁၀)ကြိမ်နှင့်အထက် လာရောက်ကစားသူဖြစ်သည့်အတွက် Promotion အနေဖြင့် Green Fees အခမဲ့တစ်ကြိမ် လာရောက်ကစားစဉ် တစ်ချက်တည်းကျင်းဝင်ခဲ့ခြင်းဖြစ်သည်။

**ဥက္ကလာဂေါက်ကလပ်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4E/8418 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5B/5371 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ (ရွာသာကြီး)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3E/5387၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ (ရွာသာကြီး)**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ကိုးသိန်းမြောက်အကွက်၊ ဦးပိုင်အမှတ်(၁၆-ဈ)၊ ဧရိယာ၀ဒသမ ၀၂၇ ဧကရှိမြေအား ဦးဝေမိုးက ၎င်း၏အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

Organized by MPS Myanmar Promotional Services (MPS) Company Limited

MONEY Expo 2016

ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပြပွဲကြီး

Main Sponsor: C B BANK | Diamond Sponsor: TRUSTLINK System Integrator | Co Sponsor: ZARA

စနေနေ့နှင့်တနင်္ဂနွေနေ့တွင် ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဟောပြောပွဲကိုနေ့လည် (၁)နာရီမှ (၃)နာရီအထိ ကျင်းပသွားမည် ဖြစ်ပါသည်။ စိတ်ပါဝင်စားသူများ မည်သူမဆိုအခမဲ့ တက်ရောက်နိုင်ပါသည်။

June 3rd to 5th, 2016 | 9:00 AM to5:00 PM | Tatmadaw Hall

Contact Phone -09 43096666, 09 420001617, 09 250527722, 01-513903 Website : www.mpsexhibitions.com

# မစ္စမြန်မာဝေါလ် ၂၀၁၆ ပြိုင်ပွဲ နောက်ဆုံး Winner ဆုရှင်ကို ယနေ့ရွေးချယ်မည်

ရန်ကုန် ဇွန် ၃

Miss World 2016 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် Miss Myanmar World 2016 Winner ဆုရှင်ကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ဝေဇယန္တာလမ်းပေါ်ရှိ ဂန္ဓမာဟိုးဆေး ခန်းမ၌ နောက်ဆုံးရွေးချယ်ခဲ့သည့် ဆန်ခါတင် အလှမယ် ၂၀ အနက်မှ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် (၆၆)ကြိမ်မြောက် Miss World 2016 ပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်ကတည်းက Miss Myanmar World 2014 ပြိုင်ပွဲများ ကျင်းပပြီး စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယခုအကြိမ်ဆိုလျှင် သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယနေ့ နောက်ဆုံးအဆင့် Winner ဆုရှင် ရွေးချယ်မှုကို နောက်ဆုံးဆန်ခါတင်ရွေးချယ်ခဲ့သည့် Miss Myanmar World 2016 ပြိုင်ပွဲဝင် အလှမယ် ၂၀ မှာ ခါးနံပါတ်(၁) ဂျဲ့ဂျဲ့(ခင်စန္ဒာကြည်)၊ ခါးနံပါတ်(၂) Bella၊ ခါးနံပါတ်(၃) ရွှေအိမ်စည်၊ ခါးနံပါတ်(၄) မိုးမြင့်သူခမ်း၊ ခါးနံပါတ်(၅) M ဂျာဆိုင်း၊ ခါးနံပါတ်(၆) နီနီမင်းသူ၊ ခါးနံပါတ်(၇) ပိုးစန္ဒာခင်၊ ခါးနံပါတ်(၈) Thadar Mariah၊ ခါးနံပါတ်(၉) လရိပ်ပြာ၊ ခါးနံပါတ်(၁၀) Tracy၊ ခါးနံပါတ်(၁၁) လုလုဆိုင်းမိုင်၊ ခါးနံပါတ် (၁၂) Pinky May(မြတ်မွန်ရီ)၊ ခါးနံပါတ်(၁၃) ရွှန်းလဲ့ရတီ၊ ခါးနံပါတ် (၁၄) သဥ္ဇာကျော်၊ ခါးနံပါတ်(၁၅) ဇွန်သဇင်သဲ၊ ခါးနံပါတ်(၁၆) ထွန်းပုလဲရတနာ၊ ခါးနံပါတ်(၁၇) Seng Ja Htun၊ ခါးနံပါတ်(၁၈) လဲ့ယမင်းဦး၊ ခါးနံပါတ်(၁၉) Jelly နှင့် ခါးနံပါတ်(၂၀) ရွှန်းယမုံတို့ ဖြစ်ကြသည်။

Miss Myanmar World 2016 ပြိုင်ပွဲတွင် Winner ဆုကို Organization က ချီးမြှင့်ပေးမည့် ငွေကျပ်သိန်း ၁၀၀ နှင့် Phuket pearl မှ Crown၊ 1st Runner Up ရရှိသူကို ငွေကျပ်သိန်း ၃၀ နှင့် Phuket pearl မှ 1st Runner Up Crown၊ 2nd Runner Up ရရှိသူကို ငွေကျပ်သိန်း ၂၀ နှင့်အတူ 2nd Runner Up Crown တို့နှင့်အတူ အခြားသော ဆုပေါင်းများစွာကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မင်းခေတ်**

**ဓာတ်ပုံ - မင်းထက်**



Miss Myanmar World 2016 အလှမယ်များ ဇွန် ၃ ရက် ညပိုင်းက ဝတ်စုံပြည့်လှေကျင့်မှုများ ပြုလုပ်နေစဉ်

## ● ကျော်ဖုံးမှ

ကျော်ကိုကိုအား အနားပေးကာ သန်းပိုင်ကို ထည့်ပြီး အောင်သူနှင့် တွဲပေးခဲ့သည်။ ပွဲထွက်လူစာရင်းတွင် ရန်အောင်ကျော်၊ ရဲကိုဦး၊ ဇော်မင်းထွန်း၊ မောင်မောင်လွင်တို့ဖြင့် လူစုံပါဝင်ခဲ့ပြီး စင်ကာပူအသင်းမှာ နာမည်ကြီးကစားသမား အစ္စဟတ်ကို အနားပေးထားသည်။ မြန်မာအသင်းမှာ များပြားလှသော ပရိသတ်၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ပွဲစကတည်းက ဖိကစားခဲ့ပြီး သန်းပိုင်၏ အပိုင်ကန်သွင်းမှုကို စင်ကာပူကစားသမား ကာကွယ်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ဖြတ်တင်ဘောများထက် တွဲလုံးများဖြင့် အဓိက တိုက်စစ်ဆင်ခဲ့ပြီး စင်ကာပူနောက်တန်း အကြိမ်ကြိမ် ထိန်းနေရသည်။ ၃၄ မိနစ်တွင် မြန်မာအသင်း မထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး ယင်းဂိုးမှာ စင်ကာပူအသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြစ်ခဲ့သည်။ အဆိုပါ ဂိုးကို ဖာရက်စ်ဘင်ရာဗလီက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရှိရန်အတွက် ကြည်လင်း၊ ကျော်ကိုကို၊ ဆောင်လမန်တို့ကို ထည့်ပြီး တိုက်စစ်မြှင့်ခဲ့သည်။ ကြည်လင်း ဝင်လာ၍ မြန်မာအသင်း ညာတောင်ပံတိုက်စစ် ပိုကောင်းလာသော်လည်း စင်ကာပူနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ကြည်လင်းနှင့် အောင်သူတို့၏ အဝေးကန်ချက်များကိုလည်း စင်ကာပူဂိုးသမား ကာကွယ်နိုင်ခဲ့၍ မြန်မာအသင်း ချေပဂိုးနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

မြန်မာဘောလုံးပရိသတ်အနေဖြင့် ကွင်းလုံးပြည့်နီးပါး လာရောက်အားပေးခဲ့ရာ ကျေနပ်စရာ ကောင်းခဲ့သော်လည်း ပရိသတ်အချို့မှာ ရှုံးနိမ့်မှုကို လက်ခံနိုင်ရန် လိုအပ်နေသေးပြီး ပွဲအပြီးတွင် အရာဝတ္ထုများဖြင့် ပစ်ပေါက်မှုအချို့ ရှိခဲ့သည်။

ဆီမီးဖိုင်နယ် ပထမပွဲစဉ်တွင် ဗီယက်နမ်အသင်းက ဟောင်ကောင်အသင်းကို စုစုပေါင်း ဂိုးရလဒ် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။ မိနစ် ၉၀ အတွင်း နှစ်ဂိုးစီ သရေကျနေရာ အချိန်ပိုဆက်မကန်ဘဲ ပယ်နယ်တီတိုက်ရိုက်ကန်ခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေပြီး ၄၈ မိနစ်တွင် မက်ကီးက ဟောင်ကောင်အတွက် ဂိုးစတင်သွင်းယူခဲ့သည်။ သို့သော် ဝါရင့်တိုက်စစ်မှူး လီဃောင်မင်းက ဗီယက်နမ်အတွက် ၅၈ မိနစ်တွင် ချေပဂိုး၊ ၆၂ မိနစ်တွင် ဦးဆောင်ဂိုးတို့ကို သွင်းယူခဲ့သည်။ ဟောင်ကောင်အတွက် ချေပဂိုးကို ၇၇ မိနစ်တွင် မက်ကီးကပင် သွင်းယူခဲ့သည်။ နှစ်ဂိုးစီ သရေကျနေပြီး ပယ်နယ်တီ ငါးလုံးစီ ကန်သွင်းရာ ဗီယက်နမ်က လေးဂိုးဝင်ပြီး ဟောင်ကောင်က သုံးဂိုးသာ ဝင်ခဲ့သောကြောင့် ဗီယက်နမ်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် တတိယနေရာလုပွဲအဖြစ် ဟောင်ကောင်နှင့် မြန်မာ၊ ညနေ ၆ နာရီတွင် ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် စင်ကာပူတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# ကိုပါအမေရိကဖလား အုပ်စုပွဲစဉ်များ

| | | | |
|---|---|---|---|
| **ဇွန် ၅ ရက်** | | | |
| ကော်စတာရီကာ | - | ပါရာဂွေး | (နံနက် ၃း၃၀) |
| ဟေတီ | - | ပီရူး | (နံနက် ၆း၀၀) |
| ဘရာဇီး | - | အီကွေဒေါ | (နံနက် ၈း၃၀) |
| **ဇွန် ၆ ရက်** | | | |
| ဂျမေကာ | - | ဗင်နီဇွဲလား | (နံနက် ၃း၃၀) |
| မက္ကဆီကို | - | ဥရုဂွေး | (နံနက် ၆း၃၀) |
| **ဇွန် ၇ ရက်** | | | |
| ပနားမား | - | ဘိုလီဗီးယား | (နံနက် ၅း၃၀) |
| အာဂျင်တီးနား | - | ချီလီ | (နံနက် ၈း၃၀) |
| **ဇွန် ၈ ရက်** | | | |
| အမေရိကန် | - | ကော်စတာရီကာ | (နံနက် ၆း၃၀) |
| ကိုလံဘီယာ | - | ပါရာဂွေး | (နံနက် ၉း၀၀) |
| **ဇွန် ၉ ရက်** | | | |
| ဘရာဇီး | - | ဟေတီ | (နံနက် ၆း၀၀) |
| အီကွေဒေါ | - | ပီရူး | (နံနက် ၈း၃၀) |
| **ဇွန် ၁၀ ရက်** | | | |
| ဥရုဂွေး | - | ဗင်နီဇွဲလား | (နံနက် ၆း၀၀) |
| မက္ကဆီကို | - | ဂျမေကာ | (နံနက် ၈း၃၀) |
| **ဇွန် ၁၁ ရက်** | | | |
| ချီလီ | - | ဘိုလီဗီးယား | (နံနက် ၅း၃၀) |
| အာဂျင်တီးနား | - | ပနားမား | (နံနက် ၈း၀၀) |
| **ဇွန် ၁၂ ရက်** | | | |
| အမေရိကန် | - | ပါရာဂွေး | (နံနက် ၅း၃၀) |
| ကိုလံဘီယာ | - | ကော်စတာရီကာ | (နံနက် ၇း ၃၀) |
| **ဇွန် ၁၃ ရက်** | | | |
| အီကွေဒေါ | - | ဟေတီ | (နံနက် ၅း ၀၀) |
| ဘရာဇီး | - | ပီရူး | (နံနက် ၇း ၀၀) |
| **ဇွန် ၁၄ ရက်** | | | |
| မက္ကဆီကို | - | ဗင်နီဇွဲလား | (နံနက် ၆ း ၃၀) |
| ဥရုဂွေး | - | ဂျမေကာ | (နံနက် ၈း ၃၀) |
| **ဇွန် ၁၅ ရက်** | | | |
| ချီလီ | - | ပနားမား | (နံနက် ၆း ၃၀) |
| အာဂျင်တီးနား | - | ဘိုလီဗီးယား | (နံနက် ၈း ၃၀) |

■ သီဟ

# အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃

အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ၁၀ မီတာ လေပစ္စတို၊ ၁၀ မီတာ လေရိုင်ဖယ်၊ အမျိုးသား အမျိုးသမီး ပစ်ခတ်စဉ် လေးမျိုးအား အလွတ်တန်း၊ လူသစ်တန်းခွဲခြားကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးလျှင် ပြိုင်ပွဲအမျိုးအစားနှစ်မျိုး ယှဉ်ပြိုင်နိုင်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများ ဇွန် ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်ရုံး ဖုန်း - ၀၁ - ၈၀၁၁၀၇၅၊ ၀၉-၄၉၂၉၄၅၄၄ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ် အခြေခံပညာဦးစီးဌာနအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ် အသီးသီးမှ အခြေခံပညာကျောင်းများသို့ ကျောင်းသုံးပရိဘောဂများ ဖြန့်ဝေဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (၁) | ဘားအံမြို့နယ် | ခုံနိမ့်ရှည် ၁၅၉၀စုံ၊ ခုံမြင့်ရှည် ၉၂၅စုံ |
| (၂) | လှိုင်းဘွဲမြို့နယ် | ခုံနိမ့်ရှည် ၇၆၄စုံ၊ ခုံမြင့်ရှည် ၃၁၁စုံ |
| (၃) | သံတောင်မြို့နယ် | ခုံနိမ့်ရှည် ၁၁၆၆စုံ၊ ခုံမြင့်ရှည် ၄၀၀စုံ |
| (၄) | ဖာပွန်မြို့နယ် | ခုံနိမ့်ရှည် ၅၀၃စုံ၊ ခုံမြင့်ရှည် ၆၅စုံ |
| (၅) | ကော့ကရိတ်မြို့နယ် | ခုံနိမ့်ရှည် ၇၂၀စုံ၊ ခုံမြင့်ရှည် ၅၈စုံ |
| (၆) | ကြာအင်းဆိပ်ကြီးမြို့နယ် | ခုံနိမ့်ရှည် ၁၀၁၈စုံ၊ ခုံမြင့်ရှည် ၅၈၆စုံ |
| (၇) | မြဝတီမြို့နယ် | ခုံနိမ့်ရှည် ၁၈၀စုံ၊ ခုံမြင့်ရှည် ၄၅စုံ |
| | စုစုပေါင်း | ခုံနိမ့်ရှည် ၅၉၄၁စုံ၊ ခုံမြင့်ရှည် ၂၃၉၃စုံ |

၂။ သို့ပါ၍ စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့် ပတ်သက်ပြီး ဆောက်လုပ်ရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ်ပညာရေးမှူးရုံး၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါ သည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၆ရက်
**တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက်** - ၂၆-၆-၂၀၁၆ရက် ၁၆း၀၀နာရီတိတိ
**တင်ဒါပုံစံ ပြန်လည်တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၆-၆-၂၀၁၆ရက် ၁၆း၀၀နာရီတိတိ

၄။ အသေးစိတ်သိလိုသော အချက်အလက်များအား တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ ဖုန်း-၀၅၈-၂၃၂၂၈သို့လည်းကောင်း၊ ကရင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၈-၂၁၁၃၃၊ ၀၅၈-၂၁၄၅၅သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကြီးကြပ်ရေးကော်မတီ**

**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)**
**တံတားအထူးအဖွဲ့(၁)**
**တည်ဆောက်ရေးပစ္စည်း တင်ဒါခေါ်ယူခြင်း**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်**
**တင်ဒါအမှတ်စဉ်(၂)**

**ရက်စွဲ ၂၀၁၆ခုနှစ် ဇွန် ၂ ရက်**

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁)မှ တင်ဒါအမှတ်စဉ် (၂/၂၀၁၆)ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ ဆောင်ရွက်မည့်တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအားလုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၄-၆-၂၀၁၆ရက်
**တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၁၇-၆-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၇-၆-၂၀၁၆ရက်၊ နံနက် ၁၀း၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဒု-ညွှန်ကြားရေးမှူးရုံးတံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ဒု-ညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့ (၁) မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁)**

ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၇၈၁၈၂၅၂၂၃၊ ၀၉-၂၅၃၇၈၈၂၀၀

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပေါင်းတည်မြို့နယ်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၀**

၁။ ဦးတင်ဦး **နှင့်** ဒေါ်ရီရီခိုင်
၂။ ဒေါ်မြစန်း
**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အဝေးပြေးဝင်း၊ အောင်မင်္ဂလာ၊ ၄A ၇/၆၊ မုံရွာလမ်း၊ ဖြူဖွေး(ပြည်)ထမင်းသုပ်ဆိုင်နေ ဒေါ်ရီရီခိုင် (ယခုနေရပ်လိပ်စာမသိ) သူ သိစေရမည်။

သင့်အပေါ်(၁)တရားလို ဦးတင်ဦး၊ (၂) တရားလို ဒေါ်မြစန်းက ကိတ္တိမပေးစားခြင်း မှတ်ပုံတင်စာချုပ်အား ရုပ်သိမ်းပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေဖြစ်စေ၊ ၂၀၁၆ခုနှစ် ဇွန် ၁၄ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြအောင်)
မြို့နယ်တရားသူကြီး
ပေါင်းတည်မြို့နယ်တရားရုံး

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၇၆၉၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၇/တငန(နိုင်)၁၃၃၂၅၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

**အမည်မှန်နှင့် ဖခင်အမည်မှန်**

မိုးကောင်းမြို့နယ် ပင်းဘော အမက(၁) တတိယတန်းမှ မရတီ အိမ့်ကျော်ဇင်၏ အမည်မှန်မှာ မရတီလင်းလက်ချိုဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၉/အမဇ(နိုင်)၀၆၆၉၉၅ ဖြစ်ပါကြောင်း။

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဇွန်လ (၄/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**စက်မှုရုန်မြေကွက်**
ဈေးနှုန်းသက်သာစွာဖြင့်
ဝယ်လိုသည်။
09-979304463
09-5140607

**ဖခင်အမည်မှန်**

မြင်းခြံမြို့နယ် တလုပ်မြို့ အထက နဝမတန်းမှ မအိမြတ်စိုး၏ ဖခင် ဦးတင်စိုးနှင့် ဦးတင်မောင်စိုး ၉/မခန(နိုင်)၀၄၂၁၃၉ မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မုံရွေး-ကြေးမုံ အထက တက္ကသိုလ်ဝင်တန်း(A)မှ မစန်းစန်းသင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဇော ၈/မမန(နိုင်)၁၃၈၂၀၄ ဖြစ်ပါသည်။

**ဦးအောင်ကျော်ဇော**

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## နန်းကျင်းဆောင်ကျေးရွာ၏ စိမ့်မြောင်းသဲနုန်းများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်

**ကလေး ဇွန် ၃**

ကလေးမြို့နယ် နန်းကျင်းဆောင်ကျေးရွာတောင်သူများ၏ မိုးစပါး ဧက ၃၅၀ အတွက် ရေပေးဝေနိုင်သော နန်းကျင်းဆောင်ကျေးရွာ စိမ့်မြောင်းမကြီးအတွင်းရှိ သဲနုန်းမြေများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းကို မေလနောက်ဆုံးပတ်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နန်းကျင်းဆောင် စိမ့်မြောင်းမကြီးသည် ရေတံခါး ငါးပေရှိအပေါက် သုံးပေါက်ပါရှိပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်က ရွာသွန်းခဲ့သောမိုးကြောင့် မြောင်းမကြီးအတွင်း သဲနုန်းမြေများ ဖုံးလွှမ်းသွားခဲ့ရာ ၂၀၁၆ ခုနှစ် မိုးစပါးအမီစိုက်ပျိုးနိုင်ရန်အတွက် တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ခရိုင်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူကာ Back Hoe SRD- 08 စက်ယန္တရားကြီးကို အသုံးပြုလျက် သဲနုန်းမြေများ တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။

“အခုလို တိုင်းဒေသကြီးအစိုးရရဲ့အစီအစဉ်နဲ့ သဲနုန်းမြေတွေကို ပြန်ပြီးတော့ ဖော်ထုတ်ပေးတဲ့အတွက် အခုနှစ်မှာတော့ စိုက်ပျိုးရေးမှာ ပြန်ပြီး အဆင်ပြေလာတော့မယ် ဆိုတော့ ကျွန်တော်တို့ တောင်သူတွေအားလုံး အတိုင်းမသိ ဝမ်းမြောက်ကြပါတယ်။ ပြီးခဲ့တဲ့ ရေကြီးရေလျှံတုန်းကဆိုရင် ကျွန်တော်တို့ လယ်ယာမြေမှာအသုံးပြုတဲ့ ဒီစိမ့်မြောင်းမကြီးထဲကို သဲနုန်းမြေတွေ ဖုံးကုန်တော့ ကျွန်တော်တို့ တောင်သူလယ်သမားအားလုံး အလွန်ပဲ စိတ်ဓာတ်ကျခဲ့ပါတယ်။ ဒါပေမယ့် အခုတော့ မိမိတို့ရဲ့ လယ်ယာလုပ်ငန်းခွင်ကို ပြန်ပြီး စိုက်ပျိုးလုပ်ကိုင်နိုင်တော့မယ် ” ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယင်း စိမ့်မြောင်းမကြီးသည် အရှည် ပေ ၇၀၀၀ ရှိပြီး ရေနုတ်မြောင်းအဖြစ် အသုံးပြုကာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် စိမ့်မြောင်းရေသောက်တောင်သူများက ကုန်ကျစရိတ်အားလုံးကျခံ၍ ဆောင်ရွက်လျက်ရှိရာ မြောင်းမကြီးအတွင်းရှိ သဲနုန်းမြေ ၃၃၀၀ ကျင်း တူးဖော်ခြင်းလုပ်ငန်းပြီးစီးပါက မိုးစပါးဧကအပြည့်ကို အချိန်မီ စိုက်ပျိုးနိုင်မည့်အပြင် မိုးရာသီရေကြီးချိန်တွင် လယ်ယာမြေများပျက်စီးခြင်းမှ ကင်းဝေးသွားမည်ဖြစ်ကြောင်း ခရိုင်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိဦးတင့်လွင်ဦးထံမှ သိရသည်။

**ချင်းတွင်းသား**





ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရွာမရပ်ကွက် အေးငြိမ်းသာမြို့သစ်တွင် 11/0.4KV-100KVA ထရန်စဖော်မာတစ်လုံးကို မြို့နယ်လျှပ်စစ်မှူး ဦးထွန်းထွန်းဦးနှင့်ဝန်ထမ်းများက မေလနောက်ဆုံးပတ်က တပ်ဆင်ပေးခဲ့စဉ် (ဝ၆၂)

## မြေငှားဂရန် ထုတ်ပေးနိုင်ရေး ဆိပ်ဖြူ၌ ဆွေးနွေး

**ဆိပ်ဖြူ ဇွန် ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရက် ၁၀၀ စီမံချက် ကျေးရွာ မြေငှားဂရန် (Lease) ထုတ်ပေးနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲပိုင်းက ကိုးတောင့်ကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာ ဓမ္မာရုံတွင် ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက ကျေးရွာမြေငှားဂရန် (Lease) ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်များနှင့် မြေငှားဂရန်(Lease) ပြုလုပ်ခြင်း၏ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

### ရမ်းဗြဲ

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ကျောက်ချောင်း-ကျောက်နီမော်လမ်းတွင် ကွန်ကရစ်ရေပြွန် ၁၀ စင်းနှင့် အတွင်းပြင်-ကညင်ကောက်လမ်းပေါ်တွင် ဆန်တက်ချောင်းတံတားအား ကွန်ကရစ်ရက်မနှင့် ကွန်ကရစ်ကြမ်းခင်းတို့ဖြင့် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းနှင့် မြေပြားတောင်၊ င/ခိုပြင်၊ င/လာကြီး၊ ကျောက်နဂါးကျေးရွာများတွင် ရေတွင်းတူးဖော်လျက်ရှိသည်။

အဆိုပါလုပ်ငန်းခွင်များသို့ မေလစတုတ္ထပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးအောင်ထွန်းနှင့် ဝန်ထမ်းများက အမြန်ပြီးစီးနိုင်ရေးဆောင်ရွက်ခဲ့ပြီး ယင်းကျေးလက်တံတားများနှင့် ရေတွင်းများတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာအုပ်စု ငါးအုပ်စု လူဦးရေ ၄၀၁၅ ဦးအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၅၇)

### သာယာဝတီ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများသည် မေ ၃၁ ရက်က သောက်သုံးရေရရှိစေရန်နှင့် ရေရှားပါးပြတ်လပ်မှုမရှိစေရန်အတွက် ညောင်ကောက်ကျေးရွာ၌ စက်ရေတွင်း (တွင်းတိမ်)တူးဖော်ခြင်းကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရက် ၁၀၀ အတွင်း အခြားကျေးရွာများ၌လည်း စက်ရေတွင်းပေါင်း ရှစ်တွင်းကို ကွင်းဆင်းတူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဆင့်**

### စေတုတ္တရာ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော စေတုတ္တရာ-ငဖဲလမ်းမှ စစ်ငန်းကျေးရွာသို့ ဆက်သွယ်သည့်လမ်း ကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ယင်းလမ်းပေါ်တွင် ကျောက်ရိုးခုံခံသစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်း(၂၀ × ၁၄ ×၁၀)ပေ တို့အား ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီတို့မှ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား သွားရောက်စစ်ဆေးကြည့်ရှု၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ဖျာပုံမြို့နယ် သမိန်ထောကျေးရွာ၌ လူနာ ၃၀၀ ကျော်အား ဆေးကုသရေးအဖွဲ့က အခမဲ့ဆေးကုသပေးခဲ့

**ဖျာပုံ ဇွန် ၃**

ဖျာပုံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် မေ ၂၈ ရက်က ဖျာပုံမြို့နယ် သမိန်ထောကျေးရွာ အရောက်သွားရောက်ကာ လူနာများအား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

လူနာပေါင်း ၃၀၀ ကျော်အား အခမဲ့ဆေးကုသပေးသည့် အစီအစဉ်တွင် ဆေးရုံအုပ်ကြီးနှင့်အတူ ခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထွေထွေ၊ ခွဲစိတ်၊ သားဖွားနှင့်မီးယပ်၊ ကလေး၊ အရိုး၊ အကြော၊ သွားနှင့်ခံတွင်း၊ မျက်စိနှင့်ပတ်သက်သောအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဝင်များ ပါဝင်ကာ သမိန်ထောကျေးရွာရှိ အထွေထွေ၊ သားဖွားနှင့်မီးယပ်၊ သွားနှင့်ခံတွင်း၊



အရေပြား အရိုးအကြော၊ ကလေး၊ ခွဲစိတ်စသည့် လူနာများအား အခမဲ့စမ်းသပ်ဆေးကုသပေးခဲ့ကြသည်။

အဆိုပါ ဆေးကုသခြင်းအတွက် ဆေးဝါးကုန်ကျစရိတ်ငွေကျပ် ၁၂ သိန်းကျော်ကို PT TEP ရေနံကုမ္ပဏီက ကုန်ကျခံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



ဦးဝင်းသိန်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှ စတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြအပ်ပါသည်။

# ဝန်ထမ်းများ၏ အရည်အသွေးများ ပိုမိုမြင့်မားလာစေရေး ဆောင်ရွက်သွားမည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရက် ၁၀၀

[ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရက် ၁၀၀ စီမံချက် ]

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်**

မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်သူဦးရေ ၂၁၇၂၅၃၇၉ ဦး (၂၂ သန်းခန့်) ရှိသည့်အနက် အစိုးရယန္တရားအောက်တွင် အလုပ်လုပ်ကိုင်နေသူ ၁၃၄၆၁၁၁ ဦး (၁ ဒသမ ၃၅ သန်းခန့်) ရှိသည်ဟု ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းအရ သိရှိရသည်။

ပြည်သူ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းဆိုသည့် အဓိပ္ပာယ်နှင့်အညီ ပြည်သူ့ဝန်ကိုထမ်းဆောင်ရမည့်သူများ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်သူများ၊ ပြည်သူ့အစေအပါး၊ ပြည်သူ့ကျွန် Civil Services Academy (CSA) ဟုခံယူ၍ ပြည်သူ့အတွက် အပြည့်အဝဆောင်ရွက်ပေးမည်ဆိုသည့် စိတ်ဓာတ်မျိုး ဝန်ထမ်းတိုင်းထားရှိရန် လိုအပ်သည်။

ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြင့်မားစွာ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများရွေးချယ်ခြင်း၊ အရည်အသွေးမြှင့်လေ့ကျင့်ခြင်းအပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် အရေးပါသည့်အခန်းကဏ္ဍမှ ပါရှိနေသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရက်ပေါင်း ၁၀၀ စီမံချက်နှင့်ပတ်သက်၍ သိရှိနိုင်ရန် ပြည်ထောင်စုရာထူးဝန် ဥက္ကဋ္ဌ ဦးဝင်းသိန်းအား တွေ့ဆုံမေးမြန်းထားသည်။

**ဦးဝင်းသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**မေး ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ရက် ၁၀၀ အတွင်းမှာ ဘာတွေ အကောင်အထည်ဖော်ဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို အထက်မြန်မာပြည်မှာရှိတဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နဲ့တစ်ပြေးညီ ခေါ်ဝေါ်နိုင်ဖို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဆိုပြီး အမည်ပြောင်းလဲသွားဖို့ရှိပါတယ်။

နောက်တစ်ခုက ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်မှာရှိနေတဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ တပ်ဆင်အသုံးပြုလျက်ရှိတဲ့ တက္ကသိုလ်တံဆိပ်၊ လက်မောင်းတံဆိပ်တွေက ခေတ်ကာလအားဖြင့် လျော်ညီမှုမရှိတော့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့က နိုင်ငံတကာတက္ကသိုလ်၊ အကယ်ဒမီတွေမှာ အသုံးပြုနေတဲ့ logo၊ တံဆိပ်၊ ဆောင်ပုဒ်တွေကို အခြေခံပြီးတော့ တံဆိပ်အသစ်၊ logo အသစ်နဲ့ ဆောင်ပုဒ်အသစ်တွေ ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုမှာ အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်သတ်မှတ်ဆောင်ရွက်နေပါတယ်။

**မေး ။ ။ အဓိကကျတဲ့ ဝန်ထမ်းရွေးချယ်ရေးမှာ ယခင်နဲ့ ယခု ပြောင်းလဲကျင့်သုံးမယ့် မူဝါဒတွေများရှိသလားဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူဆောင်ရွက်ရတဲ့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးအတွက် လိုအပ်တဲ့ အရည်အသွေးမြင့် အရာထမ်းကောင်းတွေ ရွေးချယ်ပေးတဲ့နေရာမှာ လက်ရှိအသုံးပြုနေတဲ့ ရေးဖြေစာမေးပွဲတွေမှာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ အထွေထွေဗဟုသုတစတဲ့ ဘာသာရပ်တွေအလိုက် မေးခွန်းပုံစံတွေကို မေးမယ့်အစား Civil Service ကို အခြေခံမေးမယ့်မေးခွန်း Question Type and pattern တွေကို ပြောင်းလဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အရာထမ်းဝင်မေးခွန်းပြောင်းလဲမှုအနေနဲ့ ပြည်သူ့ဝန်ထမ်းလိုတဲ့ အကြောင်းအရင်းခံနဲ့ စိတ်နေစိတ်ထားကို ပေါ်လွင်စေမယ့် မေးခွန်းပုံစံမျိုးမေးဖို့ ပြောင်းလဲကျင့်သုံးသွားပါမယ်။ ပြီးခဲ့တဲ့ ဧပြီ လ ၂၉ ရက်နေ့က သက်ဆိုင်ရာ တက္ကသိုလ်တွေက မေးခွန်းတွေ ပြုစုတဲ့နေရာမှာ တာဝန်ယူရတဲ့ တာဝန်ရှိသူတွေနဲ့လည်း တွေ့ဆုံညှိနှိုင်းပြီးဖြစ်ပါတယ်။

နောက်ပြီး ကျွန်တော်တို့ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုမှာ ဖွင့်လှစ်ပို့ချနေတဲ့ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမတွေအတွက် အထူးမွမ်းမံသင်တန်းနဲ့ အခြေခံပညာဆရာ ဆရာမတွေ အထူးမွမ်းမံသင်တန်းတွေကို မပေးတော့ပါဘူး။ မေလ ၁၆ ရက်နေ့က ဖွင့်တဲ့ အမှတ်စဉ် (၉၇)နဲ့ ဇွန်လ ၁၈ ရက်နေ့မှာဖွင့်မယ့် သင်တန်းအမှတ်စဉ် (၆၆)ကိုပဲ နောက်ဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်။ ဆိုလိုတာက ဆရာ ဆရာမတွေကို မွမ်းမံသင်တန်းတွေ ကျွန်တော်တို့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဆက်လက်ဖွင့်လှစ်ခြင်း မပြုတော့ပါဘူး။ ပညာရေးဝန်ကြီးဌာနကပဲ ဆရာဆရာမတွေရဲ့ လေ့လာသင်ယူထားရှိမှုများအပေါ် အခြေခံပြီး သင့်လျော်တဲ့ သင်တန်းတွေအဖြစ် ဖွင့်လှစ်လေ့ကျင့်သင်ကြားဆောင်ရွက်ရေးကို ၆-၅-၂၀၁၆ ရက်နေ့က နိုင်ငံတော်သမ္မတရုံးကို တင်ပြလမ်းညွှန်မှုခံယူခဲ့တဲ့နေရာမှာ ၁၀-၅-၂၀၁၆ ရက်စွဲပါစာနဲ့ ခွင့်ပြုကြောင်း ပြန်လည်အကြောင်းကြားစာကို ရရှိပြီးပါပြီ။ ဒါကြောင့် ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်ဖို့ သတ်မှတ်ထားတဲ့ တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမတွေ အထူးမွမ်းမံသင်တန်းတွေကို အမှတ်စဉ် (၉၇)နဲ့ (၆၆)တို့ ဖွင့်လှစ်ပြီးတာနဲ့ ဆက်လက်ဖွင့်လှစ်ရန် မရှိတော့ဘူးဆိုတာ ရက်ပေါင်း ၁၀၀ အတွင်း ကျွန်တော်တို့ ဆောင်ရွက်မယ့်အစီအစဉ်ထဲမှာ ထည့်သွင်းပြောကြားလိုပါတယ်။

ပြည်သူ့ဝန်ထမ်းတွေရဲ့ အကျိုးအတွက်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လမှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ အရ လုပ်သက်နှစ် ၃၀ ပြည့်ရင် ပင်စင်ယူတဲ့ကိစ္စရယ်၊ နောက် ၂၀၁၄ ခုနှစ် မတ်လနောက်ဆုံးပတ်ရက်စွဲနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေတွေမှာပါဝင်တဲ့ နှစ်ပြည့်ပင်စင်၊ လုပ်သက်ခွင့်၊ မီးဖွားခွင့်ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ မီးဖွားခွင့်မှာဆို ကလေးရဲ့ဖခင်ဖြစ်သူအတွက် ကလေးပြုစုစောင့်ရှောက်ခွင့်ရရှိဖို့ကိစ္စကို ဝန်ထမ်းတွေအနေနဲ့ တကယ့်လက်တွေ့နယ်ပယ်မှာ အမှန်တကယ် အပြည့်အဝခံစားနိုင်ရေး၊ စိတ်ချမ်းမြေ့စွာနဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး တို့အတွက် ဒီရက်ပေါင်း ၁၀၀ အတွင်းမှာ ပြည့်စုံခိုင်မာတဲ့ဥပဒေ၊ နည်းဥပဒေတွေဖြစ်လာအောင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်း၊ ထုတ်ပြန်နိုင်ရေးကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့လည်း ညှိနှိုင်းပြီးဖြစ်သလို ပြည်ထောင်စုရှေ့နေချုပ်ရုံးကိုလည်း သဘောထားမှတ်ချက် တောင်းခံထားပါတယ်။

**မေး ။ ။ ဝန်ထမ်းတွေ ရွေးချယ်လေ့ကျင့်တဲ့နေရာမှာကော ဘာတွေကို ဘယ်လိုပြုပြင်ပြောင်းလဲသွားမလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ ဝန်ထမ်းလေ့ကျင့်ရေးအပိုင်းမှာ နှစ်ပိုင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ နံပါတ်တစ်က အရည်အသွေးပြည့်မီတဲ့ ပြည်သူ့ဝန်ထမ်းကောင်းတွေ မွေးထုတ်ပေးဖို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုမှာ Civil Services Academy (CSA) တွေကို ဖွင့်လှစ်သွားမယ်။ အဲ့ဒီ Academy တွေကနေ အရာထမ်းလောင်းတွေအတွက် ဘွဲ့လွန်ဒီပလိုမာ (Post- graduate Diploma) ချီးမြှင့်မယ်၊ Mid Level အရာထမ်းတွေအတွက် အဆင့်မြင့်ဒီပလိုမာ (Advanced Diploma)တွေ ချီးမြှင့်မယ်၊ နောက်ညွှန်ကြားရေးမှူးအဆင့်တွေအတွက် မဟာဘွဲ့ (Master Degree) တွေ ချီးမြှင့်မယ်။ အဲ့ဒီလို ချီးမြှင့်နိုင်ဖို့အတွက် သင်တန်းရေးရာကိစ္စရပ်တွေကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေပါတယ်။

နံပါတ်နှစ်ကတော့ Civil Services Academy(CSA) ကိုဖွင့်လှစ်နိုင်ဖို့ ကျွန်တော်တို့ စတင်ဆောင်ရွက်နေပြီ။ အဲ့ဒီလိုဆောင်ရွက်ရာမှာ ပညာရှင်ဆရာတွေလိုအပ်လာပြီ။ အခုလက်ရှိမှာတော့ တက္ကသိုလ်တွေမှာရှိတဲ့ ဆရာ၊ ဆရာမတွေထဲကမှ သင့်လျော်တဲ့သူတွေကို သင်တန်းဆရာတွေအဖြစ် လေ့ကျင့်သင်တန်းပေးခြင်း (Training for Deparmental Trainer of Civil Service) ကို ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပါတယ်။

**မေး ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ အခြားအခြားသော ဝန်ကြီးဌာနတွေအတွက် ဝန်ထမ်းတွေကို ရွေးချယ်လေ့ကျင့်ပျိုးထောင်ရတာဆိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်တာမျိုးရှိပါသလား။ နောက်ဝန်ထမ်းတွေအတွက် ဖြေလျှော့ပေးသွားမယ့်စနစ်တွေ ရှိလာနိုင်မလား ခင်ဗျာ။**

ဖြေ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ကတော့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ လက်ရှိဖွင့်လှစ်ထားတဲ့ သင်တန်း (၈)မျိုးရှိပါတယ်။ အဲ့ဒီအပေါ်ကို အကြံပြု သုံးသပ်ချက်တွေကိုပို့ပေးဖို့ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းတွေမှာရှိတဲ့ အမြဲတမ်းအတွင်းဝန်တွေဆီမှာ တောင်းခံထားတာ သူတို့ရဲ့ အကြံပြုချက်တွေကိုလည်း လက်ခံရရှိပြီးပါပြီ။

မေလ ၂ ရက်နေ့ကနေ ၃ ရက်နေ့အထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးမှာ ဦးစီးဌာနတွေနဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေက အဆင့်မြင့်အရာရှိကြီးတွေ ပါဝင်တဲ့ Workshop တစ်ခုကိုလည်း ပြုလုပ်ခဲ့ပြီးပါပြီ။ အဲ့ဒီက ဆွေးနွေးအကြံပြုချက်တွေအပေါ်မှာ အခြေခံပြီးတော့ ထိရောက်မှုရှိတဲ့ သင်တန်းတွေနဲ့ သင်ရိုးညွှန်းတမ်းအသစ်တွေကို ပြင်ဆင်ရေးဆွဲပြုလုပ်သွားမှာပါ။ သင်ရိုးညွှန်းတမ်းပြင်ဆင်ဖို့အတွက် လိုအပ်တဲ့ နိုင်ငံတကာ အထောက်အပံ့တွေ ရရှိဖို့ကိုလည်း ညှိနှိုင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ မလိုအပ်တဲ့ သင်တန်းတွေ ဖြုတ်ပစ်ဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။

**မေး ။ ။ Civil Services Academy (CSA) တွေကို ဖွင့်လှစ်သွားမယ်ဆိုတာနဲ့ ပတ်သက်တဲ့ သင်ရိုးညွှန်းတမ်းတွေက ဘယ်လိုရှိမလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ Civil Services Academy (CSA) မှာ ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့် ဒီပလိုမာနဲ့ မဟာဘွဲ့တွေပေးမှာဆိုတော့ ဘာသာရပ်ဌာနတွေစုဖွဲ့ဖို့၊ သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းတွေ ရေးဆွဲနိုင်ဖို့ကို စတင်ပြင်ဆင်ဆောင်ရွက်နေပါပြီ။ ထိရောက်မှုရှိတဲ့ သင်ကြားရေးစနစ်ဖြစ်ဖို့ သင်တန်းအမျိုးအစားအလိုက် သင်ရိုညွှန်းတမ်းတွေ ပြောင်းလဲသတ်မှတ်သွားပါမယ်။



ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ဝန်ထမ်းများ စာတွေ့လက်တွေ့ စိတ်ဝင်တစားလေ့လာသင်ယူနေကြစဉ်



ဝန်ထမ်းများ အရည်အသွေးမြင့်မားစေရန် ဤသို့လေ့လာသင်ယူခဲ့ကြသည်



လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမကို တွေ့ရစဉ်

"ပြည်သူ့ဝန်ထမ်းတွေရဲ့ အကျိုးအတွက်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လမှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ အရ လုပ်သက်နှစ် ၃၀ ပြည့်ရင် ပင်စင်ယူတဲ့ကိစ္စရယ်၊ နောက် ၂၀၁၄ ခုနှစ် မတ်လ နောက်ဆုံးပတ်ရက်စွဲနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေတွေမှာပါဝင်တဲ့ နှစ်ပြည့်ပင်စင်၊ လုပ်သက်ခွင့်၊ မီးဖွားခွင့်ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ မီးဖွားခွင့်မှာဆို ကလေးရဲ့ဖခင်ဖြစ်သူအတွက် ကလေးပြုစုစောင့်ရှောက်ခွင့်ရရှိဖို့ကိစ္စကို ဝန်ထမ်းတွေအနေနဲ့ တကယ့်လက်တွေ့နယ်ပယ်မှာ အမှန်တကယ် အပြည့်အဝခံစားနိုင်ရေး၊ စိတ်ချမ်းမြေ့စွာနဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးတို့အတွက် ဒီရက်ပေါင်း ၁၀၀ အတွင်းမှာ ပြည့်စုံခိုင်မာတဲ့ဥပဒေ၊ နည်းဥပဒေတွေဖြစ်လာအောင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်း၊ ထုတ်ပြန်နိုင်ရေးကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။"

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## မုံရွာနှင့်စစ်ကိုင်းတို့ကို ဆက်သွယ်ထားသော ထန်းဇလုပ်ချောင်းကူးတံတားဖွင့်



**မြင်းမူ ဇွန် ၃**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ-ထီးဆောင်း-အရာတော်ကတ္တရာလမ်းမှ ကျောက်ကာကတ္တရာလမ်းအထိ ၂၁ မိုင် မြေသားလမ်းပေါ်တွင် တည်ဆောက်ထားသော ထန်းဇလုပ်ချောင်းကူးတံတားကို မေလနောက်ဆုံးပတ်က ဖွင့်လှစ်ခဲ့သည်။

“ဒီကားလမ်းက စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်ရဲ့ အစွန်အဖျား၊ မုံရွာခရိုင် အရာတော်မြို့နယ်ရဲ့ အစွန်အဖျားတြိဂံဒေသတောင်ကုန်းတွေကို ကန့်လန့်ဖြတ်ပြီး ဖောက်လုပ်ထားတာပါ။ တောင်ကျချောင်းတွေ လျှိုမြောင်တွေ ထန်းပင်လောက်မြင့်တဲ့ ချောက်ကမ်းပါးကြီးတွေကိုဖြိုချပြီး ဖောက်ထားတာဖြစ်ပါတယ်။ လမ်းဖောက်ခဲ့တာ ၁၆ လ ရှိပါပြီ။ မုံရွာမြို့နယ်အပိုင်းမှာ ချောင်းကူးတံတားလေးစင်းထိုးပြီးပါပြီ။ ဆည်မြောင်းဦးစီးဌာနက နှစ်စင်းထိုးပြီး မုံရွာကျေးလက်ဖွံ့ဖြိုးရေးဦးစီးက တစ်စင်းထိုးတာပါ။ အခုဖွင့်တဲ့ ထန်းဇလုပ်တံတားက သုံးခန်း ၅၂ ပေ၊ အကျယ်ပေ ၃၀ ခံနိုင်အားတန် ၆၀ ရှိတဲ့ သံကူကွန်ကရစ်တံတားဖြစ်ပါတယ်”ဟု ဓမ္မစေတီစာသင်တိုက်နာယကဆရာတော် ဘဒ္ဒန္တပညာဝရက မိန့်ကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

---

## မော်လမြိုင် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ပြီးစီး

**နေပြည်တော် ဇွန် ၃**
နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးရှိ စုစုပေါင်း စက်တပ်ဆင်အင်အား ၃၆၀ မဂ္ဂါဝပ်ရှိ ရွာမသဘာဝဓာတ်ငွေ့သုံးနှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မေ ၂၇ ရက်က စစ်ဆေးရာ ရွာမစက်ရုံနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရှိ တာဝန်ရှိသူများအား လျှပ်စစ်ဓာတ်အားကို တည်ငြိမ်စွာဖြင့် အပြည့်အဝထုတ်လုပ်နိုင်ရေး အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန်နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကိုယ်စား ကန်ထရိုက်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလျက်ရှိသော ကုမ္ပဏီများကို ဂရုတစိုက်ကြပ်မတ် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မေ ၂၈ ရက်တွင် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)သို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားရန်နှင့် မိမိတို့၏အရည်အချင်းများကို တိုးတက်အောင် အစဉ်မပျက် လေ့လာကြိုးစားအားထုတ်ကြရန် မှာကြားသည်။ ထို့နောက် အမှတ်(၂) ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)နှင့် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေတို့သို့ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မေ ၂၉ ရက်တွင် သထုံသဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်အတွင်း လိုအပ်သောဓာတ်အားကို လုံလောက်စွာထောက်ပံ့နိုင်ပြီး ဓာတ်အားစနစ်သို့ ပေးပို့နိုင်သည်အထိ ပြည်နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများအား အဆင့်မြှင့်တင်တိုးချဲ့ခြင်းကို တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားဆောင်ရွက်ကြရန်နှင့် မိမိတို့၏လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်း ပြည်သူများသိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်မှာကြားသည်။ ထို့နောက် မော်လမြိုင်မြို့ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှင့် ရက်ပေါင်း ၁၀၀ စီမံချက်အရ တည်ဆောက်ပြီးစီးသွားသော မော်လမြိုင် ၃၀ မဂ္ဂါဝပ် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ၂၄ နာရီ မီးလင်းရေး အောင်ပွဲအခမ်းအနားကျင်းပ

**မိုးညှင်း ဇွန် ၃**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ၂၄ နာရီ မီးလင်းရေး အောင်ပွဲအခမ်းအနားကို ဇွန် ၁ ရက် ညနေ ၄ နာရီက အဆိုပါကျေးရွာဒေသ အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ ပြုလုပ်သည်။

ရေးဦးစွာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်က အမှာစကားပြောကြားပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မောင်က ၂၀၁၁ ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် မေလအထိ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပြည်နယ်လျှပ်စစ်ဒုတိယ အင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မော်ဟန်ကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးသည် မိုးညှင်း 66(5 MVA) ဓာတ်အားခွဲရုံမှတစ်ဆင့် သွယ်တန်းရယူခဲ့ပြီး မိုးညှင်းမြို့နယ်အတွင်းရှိ ညောင်ကိုင်းကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ဆယ်မိုင်ကျေးရွာ၊ မော်ဟန်ကျေးရွာနှင့် မော်ဟဲကျေးရွာများ တစ်ပြေးညီ ၂၄ နာရီ လျှပ်စစ်မီး ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

---

## ရက် ၁၀၀ စီမံချက် ကြံခင်း၌ ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ကြံခင်း ဇွန် ၃**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ရက် ၁၀၀ စီမံချက်အရ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် မြို့နယ်ဖွဲ့/ထောက်အဖွဲ့တို့မှ လိုက်လံစစ်ဆေးကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်သူဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ရေထွက်မြောင်းခုံးပေါက်များ တူးဖော်ရှင်းလင်းထားရှိမှု၊ လမ်းဘေးရေမြောင်းများ ပြုပြင်တူးဖော်ရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက မိုးကျချိန်အမီ လုပ်ငန်းအားလုံးပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဌေးမင်း(ကြံခင်း)**



---

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

**ညောင်ဦး**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း၏ စီမံကိန်းလုပ်ငန်းခွဲများကို အကောင်အထည်ဖော်၍ လုပ်ငန်းအဆင့်အလိုက် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာများ၌ ဒီဇိုင်းများရေးဆွဲခြင်း၊ ခန့်မှန်းကုန်ကျစရိတ်များတွက်ချက်ခြင်း၊ ဝယ်ယူရေးအစီအစဉ်များရေးဆွဲခြင်းများကို ကျေးရွာ ၂၂၀ တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ နည်းပညာအကြံပေးအဖွဲ့၊ လက်ထောက်နည်းပညာမှူးများ၊ လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာစီမံကိန်းကော်မတီဝင်များပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာအသီးသီး၌ ဒေသခံပြည်သူတို့၏ဆန္ဒဖြင့် ရွေးချယ်ဖော်ထုတ်ထားသော လုပ်ငန်းခွဲများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



**နတ်တလင်း**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ တိုက်နယ်ကျန်းမာရေးဌာနတွင် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှု ရက် ၁၀၀ စီမံချက်ကို တိုက်နယ်ဆရာဝန် ဒေါက်တာဆွေဇင်ဝင်း ဦးဆောင်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်မှ ၃၁ ရက်အထိ သက်ကြီးရွယ်အို အဘိုးအဘွား ၉၈၁ ဦး ၏ ကျန်းမာရေးကို ကုသဆောင်ရွက်ပေးနိုင်ကြောင်း ဇွန် ၁ ရက် နံနက် ၉ နာရီက ကျန်းမာရေးဌာန၌ ကျင်းပသော ကော်မတီအစည်းအဝေးတွင် ကျန်းမာရေးကြီးကြပ်-၁ ဦးဇော်လင်းစိုးက ပြောသည်။

ပဲခူးတိုင်းဒေသကြီးမှ ဆရာဝန်အင်အား လိုအပ်ချက်၏ ၄၅ ရာခိုင်နှုန်းသာရှိပြီး လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန် ပုံမှန်ခန့်ထားခြင်းအပြင် လပြတ်ဆရာဝန်များခန့်ထားလျှင် အဆင်ပြေမပြေ ကြိုးစားနေဆဲဖြစ်ကြောင်း၊ ရက် ၁၀၀ စီမံချက်မှာ Supply သီးသန့်မရှိပါကြောင်း၊ လိုအပ်သောဆေးဝါးများကို ကြိုးစားဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ တိုက်နယ်ကျန်းမာရေးဌာနတွင် တနင်္လာနေ့၌ အထွေထွေရောဂါကုပေးခြင်း၊ အင်္ဂါနေ့တွင် ကိုယ်ဝန်ဆောင်နှင့် မွေးပြီးမိခင်များကြည့်ရှုပေးခြင်း၊ ဗုဒ္ဓဟူးနေ့တွင် အသက်ငါးနှစ်အောက် ကလေးများကျန်းမာရေးစစ်ဆေးခြင်း၊ ကြာသပတေးနေ့တွင် သက်ကြီးရွယ်အိုများကုသပေးခြင်း၊ သောကြာနေ့တွင် ရပ်ကွက်အလိုက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးခြင်း၊ အရေးပေါ်လိုအပ်လျှင် မည်သည့်နေ့တွင်မဆို အခမဲ့ကုသနိုင်ပါကြောင်း တိုက်နယ်ဆရာဝန်က ပြောသည်။

**တင်မြင့်(နတ်တလင်း)**

**သီပေါ**
ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်ဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မိုးကာလမြို့လယ်ချောင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ဘက်ဟိုးမြေတူးစက်ကြီးများနှင့် နုန်းဆယ်ယူတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မေလနောက်ဆုံးပတ်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့မိမြို့ဖများက အားပေးကြည့်ရှုပြီး လိုအပ်သည်များကို ပံ့ပိုးပေးကြသည်။

သီပေါမြို့နယ် ပြည်သူများ၏ အသက်သွေးကြောဖြစ်သည့် အရှည်ပေ ၂၅၅၀ ရှိပြီး မြို့လယ်ချောင်း ရေစီးရေလာ ကောင်းမွန်ရေး၊ နုန်းဆယ်ယူတူးဖော်ခြင်းလုပ်ငန်းကို မိုးမကျမီပြီးစီးစေရန်နှင့် တစ်ကျော့ပြန်တူးဖော်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စည်ပင်အမှုဆောင်အရာရှိထံမှ သိရသည်။

**စိုင်း(သီပေါ)**

# ကလေးငယ်ကူညီရေးရန်ပုံငွေအဖွဲ့၏ ကျောင်းအပ်ပွဲနှင့် စာပေဟောပြောပွဲကျင်းပ

**မြန်အောင် ဇွန် ၃**
မြန်အောင်မြို့မှ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သော ကြယ်ငါးကောက်သူများ ကလေးငယ်ကူညီရေးရန်ပုံငွေအဖွဲ့(Starfish Pickers Children's Fund Myanaung) က ဦးစီး၍ ကြယ်ငါးတို့၏ကျောင်းအပ်ပွဲနှင့် စာပေဟောပြောပွဲကို မြန်အောင်မြို့ ပြည်သူ့ရင်ပြင်၌ ဇွန် ၁ ရက်ညပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကြယ်ငါးကောက်သူများ ကလေးငယ်ကူညီရေးရန်ပုံငွေအဖွဲ့သို့ အလှူငွေများလှူဒါန်းကြသည့် ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များအား ဦးသောင်းထွဋ်က ဂုဏ်ပြုမှတ်တမ်းတင်စကားပြောကြားပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဖွဲ့က ကျောင်းထားပေးခဲ့သော ကျောင်းသား ကျောင်းသူများမှ ထူးချွန်ထက်မြက်သူများအား ဂုဏ်ပြုဆုများကို စာရေးဆရာမ နုနုရည်(အင်း၀)၊ ဆရာ ကာတွန်းဝင်းအောင်နှင့် ဆရာနိုင်မြန်မာတို့က ကြယ်ငါးကောက်သူများ ကလေးငယ်ကူညီရေးရန်ပုံငွေအဖွဲ့ကိုယ်စား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အဖွဲ့က ကျောင်းထားပေးသော ကလေး ၅၂ ဦးအား စာရေးကိရိယာ၊ အဝတ်အထည်၊ ထီး၊ ဖိနပ်၊ မိုးကာ၊ ကျောပိုးအိတ်၊ ထမင်းချိုင့်များ ထောက်ပံ့ပေးအပ်သည်။ ကျောင်းသားတစ်ဦးလျှင် ကျောင်းတက်ရက်တစ်ရက် မုန့်ဖိုး ၅၀၀ ကျပ်အပါအဝင် တစ်နှစ်လုံးအတွက် ကျောင်းသားတစ်ဦးကို စုစုပေါင်းထောက်ပံ့ငွေမှာ ၁၄၀၀၀၀ ကျပ်ရှိကြောင်း သိရသည်။ ထို့နောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ကြပြီး စာရေးဆရာ နိုင်မြန်မာ၊ စာရေးဆရာမ နုနုရည်(အင်း၀)နှင့် ဆရာ ကာတွန်းဝင်းအောင်တို့က ဟောပြောခဲ့သည်။
**ဝင်းဗိုလ်(မြန်/ဆက်)**



**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၀)စက်မှုလယ်ယာစခန်း ပြည်မြို့တွင် မေ ၃၁ ရက်က အမှတ်စဉ် (၁/၂၀၁၆) လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဆင်းပွဲတွင် သင်တန်းသား တစ်ဦးအား သင်တန်းဆင်း လက်မှတ်ပေးအပ်စဉ်**
(ပြန်/ဆက်)

# လေဘေးကြောင့်ပျက်စီးခဲ့သောကျောင်းဆောင် ပြုပြင်ပြီးစီး

**ခင်ဦး ဇွန် ၃**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် သာဝတ္ထိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ လေဘေးကျရောက်ခဲ့သဖြင့် ပျက်စီးခဲ့သော နှစ်ထပ်စာသင်ဆောင်နှင့် တစ်ထပ်စာသင်ဆောင်များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၉၀ ဖြင့် ဆောက်လုပ်ပြုပြင်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လေဘေးကြောင့် စာသင်ကျောင်းဆောင်များတွင် အမိုးများပျက်စီးခြင်း၊ မီးစက်ခန်းပြိုကျခြင်း၊ ၁၅ ပေရေစင်ပြိုကျခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများပြတ်ခြင်းနှင့် အလံတိုင်ကျိုးကျခဲ့ခြင်းများကို ကျောင်းဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများ စာသင်ကြားနိုင်ရန် အချိန်မီ ပြန်လည်ပြုပြင်ပြီးစီးခဲ့ခြင်းဖြစ်သည်။ ပြုပြင်ပြီးစီးမှုအခြေအနေများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများက ဇွန် ၁ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။
**ခင်ဦးစိုးဝေ**

# ရောင်းသူမဲ့ စာရေးကိရိယာဆိုင် ကျောက်တံခါးမြို့၌ စတင်ဖွင့်လှစ်

**ကျောက်တံခါး ဇွန် ၃**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာရိတ္တမြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် စာရေးကိရိယာပစ္စည်းမျိုးစုံကို ရောင်းသူမဲ့ဈေးဆိုင်အဖြစ် ရောင်းချပေးသည့်ဆိုင်ကို ကျောက်တံခါးမြို့အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့က ဇွန် ၁ ရက်မှစတင်ဖွင့်လှစ်ကာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အဓိကရည်ရွယ်ချက်က ကျောင်းသား ကျောင်းသူတွေ ဈေးနှုန်းချိုသာစွာနဲ့ အလွယ်တကူ ကျောင်းမှာဝယ်ယူရရှိနိုင်ပြီး စာရိတ္တမြှင့်တင်ရေးကို အထောက်ကူပြုဖြစ်စေဖို့ ကျောက်တံခါးမဘသအဖွဲ့ဝင်တွေ စုပေါင်းပြီး ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဝယ်ရင်းဈေးနှုန်း ဘောက်ချာတွေကိုပြပြီး ဝယ်ရင်းဈေးထက်လျှော့ပြီး ရောင်းချပေးပါတယ်။ ကျောင်းစဖွင့်တဲ့နေ့မှာပဲ ခုနစ်သောင်းခွဲဖိုးရောင်းရပြီး ရောင်းချပစ္စည်းစာရင်းအတိုင်း အလိုမရှိ ငွေပြည့်စုံစွာရရှိလို့ ကျောင်းသား ကျောင်းသူတွေရဲ့ စာရိတ္တပိုင်းကောင်းမွန်မှုကို အမှန်ပဲ ဝမ်းသာကျေနပ်မိပါတယ်။ ဆက်လက်ပြီးတော့လည်း ရောင်းချပေးသွားမှာပါ"ဟု မြို့နယ်မဘသအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်က ရောင်းသူမဲ့ စာရေးကိရိယာဆိုင်ဖွင့်လှစ်သည့် ရည်ရွယ်ချက်နှင့် ပထမနေ့ ရောင်းရမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။
**ခင်ကို(ကျောက်တံခါး)**



# ဒေသခံပြည်သူများ အသုံးပြုနေသည့်ရေကန်ကို စုပေါင်းတူးဖော်

**မလှိုင် ဇွန် ၃**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သဘွတ်ကုန်းတောင်ကျေးရွာနှင့်မြောက်ရွာကြားရှိအများသုံးရေကန်ကို မေ ၂၉ ရက်မှ စတင်၍ ဒေသခံပြည်သူများ စုပေါင်းတူးဖော်လျက်ရှိကြောင်း သိရသည်။

ရေကန်မှာ သဘွတ်ကုန်းကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၂၅၄ စုမှ ပြည်သူများအတွက် သုံးရေအဖြစ်လည်းကောင်း၊ ကျွဲ၊ နွား ၊ တိရစ္ဆာန်များအတွက် သောက်သုံးရေအဖြစ်လည်းကောင်း အားထားအသုံးပြုနေရသည့်ရေကန်ဖြစ်ကာ ပြီးခဲ့သည့်နွေရာသီအတွင်း ရေများခန်းခြောက်ခဲ့သဖြင့် ဒေသခံပြည်သူများ၏ လုပ်အား၊ စက်အားများဖြင့် မိုးမကျမီပြီးစီးအောင် ကိုယ့်အားကိုယ်ကိုး ပြန်လည်တူးဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကန်က ကျွန်တော်တို့ သဘွတ်ကုန်းတောင်ရွာနဲ့ မြောက်ရွာအလယ်မှာရှိပြီး နှစ်ရွာလုံးအသုံးပြုနေတဲ့ကန်ပါ။ သောက်ရေအဖြစ် အသုံးမပြုနိုင်တာကလွဲလို့ တိရစ္ဆာန်များသောက်သုံးနေပြီး လူအများ လျှော်ဖွတ်ဆေးကြောဖို့ အသုံးပြုနေတာပါ။ ကန်ပေါင်အလျား ပေ ၈၀၀၊ ရေလှောင်ပမာဏ ၆ ဒသမ ၂၅ ဧကပေ သိုလှောင်နိုင်အောင် လူအား၊ စက်အား(ထွန်စက်)နဲ့ ဆောင်ရွက်သွားမှာပါ"ဟု ကျေးရွာခွဲ တာဝန်ခံက ပြောသည်။ ရေကန်တူးဖော်မှုကို သာစည်မြို့နေ ဦးသိန်းမိုး မိသားစု၏ ငွေကျပ်ငါးသိန်း မတည်လှူဒါန်းငွေနှင့် ကျေးရွာမှပြည်သူများ စုပေါင်းထည့်ဝင်ငွေများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။
**အောင်ဌေး(မလှိုင်)**



# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်

**သံဖြူဇရပ် ဇွန် ၃**
မိုးဦးကာလတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်အသင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇွန် ၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲ၌ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက မိမိတို့ မွန်ပြည်နယ်သည် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်းမြင့်သော ပြည်နယ်များတွင် ပါဝင်နေခြင်းကြောင့် သံဖြူဇရပ်မြို့နယ်အနေဖြင့် ယခုနှစ်တွင်လည်း ယမန်နှစ်ကကဲ့သို့ လူမှုအဖွဲ့အစည်းများက ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ ခြင်နှင့်ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားကြရန် ဆွေးနွေးသည်။

မြို့နယ် အရပ်ဘက်လူမှုရေးအဖွဲ့တစ်ခုမှ ဦးခိုင်စိုးက မိမိတို့တွင် သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ခြင်နှိမ်နင်းရန် ခြင်ဆေးဖျန်းစက် လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ လိုအပ်မည့်ငွေကြေးများကိုလည်း စေတနာရှင်များက ပါဝင်ကူညီပေးနေခြင်းနှင့် ယခင်နှစ်က လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံများလည်း ရှိပြီးဖြစ်ခြင်းကြောင့် မိမိတို့အနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို ယခုနှစ်တွင် ပို၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် ဆွေးနွေးပြီး တက်ရောက်လာကြသူများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။
**ကျော်ဝင်း(မြန်/ဆက်)**



**၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းစဖွင့်သည့် ဇွန် ၁ ရက်တွင် နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ ကားလမ်းဖြတ်ကူးရာတွင် အန္တရာယ်ကင်းစေရေးအတွက် ကူညီပေးနေသော မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦး**
စိုးဝင်း(နောင်ချို)

# တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်

**မအူပင် ဇွန် ၃**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းဖွင့်ပွဲကို အမှတ်(၁)ရပ်ကွက် မြသီရိလမ်းရှိ အဆိုပါကျောင်း၌ ဇွန် ၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်နှင့် ဧရာဝတီတိုင်းဒေသကြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးတာဝန်ခံ ဦးမျိုးဝင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ တိုင်းဒေသကြီးတာဝန်ခံက ကျောင်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ကျောင်းဖွင့်ပွဲသို့ မအူပင်ခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းကို တိုင်းရင်းသားလူငယ်များ စည်းလုံးချစ်ခင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ ထိန်းသိမ်းရေးတို့အတွက် မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးသည့် ကလေးငယ်များအား အလယ်တန်း၊ အထက်တန်းအဆင့်ပညာများ သင်ကြားခွင့်ရရှိရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ ၁၆၀ အတွက် ခုတင်၊ သံသေတ္တာ၊ ကျောင်းဝတ်စုံ၊ အနွေးထည်၊ စာရေးကိရိယာ၊ မုန့်ဖိုးနှင့် နေ့စဉ် နံနက်စာ၊ နေ့လယ်စာ၊ ညနေစာများ ကျွေးမွေးထောက်ပံ့၍ ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

**New Product**

## ကင်မရာပိုင်း အားသာချက်နဲ့ Xiaomi Mi 5

Xiaomi Mi 5 ဟာ Xiaomi ရဲ့နောက်ဆုံးထွက် တန်ဖိုးမြင့် စမတ်ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာရော ပြည်တွင်းဈေးကွက်မှာပါ ဧပြီလကုန်ပိုင်းက စတင်ရောင်းချပါတယ်။

မျက်နှာပြင်အကျယ်က ၅ ဒသမ ၁၅ လက်မရှိလို့ မျက်နှာပြင်အရွယ်အစား ကြီးမားသလို Resolution ကလည်း 1080x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်း အထူးကောင်းမွန်ပါတယ်။ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ မိုဘိုင်းနက်ဝပ်ခ် GSM ဖြစ်ပြီး အင်တာနက်နက်ဝပ်ကတော့ 3G နဲ့ 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့လည်း နောက်ဆုံးထွက်ဖြစ်တဲ့ 6.0(Marshmallow)ကို အသုံးပြုထားပါတယ်။ CPU u Standard edition မှာ 1.8 GHz+1.36 GHz Dual-core ကို အသုံးပြုထားပြီး အခြား edition တွေမှာတော့ 2.15 GHz+1.6 GHz Dual-core CPU ကို သုံးထားပါတယ်။ မင်မိုရီပိုင်းမှာတော့ အင်တာနယ်မင်မိုရီ 128GB၊ RAM 4GB ပါတဲ့ Pro edition နဲ့ အင်တာနယ်မင်မိုရီ 32/64GB၊ RAM 3GB ပါဝင်တဲ့ အခြား edition တွေ ထွက်ထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာကို ဦးစားပေးထားပြီး ရှေ့ကင်မရာကို လျှော့ထားတာတွေ့ရပါတယ်။ ရှေ့ကင်မရာဟာ ၄မဂ္ဂါပစ်ဇယ်ပဲရှိပါတယ်။ နောက်ကင်မရာကတော့ ၁၆ မဂ္ဂါပစ်ဇယ်ရှိပြီး Autofocus, Dual LED, HD, Panorama စတဲ့ လုပ်ဆောင်ချက်တွေကြောင့် အရည်အသွေးမြင့်ဓာတ်ပုံတွေကို ရိုက်ကူးနိုင်မှာပါ။ ဒါ့အပြင် 2160p အရည်အသွေးမြင့်ဗီဒီယိုတွေပါ ရိုက်ကူးနိုင်တာကတော့ Mi 5 ရဲ့ ကင်မရာပိုင်း အဓိကအားသာချက်ဖြစ်ပါတယ်။

Mi 5 မှာ နောက်ပိုင်းထွက်တဲ့ Xiaomi ဖုန်းတွေမှာ ပါလာတဲ့ Finger Print စနစ်လည်း ပါဝင်ပါတယ်။ ဒါ့အပြင် ဘက်ထရီကိုလည်း နာရီဝက်အတွင်း ၈၃ ရာခိုင်နှုန်းအထိ ပြည့်အောင်သွင်းနိုင်မယ့် Fast Charging စနစ်၊ ရှုပ်ထွေးတဲ့အသံတွေကို ဖယ်ရှားပြီး ဖမ်းယူပေးနိုင်တဲ့ မိုက်ခရိုဖုန်းစနစ်တွေ ပါဝင်ပါတယ်။ ဘက်ထရီက 3000 mAh Li-Po ဘက်ထရီသုံးထားပါတယ်။ ကိုယ်ထည်အရောင်က လေးမျိုးရှိပြီး ဈေးနှုန်းက ကျပ်လေးသိန်းဝန်းကျင် ရှိပါတယ်။ **သူရဖြိုး**




## တယ်လီနောလူငယ်ဖိုရမ်တွင် မြန်မာလူငယ်တစ်ဦးပါသည့်အဖွဲ့ အနိုင်ရ

**ရန်ကုန် ဇွန် ၃**

တယ်လီနောက ကြီးမှူး၍ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ နှစ်ရက်ကြာကျင်းပခဲ့သည့် တယ်လီနောလူငယ်ဖိုရမ်(အာရှ)တွင် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းပြဿနာကို ဖြေရှင်းရန်တင်ပြအကြံပြုခဲ့သည့် မြန်မာလူငယ်ကိုယ်စားလှယ်တစ်ဦး ပါဝင်သည့်အဖွဲ့က အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ထိုဖိုရမ်တွင် အာရှဒေသရှိ လူငယ်များရင်ဆိုင်နေရသော ပြဿနာရပ်အချို့အတွက် ဖြေရှင်းနည်းများကို ဆွေးနွေးညှိနှိုင်း သုံးသပ်ခဲ့ကြပြီး လူငယ်များအလုပ်လက်မဲ့ဖြစ်မှုကို တိုက်ဖျက်ခြင်း၊ အမျိုးသမီးငယ်များ ကျောင်းတက်ခွင့်ပိုမိုရရှိစေခြင်း၊ လူငယ်အလုပ်သမားများအား ပညာရေးမြှင့်တင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာပြဿနာများဖြစ်စေသည့် အလေ့အထများကို တိုက်ဖျက်ခြင်းနှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲများတွင် လူငယ်များပါဝင်လာစေခြင်း စသည်တို့ကို အလေးထားဆွေးနွေးခဲ့သည်။

ဆွေးနွေးချက်များအနက် လူငယ်အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းရန်ဆွေးနွေးသည့်အဖွဲ့၏ ဆွေးနွေးမှုမှာ ဖိုရမ်တွင် အကောင်းဆုံးတင်ပြမှုအဖြစ် ရွေးချယ်ခံခဲ့ရကာ မြန်မာပြည်ကိုယ်စားပြုလူငယ် မောင်ဖြိုးသူရဌေးမှာ အဆိုပါအဖွဲ့တွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအဖွဲ့သည် လူငယ်များအတွင်း လက်ရှိအလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းရန်နှင့် အနာဂတ်အလုပ်လက်မဲ့ပြဿနာကို ကာကွယ်နိုင်ရေးအတွက် မှန်ကန်သည့်ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ကူညီခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် အွန်လိုင်းကျွမ်းကျင်မှုသင်တန်းများဖြင့် သင်ယူစေခြင်းများ စသည်တို့ကို လုပ်ကိုင်နိုင်စေမည့် အွန်လိုင်း Web Portal တစ်ခုကို ဖန်တီးတင်ပြနိုင်ခဲ့သဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လူငယ်အလုပ်လက်မဲ့ပြဿနာသည် အာရှတစ်လွှားရှိ လူငယ်အသိုက်အဝန်းတွင် စုစုပေါင်းအလုပ်လုပ်ကိုင်သူဦးရေ၏ နှစ်ဆရှိနေပြီး အလုပ်လုပ်ကိုင်နေသည့်လူငယ်များ ဆင်းရဲနွမ်းပါးမှုသည် အာရှဒေသတွင်း ပိုမိုမြင့်မားနေကြောင်း ဆွေးနွေးချက်များအရ သိရသည်။




တယ်လီနောလူငယ်ဖိုရမ်(အာရှ) ၂၀၁၆ ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မေ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပခဲ့ကာ အာရှဒေသအတွင်း ပထမဆုံးအကြိမ်ကျင်းပခဲ့ခြင်းဖြစ်သည်။ စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ တယ်လီနောလူငယ်ဖိုရမ်ကို ဒီဇင်ဘာလအတွင်း နော်ဝေနိုင်ငံ အော်စလိုမြို့၌ တယ်လီနောအုပ်စုနှင့် နိုဗယ်ငြိမ်းချမ်းရေးစင်တာတို့ပူးပေါင်း၍ နိုဗယ်ငြိမ်းချမ်းရေးဆုပေးပွဲကျင်းပသည့် ရက်သတ္တပတ်တွင် ကျင်းပသွားမည်ဖြစ်ကာ ယခု တယ်လီနော လူငယ်ဖိုရမ်(အာရှ)တွင် အနိုင်ရရှိခဲ့သည့်အဖွဲ့သည် အဆိုပါ ကမ္ဘာလုံးဆိုင်ရာ တယ်လီနောလူငယ်ဖိုရမ်သို့ အထူးဧည့်သည်တော်များအဖြစ် တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ကြော်ငြာဝက်ဘ်ဆိုက်များကို ကြည့်ရှုအသုံးပြုသူ ငါးလအတွင်း နှစ်ဆကျော်တိုးလာ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံတွင် မိုဘိုင်းအင်တာနက်ရရှိပြီးနောက် အင်တာနက်အသုံးပြုသူ များလာခဲ့သည့် ၂၀၁၃ ခုနှစ်နောက်ပိုင်းမှစ၍ အွန်လိုင်းပေါ်မှ ကြော်ငြာ၍ ဈေးရောင်းချသူဦးရေများလာခဲ့သလို ကြော်ငြာများကို ကြည့်ရှု၍ ဈေးဝယ်သူများလာခဲ့သော်လည်း ၂၀၁၃ မှ ၂၀၁၅ နှစ်ကုန်အထိ အသုံးပြုသူဦးရေမှာ ၁၃၀၀၀၀ ခန့်သာရှိခဲ့ရာမှ ယခု ၂၀၁၆ နှစ်ဆန်း ငါးလအတွင်း၌ အသုံးပြုသူပေါင်းမှာ နှစ်ဆကျော်အထိ တိုးတက်ခဲ့ကြောင်း သိရသည်။

အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များကို အသုံးပြုသူဦးရေမှာ ယခင်က ၁၃၀၀၀၀ ခန့်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မေလကုန်အထိ ငါးလအတွင်း လေးသိန်းကျော်ခန့်အထိ မြင့်တက်လာသောကြောင့် နှစ်ဆခန့်အထိ တိုးလာခြင်းဖြစ်သည်။ လက်ရှိ အွန်လိုင်းအသုံးပြုသူဦးရေ တိုးနေသည့်နှုန်းအရ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များကို ဝင်ရောက်အသုံးပြုသူဦးရေမှာလည်း ဆက်တိုးနိုင်ကာ ၂၀၁၆ နှစ်ကုန်တွင် ကိုးသိန်းခန့်အထိ မြင့်တတ်လာနိုင်ကြောင်း အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သော www.ads.com.mm မှ ကိုဟိန်းအောင်ကျော်က ပြောသည်။ ads.com.mm အခမဲ့ကြော်ငြာဝက်ဆိုက်တစ်ခုတည်းတွင် နေ့စဉ်အသုံးပြုနေသူမှာ ခြောက်ထောင်ကျော်ခန့်ရှိနေပြီး ကြော်ငြာအသစ်အရေအတွက်မှာ လစဉ် ၁၀၀၀၀ ကျော်အထိ တိုးတက်နေကြောင်း သိရသည်။

အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များကို အသုံးပြုသူများလာသဖြင့် ဝက်ဘ်ဆိုက်တည်ထောင်သူများကလည်း အသုံးပြုသူများအတွက် ပိုမိုလွယ်ကူစေရန် လုပ်ဆောင်ချက်အသစ်များကို ဝက်ဘ်ဆိုက်များတွင် ထည့်သွင်းပေးလာလျက်ရှိသည်။

“ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ အခမဲ့ကြော်ငြာတင်ဖို့အတွက် ဖေ့စ်ဘုတ်နဲ့ Login ဝင်ပြီး ကြော်ငြာတင်ရတဲ့ပုံစံသစ်ကို အသုံးပြုသူတွေအတွက် ထည့်သွင်းထားတယ်။ ဖေ့စ်ဘုတ်က လူတွေကရင်းနှီးပြီးသားဖြစ်တော့ ဒီမှာကြော်ငြာတင်ရင် ပိုပြီးတော့အလွယ်တကူဖြစ်မယ်လို့ မျှော်လင့်ထားတယ်။ Viber Service ကနေတစ်ဆင့် ကိုယ်သိလိုတဲ့အကြောင်းအရာတွေနဲ့ အသုံးပြုနည်းတွေကိုလည်း ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ဖေ့စ်ဘုတ် page ကနေတစ်ဆင့် ကျွန်တော်တို့ရဲ့ Promotion Campaign တွေကိုလည်း ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်”ဟု ads.com.mm ဝက်ဘ်ဆိုက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များတွင် ကုန်ပစ္စည်းအမျိုးမျိုးကို ရောင်းသူဝယ်သူများက ကြော်ငြာတင်ရောင်းချနေကြပြီး လူများစု စိတ်အဝင်စားဆုံးမှာ အိုင်တီနည်းပညာဆိုင်ရာပစ္စည်းများဖြစ်သော မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဖက်ရှင်အဝတ်အထည်များ ဖြစ်သည်။

သို့ရာတွင် အိမ်၊ ခြံမြေ၊ ကားစသည်တို့ကို ကြော်ငြာရောင်းချသော ဝက်ဘ်ဆိုက်များမှာလည်း ပုံမှန်ဝင်ရောက်ကြည့်ရှုသူဦးရေ အထိုက်အလျောက်ရှိနေကာ အလုပ်အကိုင်ကြော်ငြာများကို ရှာဖွေကြည့်ရှုနိုင်သော ဝက်ဘ်ဆိုက်များမှာလည်း ကြည့်ရှုသူအများဆုံးသော ဝက်ဘ်ဆိုက်များစာရင်းတွင် ပါဝင်လျက်ရှိနေသည်ကို တွေ့ရသည်။

**သူရဖြိုး**

## ကွန်ပျူတာပညာရှင်အသင်းက ဝင်းဒိုးဆာဗာသင်တန်း ဖွင့်မည်

**ရန်ကုန် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Server System နှင့် Data Replication နည်းပညာရပ်များကို စိတ်ပါဝင်စားသူများအတွက် Windows Server 2012 Installation & Data Replication သင်တန်းကို Compu Tech ကုမ္ပဏီလီမိတက်တို့ပူးပေါင်းကာ ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခေတ်စနစ်ပြောင်းလဲလာမှုအခြေအနေအရ ပြည်တွင်းရှိ ဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ ဘဏ်များမှ နည်းပညာနယ်ပယ်ဆိုင်ရာ အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် Microsoft Certified Professional တစ်ယောက်အဖြစ်ရပ်တည်လိုသူများ တက်ရောက်သင့်သော နည်းပညာအထောက်အကူပြုသင်တန်းဖြစ်ကာ လက်တွေ့လုပ်ငန်းခွင်ဝင်နေသော အိုင်တီပညာရှင်များ၊ ဆာဗာပိုင်းကို စိတ်ဝင်စားသော လူငယ်များလည်း တက်ရောက်နိုင်ကြောင်း၊ သင်တန်းကို Real Server များပေါ်တွင် လက်တွေ့သရုပ်ပြ၍ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နှစ်ရက်ကြာသင်တန်းဖြစ်ကာ သင်တန်းကြေးမှာ ကျပ်နှစ်သိန်းနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များအတွက် ကျပ် ၁၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်များကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း ၀၁-၆၅၂၂၇၆ သို့ စုံစမ်းမေးမြန်းနိုင်သည်။

**သူရဖြိုး**

## ကျောင်းစဖွင့်ချိန်တွင် ရန်ကုန်မြို့ ကွန်ပျူတာဈေးကွက် အနည်းငယ်အေးလာ

**ရန်ကုန် မေ ၃**

နှစ်စဉ်ကျောင်းများစဖွင့်ချိန် ဇွန်လတွင် အရောင်းအဝယ် အနည်းငယ်အေးလေ့ရှိသည့် ရန်ကုန်မြို့ ကွန်ပျူတာဈေးကွက်အတွင်း ယခုနှစ်တွင်လည်း မေလကုန်ပိုင်းမှစ၍ ဈေးကွက်အနည်းငယ်အေးလာကြောင်း ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာဆိုင်အချို့မှ သိရသည်။

“နှစ်တိုင်း ဒီလိုအချိန်ဆိုရင် နည်းနည်းအရောင်းပါးနေကျဆိုတော့ ဈေးကွက်ကတော့ ပုံမှန်ပဲလို့ ပြောလို့ရပါတယ်။ မေလကုန်ပိုင်းကတည်းက နည်းနည်း အရောင်းပါးနေတာပေ့ါ။ မိုးကုန်ခါနီးအချိန် စက်တင်ဘာလောက်မှ အရောင်းအဝယ်က ပြန်ပြီးသွက်တယ်။ ဈေးနှုန်းလည်း ပုံမှန်ပါပဲ။ ဒီရက်ထဲမှာ ဒေါ်လာဈေးက အပြောင်းအလဲမရှိလို့ ဈေးနှုန်းတွေကလည်း အတက်အကျ သိပ်မရှိပါဘူး”ဟု ဆိပ်ကမ်းသာလမ်းမှ ကွန်ပျူတာဆိုင်ရှင်တစ်ဦးက ပြောသည်။

ကွန်ပျူတာဈေးကွက်အတွင်း ရောင်းအားအကောင်းဆုံးအချိန်မှာ နှစ်စဉ် ဖေဖော်ဝါရီလနှင့် မတ်လများဖြစ်ပြီး ထိုအချိန်များတွင် စားပွဲတင်ကွန်ပျူတာများရော လက်ပ်တော့အမျိုးမျိုးပါ အရောင်းသွက်ကြောင်း၊ ကျန်အချိန်များတွင် လက်ပ်တော့များက စားပွဲတင်ကွန်ပျူတာများထက် ပို၍အရောင်းသွက်ကြောင်း၊ လက်ရှိအချိန်တွင်လည်း စားပွဲတင်ကွန်ပျူတာများထက် လက်ပ်တော့များက ပို၍ရောင်းအားကောင်းနေကြောင်း သိရသည်။

ယခုနှစ်ဆန်းပိုင်းမှစ၍ နေ့စဉ်အနည်းငယ်စီကျနေခဲ့သော ဒေါ်လာဈေးမှာ ပြီးခဲ့သည့် မေလအတွင်း အနည်းငယ်စီ ပြန်တက်လာခဲ့ကာ မေ ၂၃ ရက်တွင် ၁၁၇၆ ကျပ်၊ မေ ၃၁ ရက်တွင် ၁၁၉၁ ကျပ်နှင့် ယနေ့ ဇွန် ၂ ရက်တွင် ၁၁၉၅ ကျပ်ရှိနေသော်လည်း ဈေးနှုန်းအပြောင်းအလဲမှာ အနည်းငယ်သာဖြစ်၍ ကွန်ပျူတာဈေးကွက်တွင် ဈေးနှုန်းများ သိသာစွာတက်ခြင်းမျိုး မရှိသေးကြောင်း သိရသည်။ **သူရဖြိုး**

## တယ်လီနော၏ တတိယအကြိမ် အထူးနံပါတ်လေလံတွင် ကျပ် ၅၄၈ သိန်း ရရှိ

**တောင်ကြီး ဇွန် ၃**

တယ်လီနောမြန်မာက တောင်ကြီးမြို့၌ မေ ၃၁ ရက်က ပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် အထူးနံပါတ်များ လေလံတင်ရောင်းချပွဲတွင် စုစုပေါင်း ဖုန်းနံပါတ် ၁၃ ခုအတွက် ကျပ် ၅၄၈ သိန်းရရှိကြောင်း သိရသည်။

လေလံပွဲတွင် ဈေးအမြင့်ဆုံးရရှိခဲ့သည့် ဖုန်းနံပါတ်မှာ ၀၉-၇၇၇၇၇၇၇၈၇ ဖြစ်ပြီး ကျပ် ၇၂ သိန်းဖြင့် ရောင်းချခဲ့ရကြောင်း၊ ဖုန်းနံပါတ်တစ်ခုအတွက် လေလံကြမ်းခင်းဈေးဖြစ်သည့် သိန်း ၃၀ အထက်ရရှိသော ငွေများကို လှူဒါန်းမည်ဖြစ်ရာ ပိုရသော ကျပ် ၁၅၈ သိန်းကို ရှမ်းပြည်နယ်ရှိ ဓမ္မဝိဒူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာသင်ကျောင်းအသစ်ဆောက်လုပ်ရန်နှင့် ရေမော်တာများတပ်ဆင်ရန်အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ တယ်လီနော အထူးနံပါတ်လေလံပွဲများကို မြန်မာနိုင်ငံရှိ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

***ယမန်နေ့မှအဆက်***

၁၃။ (က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်ရန်၊ ချက်လုပ်ရန်၊ ရောနှောပြုပြင်ရန်၊ စမ်းသပ်စစ်ဆေးရန်၊ ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရန် သို့မဟုတ် ဖြန့်ဖြူးရောင်းချရန် လိုင်စင်များကို လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ယူပို့ဆောင်မည့် ဆီသယ်ယာဉ်ရှိ သိုလှောင်ကန်လိုင်စင်နှင့် သိုလှောင်ရန် လိုင်စင်များကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းရန်၊ ပြည်ပသို့တင်ပို့ရန် လိုင်စင်များကို လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ယူပို့ဆောင်မည့် ဆီသယ်ယာဉ် လိုင်စင်ကို လည်းကောင်း၊ ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို သယ်ယူပို့ဆောင်မည့် ရေယာဉ်နှင့်ဆီတွဲလိုင်စင်ကို လည်းကောင်း ထုတ်ပေးနိုင်သည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် မိမိဝန်ကြီးဌာနက ထုတ်ပေးသော လိုင်စင်၏ပုံစံနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊ ယင်းလိုင်စင်များ လျှောက်ထားပုံနည်းလမ်းများ၊ ယင်းလိုင်စင်များကို မည်သည့်အာဏာပိုင်များက ခွင့်ပြုထုတ်ပေးနိုင်ကြောင်းနှင့် ယင်းလိုင်စင်များအတွက် စည်းကြပ်ရမည့်အခများကို သတ်မှတ်နိုင်သည်။

(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည်-

(၁) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ယူပို့ဆောင်ရာတွင် လိုင်စင်ကို တင်ပို့သူ သို့မဟုတ် တင်သွင်းသူ သို့မဟုတ် သယ်ယူပို့ဆောင်သူများအနက် မည်သူက ရယူရမည်ကို သတ်မှတ်နိုင်သည်။

(၂) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း အတွက်ဖြစ်စေ၊ ယင်းကိစ္စများအနက် နှစ်မျိုးတွဲဆောင်ရွက်ရန်ဖြစ်စေ ပေါင်းစပ်လိုင်စင်များ ထုတ်ပေးရန်သတ်မှတ်နိုင်သည်။

၁၄။ ဤအခန်းတွင် မည်သို့ပင်ပါရှိစေကာမူ ဘေးအန္တရာယ်မရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းကို ပြည်တွင်း၌ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်းပြုလုပ်လိုသူသည် စုစုပေါင်းဂါလန် ၅၀၀ ထက် ပိုမိုလျှင် လိုင်စင်ရယူရမည်။ ဂါလန် ၅၀၀နှင့်အောက်ရှိသော ပမာဏကို ဂါလန် ၂၀၀ ထက်မကျော်လွန်သည့် ထုပ်ပိုးထည့်သွင်းပစ္စည်းများတွင် ထည့်သွင်းထားရမည်။

၁၅။ (က) ဤအခန်းတွင် မည်သို့ပင်ပါရှိစေကာမူ ရောင်းချခြင်းမပြုဘဲ မိမိ၏ လက်ဝယ်တွင် ထားရှိလိုသူသည် စုစုပေါင်း ၆ ဂါလန်ထက် မပိုသော ဘေးအန္တရာယ်ရှိသောရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို လိုင်စင်ရယူခြင်းမပြုဘဲ ပြည်တွင်းသို့တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်းပြုနိုင်သည်။

(ခ) ဤပုဒ်မအရ လိုင်စင်ရယူခြင်းမရှိဘဲ လက်ဝယ်ထားရှိသည့် ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို အဖုံးလုံခြုံသည့် ဖန်ထည်၊ ကျောက်ထည် သို့မဟုတ် သတ္တုထုပ်ပိုးထည့်သွင်းပစ္စည်းတွင် ထည့်သွင်းထားသိုရမည်။ ဖန်ထည် သို့မဟုတ် ကျောက်ထည်ထုပ်ပိုးထည့်သွင်းပစ္စည်းတွင် ၀ ဒသမ ၂၅ ဂါလန် ပမာဏထက်မပိုစေရ။ သတ္တုထုပ်ပိုးထည့်သွင်းပစ္စည်းဖြစ်လျှင် ၅ ဂါလန်ပမာဏထက် မပိုစေရ။

၁၆။ (က) စက်အားသုံးယာဉ်မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ယူခြင်းဆိုင်ရာ တည်ဆဲဥပဒေအရ စက်အားသုံး ယာဉ်ပိုင်ရှင် သို့မဟုတ် ယင်း၏ ယာဉ်မောင်း၊ ရေယာဉ်မှူးနှင့် စက်ပိုင်ရှင်တို့သည် အောက်ပါဆောင်ရွက်မှုတစ်ခုခုအတွက် လိုင်စင်ရယူခြင်းမပြုဘဲ ဆောင်ရွက်ခွင့်ရှိသည်။

(၁) ယာဉ် သို့မဟုတ် အင်ဂျင်နှင့်တွဲလျက်ရှိသော မူလလောင်စာဆီတိုင်ကီတစ်ခုခုတွင်ပါရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်း၊

(၂) ပုဒ်မခွဲငယ်(၁)အရ လက်ဝယ်ထားရှိသော အရေအတွက်အပြင် ဂါလန် ၂၀ ပမာဏထက်မပိုသည့် ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်း၊

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)အရ လိုင်စင်မပါဘဲ သယ်ယူပို့ဆောင်သော သို့မဟုတ် သိုလှောင်သော ဘေးအန္တရာယ်ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပုဒ်မ ၄ အရ သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ထားသိုရမည်။

## အခန်း (၃)
## ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁၇။ (က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြောင်းလဲကျင့်သုံးလာသည့် ပုဂ္ဂလိကကဏ္ဍမှ ရေနံနှင့်ရေနံထွက်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ စနစ်တကျ ထိန်းသိမ်းကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ကော်မတီကို မိမိဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များကိုပြင်ဆင်ခြင်း၊ တိုးချဲ့သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုနိုင်သည်။

၁၈။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေနံနှင့်ရေနံထွက်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းတွင်သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို တရားဝင်လိုင်စင်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လုပ်ကိုင်စေရေးတို့အတွက် ထိန်းသိမ်းကြီးကြပ်ခြင်း၊

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အချင်အတွယ်ပြည့်မီမှန်ကန်စေရေး စိစစ်ထိန်းသိမ်းကြီးကြပ်ခြင်း၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီများ ဖွဲ့စည်းပေးခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်အတွက် လိုအပ်သည့်အချက်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်ဆပ်ကော်မတီများသို့ ထပ်ဆင့်ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခြင်း၊ ယင်းဆပ်ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို လိုအပ်သလိုပြင်ဆင်ခြင်း၊ တိုးချဲ့သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်း၊

(င) အရည်အသွေးစစ်ဆေးရန် ဓာတ်ခွဲခန်းများ သတ်မှတ်ပေးခြင်း၊

(စ) ကော်မတီကထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ၊ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

## အခန်း(၄)
## ရေနံနှင့်ရေနံထွက်ပစ္စည်းကို စမ်းသပ်ခြင်း

၁၉။ (က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရာရှိတစ်ဦးဦးအားဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းပြုလုပ်မည့် ရေနံနှင့်ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နမူနာရယူပြီး စမ်းသပ်စစ်ဆေးစေရမည်။

(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရာရှိတစ်ဦးဦးအားဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ ရေနံနှင့်ရေနံထွက်ပစ္စည်းကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုသည့် နေရာတစ်ခုခုကို ဝင်ရောက်စစ်ဆေးရန်နှင့် ထိုနေရာတွင်တွေ့ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်စစ်ဆေးစေရန် လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ဂ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) စမ်းသပ်ရန်အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းနမူနာယူခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(၂) ရယူသည့်နမူနာ၏ တန်ဖိုးအတွက်ငွေပေးချေမည့်ကိစ္စများနှင့် ငွေပေးချေမည့်နည်းလမ်းကို သတ်မှတ်ခြင်း၊

(၃) ဤပုဒ်မအရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့် အရာရှိများ၏ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း၊

(၄) ရေနံနှင့်ရေနံထွက်ပစ္စည်းများကို စမ်းသပ်ခြင်း၊ စစ်ဆေးခြင်းအတွက် ခွင့်ပြုမိန့်လိုင်စင်ထုတ်ပေးခြင်းနှင့် လိုင်စင်ပါစည်းကမ်းချက်များကို သတ်မှတ်ခြင်း။

၂၀။(က) ရေနံမီးလောင်မှတ်ကို သတ်မှတ်သည့် စံကိရိယာဖြင့် စမ်းသပ်အတည်ပြုရမည်။ ယင်းကိရိယာကို ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် အရာရှိထံတွင် အပ်နှံထားရမည်။

(ခ) ထိုကိရိယာအပေါ်တွင် “စမ်းသပ်မှုစံကိရိယာ”ဟု စာလုံးရေးထိုးထားရမည်ဖြစ်ပြီး ဤဥပဒေနှင့်အညီ အခါအားလျော်စွာ စစ်ဆေးအတည်ပြုခြင်း၊ မှန်ကန်အောင်ပြုလုပ်ခြင်းနှင့် လိုအပ်သည့်အခါ အစားထိုးလဲလှယ်ခြင်းပြုရမည်။

(ဂ) မည်သူမဆို သတ်မှတ်ထားသည့် အဖိုးအခပေးသွင်းသည့်အခါ စမ်းသပ်မှု စံကိရိယာဖြင့် စမ်းသပ်စစ်ဆေးပေးရမည်။

၂၁။ (က) အခြားကိရိယာတစ်ခုခုဖြင့် တိုင်းတာရရှိထားသော အချက်အလက်များကို ထပ်မံစမ်းသပ်စစ်ဆေးပေးရန်အတွက် ပုဒ်မ ၂၀ အရ တာဝန်ပေးအပ်ထားသောအရာရှိထံသို့ တင်ပြလာပါက သတ်မှတ်ထားသော စမ်းသပ်ခပေးသွင်းစေပြီး စမ်းသပ်မှုစံကိရိယာများနှင့် တိုင်းတာ၍ရရှိလာသည့် အချက်အလက်များကို စံသတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ဖော်ပြပေးရမည်။

(ခ) အကယ်၍ ကိရိယာတစ်ခုခုသည် သတ်မှတ်ထားသော ကန့်သတ်ချက်များအတွင်း စမ်းသပ်မှုစံကိရိယာနှင့် ကိုက်ညီကြောင်း တွေ့ရှိလျှင် ယင်းအရာရှိသည် ယင်းကိရိယာပေါ်တွင် အထူးနံပါတ်နှင့် တိုက်ဆိုင်စစ်ဆေးသည့်နေ့ရက်ကို ဖိနှိပ်ဖော်ပြပေးရမည်။ ထို့ပြင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသောပုံစံဖြင့် အဆိုပါနေ့ရက်တွင် ကိရိယာကို စမ်းသပ်မှုစံကိရိယာနှင့် နှိုင်းယှဉ်စစ်ဆေးခဲ့ရာ သတ်မှတ်ထားသော ကန့်သတ်ချက်များအတွင်း တူညီသည်ကို တွေ့ရှိရကြောင်း သို့မဟုတ် ကိရိယာနှင့် စမ်းသပ်စစ်ဆေးမှုရလဒ်များအရ မည်သည့်ပြုပြင်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်းများကို ဖော်ပြပြီး သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ဂ) ဤပုဒ်မအရ ထုတ်ပေးသော သက်သေခံလက်မှတ်သည် သတ်မှတ်သည့်ကာလအတွက်သာ တရားဝင်စေရမည်။

(ဃ) ဤပုဒ်မအရ ထုတ်ပေးသောသက်သေခံလက်မှတ်သည် သတ်မှတ်သက်တမ်းကာလအတွင်း ယင်းတွင်ဖော်ပြထားသော ကိစ္စတစ်ခုခုအတွက် အခြားနည်းသက်သေမတင်ပြနိုင်လျှင် မှန်ကန်သည်ဟု မှတ်ယူရမည်။

(င) ယင်းအရာရှိသည် ဤပုဒ်မအရ ယင်းကထုတ်ပေးသော သက်သေခံလက်မှတ်အားလုံးကို သတ်မှတ်သည့်ပုံစံဖြင့် မှတ်ပုံတင်ရေးသွင်းရမည်။

၂၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ အခြား အဖွဲ့အစည်းတစ်ခုခုကို ဖြစ်စေ ရေနံနှင့်ရေနံထွက်ပစ္စည်းကို စမ်းသပ်ရန်နှင့် ယင်းစမ်းသပ်မှုများ၏ရလဒ်ကို သက်သေခံလက်မှတ်ထုတ်ပေးရန် စမ်းသပ်ရေးအရာရှိအဖြစ် လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

၂၃။ ဤဥပဒေအရ ရေနံစမ်းသပ်မှုအားလုံးကို ပုဒ်မ ၂၁ အရ တရားဝင်သက်သေခံလက်မှတ်ရှိသည့် စမ်းသပ်မှုကိရိယာဖြင့် ပြုလုပ်ရမည်။ ထို့ပြင် ထိုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသော ပြုပြင်ရန်အချက်တစ်ခုခုကို လိုက်နာဆောင်ရွက်ရမည့်အပြင် ပုဒ်မ ၂၆ အရ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ (က) စမ်းသပ်သည့်အရာရှိသည် ရေနံနှင့်ရေနံထွက်ပစ္စည်းနမူနာများကို စမ်းသပ်ပြီးနောက် သတ်မှတ်ထားသည့်ပုံစံတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီမှု ရှိ မရှိ ဖော်ပြသည့် သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ခ) စမ်းသပ်သည့်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ်ကတောင်းဆိုပါက သတ်မှတ်ထားသည့် အဖိုးအခပေးသွင်းလျှင် သက်သေခံလက်မှတ်၏ မိတ္တူမှန်ထုတ်ပေးရမည်။ ယင်းမိတ္တူမှန်ကို တရားရုံးတစ်ခုခုတွင် သက်သေခံအဖြစ် တင်ပြနိုင်သည်။

(ဂ) ဤဥပဒေအရ အရေးယူသောအမှုအခင်းတစ်ခုခုတွင် ဤပုဒ်မအရ ထုတ်ပေးသော သက်သေခံလက်မှတ်ကို သက်သေခံအဖြစ် လက်ခံရမည်။ ထို့ပြင် ယင်းသက်သေခံလက်မှတ်တွင် ဖော်ပြချက်အပေါ် ဆန့်ကျင်ဘက်သက်သေခံချက် မတင်ပြနိုင်ပါက ယင်းသက်သေခံလက်မှတ်အား အပြီးသတ်အထောက်အထားအဖြစ် မှတ်ယူရမည်။

၂၅။ (က) စမ်းသပ်မှုရလဒ်ကို ကျေနပ်မှုမရှိသောပိုင်ရှင် သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် ယင်းရလဒ်ကို ရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း နမူနာအသစ်ထပ်မံယူ၍ ပုဒ်မ ၁၉ ပုဒ်မခွဲ(ခ)အရ လုပ်ပိုင်ခွင့်အပ်နှင်းခံရသည့်အရာရှိ သို့မဟုတ် အဖွဲ့အစည်းထံသို့ ပြန်လည်စမ်းသပ်စစ်ဆေးပေးပါရန် လျှောက်ထားနိုင်သည်။

(ခ) ထိုသို့လျှောက်ထားပြီး သတ်မှတ်ထားသောအဖိုးအခကို ပေးသွင်းပြီးသည့်အခါ ထိုပိုင်ရှင် သို့မဟုတ် ယင်း၏ ကိုယ်စားလှယ် ရှေ့မှောက်တွင် နမူနာအသစ်များကို ရယူစစ်ဆေးရမည်။

(ဂ) အကယ်၍ ထိုသို့ပြန်လည်စစ်ဆေးချက်အရ မူလစမ်းသပ်မှုသည် မှားယွင်းကြောင်း ပေါ်ပေါက်လျှင် စစ်ဆေးသည့်အရာရှိသည် ပုဒ်မ ၂၄ အရ ထုတ်ပေးထားသော မူလသက်သေခံလက်မှတ်ကို ပယ်ဖျက်၍ သက်သေခံလက်မှတ်အသစ်ပြုလုပ်ရမည်။ ထို့ပြင် ထိုပိုင်ရှင် သို့မဟုတ် ယင်း၏ကိုယ်စားလှယ်ကို သက်သေခံလက်မှတ်၏ မိတ္တူမှန်ကို အခမဲ့ထုတ်ပေးရမည်။

***(ဆက်လက်ဖော်ပြပါမည်)***

# မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

*(ယမန်နေ့မှ အဆက်)*

၁၀။ ပြည်ပမှ စင်းလုံးငှားရမ်းသည့် နိုင်ငံခြားသင်္ဘောကို မှတ်ပုံတင်ရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရာတွင် အောက်ဖော်ပြပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) ပုဒ်မ ၉ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့၌ ပါရှိသော အရည်အချင်းများနှင့် ကိုက်ညီရမည် ဖြစ်ခြင်း၊

(ခ) သင်္ဘောပိုင်ရှင်နှင့် သင်္ဘောစင်းလုံး ငှားရမ်းသူတို့သည် နှစ်ဖက်သဘောတူ သင်္ဘောစင်းလုံးငှားရမ်းခြင်း စာချုပ်ကို ဖြစ်စေ၊ လူမပါ သင်္ဘောငှားရမ်းခြင်း စာချုပ်ကိုဖြစ်စေ ချုပ်ဆိုပြီး ဖြစ်ခြင်း၊

(ဂ) သင်္ဘောကို မူလမှတ်ပုံတင်ထားသည့် နိုင်ငံ၏ အခွင့်အာဏာပိုင်ထံမှ သဘောတူညီချက်ရရှိပြီး ဖြစ်ခြင်း၊

(ဃ) သင်္ဘောကို ပေါင်နှံထားခြင်းရှိလျှင် သင်္ဘောအပေါင်ခံသူနှင့် သင်္ဘောပိုင်ရှင်တို့၏ သဘောတူညီချက်ရရှိပြီးဖြစ်ခြင်း၊

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) ပါ လိုအပ်ချက်များအပြင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အခြားအရည်အချင်းများနှင့် ပြည့်စုံသည့်သင်္ဘောဖြစ်ခြင်း။

၁၁။ (က) မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားတို့ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အကျိုးတူ ဖက်စပ်ကုမ္ပဏီပိုင်သင်္ဘောကို မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် လျှောက်ထားရာတွင် အောက်ဖော်ပြပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(၁) နိုင်ငံတော်တွင် ကုမ္ပဏီ၏ ပင်မရုံး သို့မဟုတ် ရုံးခွဲ တည်ထောင်ဖွင့်လှစ်ထားပြီး ဖက်စပ်ကုမ္ပဏီပိုင်သော သင်္ဘောဖြစ်ခြင်း၊

(၂) ပုဒ်မ ၉ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့၌ပါရှိသော မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် လိုအပ်သည့် အရည်အချင်းများနှင့် ကိုက်ညီရမည်ဖြစ်ခြင်း၊

(၃) အကျိုးတူ ဖက်စပ်ကုမ္ပဏီပိုင်သင်္ဘော၏ ပိုင်ဆိုင်မှုအစုရှယ်ယာ အချိုးအစားကို ဖော်ပြထားခြင်း၊

(၄) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများကိုလည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်သည့် မှတ်ပုံတင် စည်းကမ်းချက်များကို လည်းကောင်း လိုက်နာနိုင်ခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၃) ပါ သင်္ဘောပိုင်ဆိုင်မှု အချိုးအစားကို အစုရှယ်ယာ ၆၄ စု အပေါ်အခြေခံ၍ သတ်မှတ်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစုရှယ်ယာ ပိုင်ဆိုင်မှုအချိုးအစားကို ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၂။ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းပိုင် သင်္ဘောကို မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် ဦးစီးဌာနသို့ လျှောက်ထားရာတွင် အောက်ဖော်ပြပါ အရည်အချင်းများ၊ လိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့၌ ပါရှိသော မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် လိုအပ်သည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ -

(၁) နိုင်ငံခြားကုမ္ပဏီအဖြစ် နိုင်ငံတော်တွင် မှတ်ပုံတင်ပြီး နိုင်ငံတော်တွင် ကုမ္ပဏီပင်မရုံး တည်ထောင်ဖွင့်လှစ်ပြီး ဖြစ်ခြင်း၊

(၂) နိုင်ငံခြားကုမ္ပဏီ၏ ရုံးခွဲကို နိုင်ငံတော်တွင် မှတ်ပုံတင်၍ တည်ထောင်ဖွင့်လှစ်ပြီး နိုင်ငံတော်တွင် အမြဲတမ်းဌာနေ ကိုယ်စားလှယ် ခန့်ထားပြီး ဖြစ်ရမည်။

(ဂ) သင်္ဘောကုမ္ပဏီမှာ သတ်မှတ်ထားသော အနည်းဆုံး မတည်ငွေရင်း ထည့်ဝင်ပြီး ဖြစ်သည့်အပြင် သတ်မှတ်ထားသော မတည်ငွေရင်း ပမာဏကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဘဏ်တွင် ငွေစာရင်းဖွင့်၍ အပ်နှံထားရမည်။

(ဃ) ဦးစီးဌာနက သတ်မှတ်သော မှတ်ပုံတင် စည်းကမ်းချက်များကို လိုက်နာရမည်။

**အခန်း (၆)**

**သင်္ဘော၏ အမှတ်အသားများ**

၁၃။ (က) ပြည်တွင်းရေကြောင်းသွား သင်္ဘောများနှင့် သင်္ဘောငယ်များမှတစ်ပါး ကျန်သင်္ဘောများသည် မှတ်ပုံမတင်မီ သင်္ဘောတွင် ထင်ရှားပေါ်လွင်ပြီး ကောင်းစွာမြင်နိုင်သည့် ပုံသေအမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ပြည်တွင်းရေကြောင်းသွား သင်္ဘောများနှင့် သင်္ဘောငယ်များသည် မှတ်ပုံမတင်မီဦးစီးဌာနက သတ်မှတ်သည့်အတိုင်း သင်္ဘောပေါ်တွင် ထင်ရှားပေါ်လွင်ပြီး ခိုင်မြဲသည့် အမှတ်အသားများကို ပြုလုပ်ရမည်။

**အခန်း (၇)**

**အသစ်တည်ဆောက်မည့် သင်္ဘောများကို မှတ်ပုံတင်လျှောက်ထားခြင်း**

၁၄။ ဦးစီးဌာနသည်-

(က) သင်္ဘောအသစ် တည်ဆောက်ခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ထုတ်ပြန်ရမည်။

(ခ) သင်္ဘောတည်ဆောက်ခွင့် လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သင်္ဘောတည်ဆောက် ခွင့်ပြုချက်ကို ထုတ်ပေးနိုင်သည်။

(ဂ) တည်ဆောက်ခွင့်ပြုချက် လျှောက်ထားရန်မလိုသော သင်္ဘောအမျိုးအစားများကို သတ်မှတ်ထုတ်ပြန်နိုင်သည်။

(ဃ) မည်သည့် တည်ဆောက်ဆဲသင်္ဘောကိုမဆို သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ မရှိ စစ်ဆေးနိုင်သည်။

၁၅။ မှတ်ပုံတင်ရန် တာဝန်ရှိသည့် သင်္ဘောအသစ်တည်ဆောက်ရာတွင် သင်္ဘောပိုင်ရှင်သည်-

(က) တည်ဆောက်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ထားချက်နှင့်အညီ ကြိုတင် လျှောက်ထားရမည်။

(ခ) ဦးစီးဌာနမှထုတ်ပေးသည့် တည်ဆောက်ခွင့်ပြုချက်ရရှိမှသာသင်္ဘော တည်ဆောက်ခြင်း ပြုရမည်။

(ဂ) ဦးစီးဌာနက ထုတ်ပြန်ထားသော သင်္ဘောအသစ်တည်ဆောက်ခြင်းနှင့်ဆိုင်ရာ သတ်မှတ်ချက်များအား လိုက်နာရမည်။

**အခန်း (၈)**

**မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်း**

၁၆။ (က) ဤဥပဒေအရ မှတ်ပုံတင်ရန် တာဝန်ရှိသည့် သင်္ဘောပိုင်ရှင်သည် ပုဒ်မ ၉ ၌ ပါရှိသော မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် ရေယာဉ်အမျိုးအစားနှင့် အရွယ်အစားအလိုက် လျှောက်ထားရမည့် နေရာဒေသတို့ကို သတ်မှတ်ရမည်။

၁၇။ မှတ်ပုံတင်ရန် လျှောက်ထားသည့် မည်သူမဆို အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည် -

(က) မှတ်ပုံတင်လက်မှတ် လျှောက်ထားသည့် အချိန်တွင် နိုင်ငံခြားတိုင်းပြည် တစ်ခုခုရှိ ဆိပ်ကမ်းသို့ ရောက်ရှိနေသော သင်္ဘော၊

(ခ) သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာကို ဖြစ်စေ ရောင်းချရန် သဘောတူ စာချုပ်အရ သင်္ဘောကို နည်းလမ်းတကျလွှဲပြောင်းရောင်းချမှုကို ဆောင်ရွက်နေသည့် သင်္ဘော၊

(ဂ) နိုင်ငံခြားတွင် မှတ်ပုံတင်ခဲ့သည့် သင်္ဘောပိုင်ရှင်က ၎င်း၏ နိုင်ငံခြား မှတ်ပုံတင် စွန့်လွှတ်ချက်အပေါ် အခွင့်ရအာဏာပိုင်၏ သဘောတူညီချက်ဖြင့် ထိုမှတ်ပုံတင် ပယ်ဖျက်ထားဆဲဖြစ်သော သင်္ဘော၊

(ဃ) မှတ်ပုံတင်ရာတွင် ဖော်ပြရန် လိုအပ်သည့် လွှဲပြောင်းခြင်းခံရသူ၏ အမည်နှင့် အခြားအချက်အလက်များ ပြောင်းလဲပြင်ဆင်ခြင်း၊ ပြုလုပ်နေဆဲဖြစ်သော သင်္ဘော၊

(င) မှတ်ပုံတင်ရန် လိုအပ်သည့် တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ တိုင်းတာစစ်ဆေးချက် လက်မှတ်အတွက် သင်္ဘောကို တိုင်းတာစစ်ဆေးချက်များ ပြုလုပ်ဆဲသင်္ဘော။

၁၈။ ဤဥပဒေအရ မည်သူမဆို မှတ်ပုံတင်ရန် တာဝန်ရှိသော သင်္ဘောကိုဖြစ်စေ၊ မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ရန် လျှောက်ထားသော သင်္ဘောကိုဖြစ်စေ မှတ်ပုံတင်ရန် ဦးစီးဌာနသို့ လျှောက်ထားသည့်အခါ အောက်ပါ သက်သေခံ အထောက်အထား စာတမ်းအမှတ်အသားများကို ပူးတွဲ၍ တင်ပြရမည် -

(က) အစိုးရ သင်္ဘောမှတစ်ပါး အခြားသင်္ဘောဖြစ်လျှင် သင်္ဘော၏ ပိုင်ရှင်ဖြစ်ကြောင်း ကြေညာချက်၊

(ခ) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံကြောင်း ကြေညာချက်၊

(ဂ) သင်္ဘောတည်ဆောက်ခြင်းနှင့် သင်္ဘော၏လုံးပေါင်းတန်ချိန်တို့နှင့် သက်ဆိုင်သည့် စာချုပ်နှင့်အတူ -

(၁) တည်ဆောက်သူက သက်သေခံ လက်မှတ်ရေးထိုး ထုတ်ပေးထားသည့် သင်္ဘောဒီဇိုင်း၊ ရေးဆွဲချက် အတိုင်းအတာ ပမာဏ၊ အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ တည်ဆောက်သည့် နေရာ၊ နေ့ရက်နှင့် ကာလတို့အပြင် သင်္ဘောတည်ဆောက်မှုနှင့် ဆိုင်သည့် အခြားအချက်အလက် အထောက်အထား၊ စာတမ်းအမှတ်အသားများ၊

(၂) တိုင်းတာစစ်ဆေးရေးမှူးက ထုတ်ပေးထားသည့် သင်္ဘော၏ လုံးပေါင်းတန်ချိန်နှင့် လုံးပေါင်းတန်ချိန် သက်သေခံလက်မှတ်။

(၃) သင်္ဘောအသစ်များအတွက် ဦးစီးဌာနမှ ထုတ်ပေးသော တည်ဆောက်ခွင့်ပြုချက် အထောက်အထား။

(ဃ) သင်္ဘောပိုင်ရှင်၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊ သင်္ဘောပိုင်ရှင်မှာ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏အမည်၊ မှတ်ပုံတင်အမှတ်နှင့် ရက်စွဲ၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း မိတ္တူ၊ ခွင့်ပြုမတည်ငွေရင်း၊ ထည့်ဝင်ပြီး မတည်ငွေရင်း၊ အစုရှယ်ယာဝင်များ၏ ပိုင်ဆိုင်မှုအချိုး၊ ကုမ္ပဏီ၏ ပင်မရုံးနှင့်ရုံးခွဲတို့၏ နေရပ်လိပ်စာ၊

(င) သင်္ဘောအား ရောင်းချခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းရှိပါက ထိုလွှဲပြောင်းသည့်စာချုပ်၊

(စ) သင်္ဘောကို နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားခဲ့ဖူးပါက ထိုမှတ်ပုံတင်ကို ပယ်ဖျက်ပြီးကြောင်း အထောက်အထား စာတမ်း အမှတ်အသား၊

(ဆ) လျှောက်ထားသူ ပုဂ္ဂိုလ်အနေဖြင့် ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ၊ လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့က ကိုယ်စားဆောင်ရွက်ရန် လွှဲအပ်သည့် ရုံးတံဆိပ် ရိုက်နှိပ်ထားသော အထောက်အထား၊

(ဇ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အခြားအရည်အချင်းများနှင့် ပြည့်စုံသည့် သင်္ဘောဖြစ်ကြောင်း အထောက်အထားများ။

၁၉။ စင်းလုံးငှားရမ်းခြင်း စာချုပ်အရ ဖြစ်စေ၊ လူမပါ စင်းလုံးငှားရမ်းခြင်း စာချုပ်အရ ဖြစ်စေ ငှားရမ်း၍ မြန်မာ့ရေပြင်၌သော်လည်းကောင်း၊ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်၌ သော်လည်းကောင်း အသုံးပြုရန် အလို့ငှာ သင်္ဘောပိုင်ရှင်နှင့် သင်္ဘောစင်းလုံးငှားရမ်းသူတို့က သင်္ဘောကို မှတ်ပုံတင်ရန် ဦးစီးဌာနသို့ လျှောက်ထားသည့်အခါ အောက်ပါသက်သေခံ အထောက်အထား စာတမ်းအမှတ်အသားများကို ပူးတွဲ၍ တင်ပြရမည် -

(က) သင်္ဘောစင်းလုံး ငှားရမ်းခြင်းစာချုပ် သို့မဟုတ် လူမပါ သင်္ဘောစင်းလုံး ငှားရမ်းခြင်းစာချုပ်နှင့် အစိုးရသင်္ဘောမှတစ်ပါး အခြားသင်္ဘောဖြစ်လျှင် ယင်းသင်္ဘော၏ ပိုင်ရှင်ဖြစ်ကြောင်း ကြေညာချက်၊

(ခ) သင်္ဘောပိုင်ရှင်နှင့် သင်္ဘောစင်းလုံးငှားရမ်းသူတို့၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်နှင့် အီးမေးလ်လိပ်စာများ၊

(ဂ) သင်္ဘောစင်းလုံးငှားရမ်းသည့် စာချုပ်သက်တမ်း၊ စတင်ငှားရမ်းသည့် နေ့ရက်နှင့် ကုန်ဆုံးမည့်နေ့ရက်၊

(ဃ) သင်္ဘောကို မှတ်ပုံတင်ထားသည့် နိုင်ငံရှိ အခွင့်အာဏာပိုင်နှင့် မှတ်ပုံတင် အရာရှိတို့၏ သဘောတူညီချက် အထောက်အထား၊

(င) သင်္ဘောအား ရောင်းချခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းရှိပါက ထိုလွှဲပြောင်းသည့် စာချုပ် (ရှိလျှင်)၊

(စ) ပင်လယ်ရေကြောင်းသွား သင်္ဘောများအတွက် ရေကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရေးကိုလည်းကောင်း၊ သင်္ဘောသားများအတွက် ထောက်ပံ့ပစ္စည်းများနှင့် သက်သာချောင်ချိရေး ကိစ္စများကိုလည်းကောင်း စီစဉ်ထားရှိပြီးကြောင်း ဦးစီးဌာနက တာဝန်ပေးသည့် တိုင်းတာစစ်ဆေးရေးမှူး၏ စစ်ဆေးချက် လက်မှတ် (Certificate of Survey)သို့မဟုတ် ဦးစီးဌာနက လက်ခံအသိအမှတ်ပြုသော နိုင်ငံခြားတိုင်းပြည်မှ တိုင်းတာစစ်ဆေးရေးမှူး၏ စစ်ဆေးချက်လက်မှတ်နှင့် အထောက်အထားများ၊

(ဆ) ပြည်တွင်းသို့ စင်းလုံးငှားရမ်းခြင်းဖြစ်လျှင် နိုင်ငံခြားသင်္ဘောအဖြစ် မှတ်ပုံတင်ထားသည့် မှတ်ပုံတင်လက်မှတ် မိတ္တူမှန်၊

(ဇ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) ပါ သင်္ဘောတည်ဆောက်ခြင်းနှင့် သင်္ဘော၏ လုံးပေါင်းတန်ချိန်တို့နှင့် သက်ဆိုင်သည့် စာချုပ်နှင့်အတူ တည်ဆောက်သူက သက်သေခံ လက်မှတ်ရေးထိုးထုတ်ပေးထားသည့် အထောက်အထားနှင့် စာတမ်းအမှတ်အသားများ၊

(ဈ) လျှောက်ထားသူ ပုဂ္ဂိုလ်အနေဖြင့် ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ၊ လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့က ကိုယ်စားဆောင်ရွက်ရန် လွှဲအပ်သည့် ရုံးတံဆိပ် ရိုက်နှိပ်ထားသော အထောက်အထား၊

(ည) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အခြားအရည်အချင်းနှင့် ပြည့်စုံသည့် သင်္ဘောဖြစ်ကြောင်း အထောက်အထားများ။

၂၀။ ဦးစီးဌာနသည် -

(က) မှတ်ပုံတင်လက်မှတ် လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိကို စစ်ဆေးစေပြီး ယင်း၏ သဘောထားမှတ်ချက်ဖြင့် တင်ပြစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်အရာရှိ၏ တင်ပြချက်အပေါ် စိစစ်သုံးသပ်ပြီး -

(၁) မှတ်ပုံတင်ရန် ခွင့်မပြုသင့်ကြောင်း တွေ့ရှိပါက မှတ်ပုံတင်ရန် ငြင်းပယ်နိုင်သည်။

(၂) မှတ်ပုံတင်ရန် ခွင့်ပြုသင့်ကြောင်း တွေ့ရှိရသော်လည်း သတ်မှတ်ထားသည့် အရည်အချင်းများနှင့် သက်သေခံလက်မှတ်များ ပြည့်စုံခြင်းမရှိသေးပါက ယာယီ မှတ်ပုံတင် လက်မှတ်ထုတ်ပေးရန်လည်းကောင်း၊ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် သက်သေခံလက်မှတ်များ ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စည်းကမ်းချက်များဖြင့် မှတ်ပုံတင်ခွင့်ပြုရန်လည်းကောင်း မှတ်ပုံတင်အရာရှိအား ညွှန်ကြားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရှမ်းပြည်နယ် လားရှိုး နှင့် တောင်ကြီးတွင် ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်မည်ဖြစ်သဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များအား ပြောင်းလဲမည်

**ရန်ကုန်၊ မြန်မာ၊ ၂၀၁၆ ခုနှစ် ဇွန်လ ၀၁ ရက်** - မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန် ရှမ်းပြည်နယ် လားရှိုးအိတ်ချိန်းနယ်မြေအတွင်းနှင့် တောင်ကြီးအိတ်ချိန်းနယ်မြေအတွင်းတွင် ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်ဖြစ်သဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များကို ပြောင်းလဲသွားမည်ဖြစ်ပါသည်။ ပြောင်းလဲမည့်နေ့ရက်နှင့် တယ်လီဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ဧရိယာ | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် | ရက်စွဲ |
|---|---|---|---|
| လားရှိုး အိတ်ချိန်း ဧရိယာ (ရှမ်းပြည်မြောက်ပိုင်း) | ၀၈၂-၂၂××× <br> ၀၈၂-၂၃××× <br> ၀၈၂-၂၄××× | ၀၈၂-၂၂၀၂××× <br> ၀၈၂-၂၂၀၃××× <br> ၀၈၂-၂၂၀၄××× | ဇွန်လ ၁၀ ရက်၊ ၂၀၁၆ |
| တောင်ကြီး အိတ်ချိန်း ဧရိယာ (ရှမ်းပြည်တောင်ပိုင်း) | ၀၈၁-၂၀×××× | ၀၈၁-၂၁၃×××× | ဇွန်လ ၁၇ ရက်၊ ၂၀၁၆ |

အဆိုပါ နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ပြောင်းလဲစဉ်ကာလအတွင်းတွင် MPT ၏ ဝန်ဆောင်မှုကို အသုံးပြုနေသူများအနေဖြင့် ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ယခု ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**



**မြန်မာ့သစ်လုပ်ငန်း**
**ဘွိုင်လာမီးတိုက်လေလံတင်ရောင်းချရန်**

## ကြော်ငြာခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ အမှတ် (၅၂) သစ်စက်သို့ ပူးပေါင်းထားသော အမှတ် ၂၁ သစ်စက်၊ ကွဲရှင်းရှိ ဘွိုင်လာမီးတိုက်အား ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်နေရာ** - လက်ထောက်အထွေထွေမန်နေဂျာ (ရောင်း/စက်မှုူ)ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
(ခ) **လေလံတင်ရောင်းချမည့်ရက်/အချိန်** - ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီ
(ဂ) **လေလံပုံစံရောင်းချမည့်ရက်** - ၂-၆-၂၀၁၆ရက်မှ ၁၅-၆-၂၀၁၆ရက်၊ ညနေ ၁၆း၃၀နာရီထိ

